



# အောင်သင်း

# အတွေ့အကြုံ နှင့် အတွေးအကြံ

အသစ်ထပ်မံ ဖြည့်စွက်ချက်များနှင့်အတူ
ဒုတိယအကြိမ် ထုတ်ဝေခြင်း



Than
Myint
Aung

## [illegible]

- ပြည်ထောင်စု မပြိုကွဲရေး 　　　　　 ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး 　　　　　 ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး 　　　　　 ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**စာမူ ခွင့်ပြုချက် အမှတ်**

၆၃၆/ ၂၀၀၄ (၇)

**မျက်နှာဖုံး ခွင့်ပြုချက် အမှတ်**

၆၆၂/ ၂၀၀၄ (၈)

**ပုံနှိပ်ခြင်း**

၂၀၀၄ - ခုနှစ်၊ နိုဝင်ဘာလ၊
ဒုတိယအကြိမ်၊ အုပ်ရေ - ၁၀၀၀။

**မျက်နှာဖုံး ဒီဇိုင်း**

ပန်းချီ သန်းမြင့်အောင်

**တန်ဖိုး**

၅၀၀ - ကျပ်

**မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ**

ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်း ပုံနှိပ်တိုက်၊
အမှတ်(၂၂၄)၊ လမ်း-၄၀၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးဝင်းသိန်းဦး (မြ-၀၃၈၉၆)
Future Publishing House
အမှတ်(၅၂-က)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းဖလင်**

ကိုသစ် (အေ-ဇက်)

# အတွေ့အကြုံ
# နှင့်
# အတွေးအကြံ

## အောင်သင်း

**FUTURE**

**Publishing House**

No.52(A),Ground Floor, 12th Street,
Lanmadaw Twonship, Yangon.
Ph:(01) 224431

# Future Publishing House

| | | |
|---|---|---|
| ၁။ | တက်တိုး | မိမိအပေါ်မိမိ သစ္စာရှိခြင်း |
| ၂။ | အောင်သင်း | စာစီစာကုံးများနှင့် တွေးနည်းရေးနည်း |
| ၃။ | အောင်သင်း | မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက် |
| ၄။ | အောင်သင်း | မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက် |
| ၅။ | အောင်သင်း | ကမ္ဘာ့ပြဿနာ ရှင်းတဲ့နေ့ |
| ၆။ | အောင်သင်း | ပေးသူနှင့်ယူသူ |
| ၇။ | အောင်သင်း | ခေတ်သစ်ကမ္ဘာအတွက် ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု |
| ၈။ | အောင်သင်း | ကန့်ကူလက်လှည့် |
| ၉။ | အောင်သင်း | အတွေ့အကြုံနှင့် အတွေးအကြံ |
| ၁၀။ | လူထုစိန်ဝင်း | မန်နေဂျာကောင်းဆိုတာ |
| ၁၁။ | လူထုစိန်ဝင်း | အလင်းတန်း ဆောင်းပါးများ |
| ၁၂။ | လူထုစိန်ဝင်း | လူငယ်နဲ့ တာဝန်ယူစိတ် |
| ၁၃။ | ဝင်းငြိမ်း | စာပေလူကြမ်းမင်းသား အောင်သင်းနှင့် တွေ့ဆုံပေးခြင်း |
| ၁၄။ | ညွန့်ဝေမိုး | ကုမ္ပဏီအတွင်းရေးမှူးများအတွက် အင်္ဂလိပ်စာ |
| ၁၅။ | မောင်မောင်မြင့်သိန်း | အင်္ဂလိပ်စာတိုးတက်ရေး နည်းလမ်းကောင်းများ |
| ၁၆။ | မောင်မောင်မြင့်သိန်း | ကွန်ပျူတာသုံးစွဲသူတိုင်းအတွက် အင်္ဂလိပ်စာ |
| ၁၇။ | ဝင်းသိန်းဦး | ကျွန်ုပ်တို့ အမှန်တကယ် ယဉ်ကျေးကြပြီလော |
| ၁၈။ | ဝင်းသိန်းဦး | ရှေးဘဝ နောက်ဘဝ ဗုဒ္ဓ မဝေဖန် |
| ၁၉။ | ဝင်းသိန်းဦး | မင်္ဂလာရှိသော မန်နေဂျာ |
| ၂၀။ | ဝင်းသိန်းဦး | ဘဝခရီးဂင်္ဂါမှ အောင်မြင်မှုသမုဒ္ဒရာသို့ |

# မာတိကာ


| | | |
|---|---|---|
| | အောင်သင်း၏ ထူးခြားသောရက်စွဲများ | ၆ |
| ၁။ | အတွေ့အကြုံနှင့် အတွေးအကြံ | ၉ |
| ၂။ | ခွန်အားစွမ်းပကား ကြီးသောသူ | ၂၂ |
| ၃။ | ခါးရာမှချို | ၃၇ |
| ၄။ | လူပျိုသိုး နာမည်ပျက်ခဲ့ရခြင်း (၁) | ၄၄ |
| ၅။ | လူပျိုသိုး နာမည်ပျက်ခဲ့ရခြင်း (၂) | ၅၂ |
| ၆။ | နှလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ | ၆၂ |
| ၇။ | ရိုးဖြောင့်မှု အရင်းအနှီး | ၇၉ |
| ၈။ | အတွေးအမြင် သဘောထားကြီးရင့်မှု | ၈၉ |
| ၉။ | လူငယ့်ဗွဲ့နှင့် ကျွန်ပညာ | ၁၀၂ |
| ၁၀။ | ကထာဝတ္ထု | ၁၁၁ |
| ၁၁။ | တရားကျခြင်းနှင့် နားချခြင်း | ၁၂၆ |
| ၁၂။ | ရှင်သာရိပုတြာ၏ ဝေဖန်ရေးပဋိသိ | ၁၃၅ |
| ၁၃။ | စာကြည့်သင်း ယဉ်ကျေးမှုသို့ | ၁၆၃ |

# အောင်သင်း၏
# ထူးခြားသောရက်စွဲများ

၁၉၂၇ ဧပြီလ (၁၇) ရက်နေ့တွင် တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်၌ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့၏ သားသမီးသုံးယောက် အနက် အကြီးဆုံး ဖြစ်သည်။

၁၉၃၂ ■ မူလတန်းကို တောင်ပြင်ရပ်၌ ဆရာ ဦးသာဒွန်းဇံ၏ကျောင်းတွင် စာစသင်သည်။ စတုတ္ထတန်း အောင်ပြီးနောက် တောင်တွင်းကြီးမြို့မိုးထိ မြန်မာအထက်တန်းကျောင်း၌ အလယ်တန်းပညာ သင်သည်။

၁၉၃၈ ■ ကျောင်းသား သပိတ်နှင့် ကြုံသည်။ မိခင်ကွယ်လွန်သည်။

၁၉၄၁ ■ ရှင်သာမဏေဝတ်သည်၊ သာမဏေဘဝနှင့် ပညာသင်စဉ် ဒုတိယကမ္ဘာစစ် ဖြစ်၍ သာမဏေမှ ထွက်သည်။

၁၉၄၇ ■ ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ခဲ့သည်။ ဆိုရှယ်လစ်ပါတီတွင် သင်တန်းများတက်၍ ခရိုင်စည်းရုံးရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ■ ရောင်စုံသူပုန် ပေါ်ပေါက်လာ၍ ရဲဘော်ဖြူ၏ ဖမ်းဆီးခြင်းခံရပြီး မကွေးထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်တွင် နေခဲ့ရသည်။

၁၉၅၂ ■ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။

၁၉၅၃ ■ အောက်တိုဘာလတွင် မိုးထိ အလက၌ အလယ်တန်းပြ ဆရာအဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၆ ■ အလုပ်မှထွက်၍ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်း စတင်တက်သည်။

၁၉၅၈ ■ ရန်ကုန်တက္ကသိုလ် တက်ခဲ့သည်။ မေ (၂၉) တွင် ဒေါ်တင်တင်ကြိုင်နှင့် အိမ်ထောင်ပြုခဲ့သည်။

၁၉၆၀ ■ ဝိဇ္ဇာတန်း အောင်သည်။

၁၉၆၁ ■ မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်း ဝင်ခွင့်စာမေးပွဲ အောင်မြင်ခဲ့သည်။

၁၉၆၂ ■ ရန်ကုန်တက္ကသိုလ်၌ နည်းပြ ဖြစ်သည်။

၁၉၆၃ ■ မော်လမြိုင် ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရသည်။

၁၉၆၅ ■ ပြင်ဦးလွင် စစ်တက္ကသိုလ် မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၇၀ ■ ရန်ကုန်တက္ကသိုလ် ပြန်ပြောင်းသည်။ မဟာဝိဇ္ဇာတန်း တက်ရောက် သင်ကြားခဲ့သည်။

၁၉၇၄ ■ ဝတ္ထုတို လေ့လာချက်စာတမ်းပြုစုပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့် အောင်မြင်သည်။

၁၉၇၉ ခုနှစ် နောက်ပိုင်း ■ အလွတ်နည်းပြတန်းများတွင် မြန်မာစာသင်ပေးခြင်း၊ စာပေရေးသားခြင်းနှင့် အသက်မွေးခဲ့သည်။

ယနေ့အထိ ရန်ကုန်မြို့ စမ်းချောင်း၊ ဓမ္မိကဝတီလမ်း အိမ်အမှတ် (၄၆) တွင် ဇနီးဖြစ်သူ ဒေါ်တင်တင်ကြိုင်၊ သားသမီး၊ မြေးများနှင့်အတူ ချမ်းမြေ့စွာ နေထိုင်ပြီး စာသင်ပေးခြင်း၊ စာရေးခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို လုပ်ကိုင်လျက်ရှိသည်။ ။

# အတွေ့အကြုံနှင့် အတွေးအကြံ

ကျွန်တော်၏ စာပေရေးရာ ဆောင်းပါးများ စာအုပ်တွင် ဆောင်းပါးများကို ကဏ္ဍလေးခု ခွဲထားခဲ့ရာ 'အတွေးနှင့် အတွေ့' ဟူသော ကဏ္ဍအတွက် အဖွင့်စကားတို ကလေးမှာ -

**အတွေ့ကို အခြေခံ၍ အတွေးကို ပြုရသည်။ တစ်ဖန် အတွေးကိုအခြေခံ၍ အတွေ့ကို ပြုကြရပြန်သည်။ တစ်ဖန် အတွေ့ကိုအခြေခံ၍ -**

ဟူ၍ ဖြစ်ပါသည်။ ယခု ပြန်ပြီး ဖတ်ကြည့်လိုက်သောအခါတွင်လည်း ထိုစကားစုကို နှစ်သက်နေမြဲပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင်လည်း 'အတွေ့အကြုံကို အခြေခံ၍ အတွေးအကြံကို ပြုလျက်' စသည်အားဖြင့်လည်း ကျွန်တော် ရေးမိတတ်ပါသည်။

ကျွန်တော်၏ ခေါင်းထဲသို့ မကြာခဏဝင်ရောက်တတ်သည်မှာ သစ်သော့သီးတစ်လုံး ကြွေကျသည်ကို တွေ့လိုက်ရသောကြောင့် "ကျတယ် ဆိုတာ

ဘာလဲ ၊ ဘာကြောင့် ကျလာရသလဲ” စသည်ဖြင့် တွေးတောကြံစည်ရာမှ ကမ္ဘာကြီး၏ဆွဲငင်အား အကြောင်းကို ထုတ်ဖော်လိုက်နိုင်သော သိပ္ပံပညာရှင်ကြီး နျူတန်၏ အကြောင်းပင် ဖြစ်ပါသည်။ သစ်သော့သီး ကြွေသည်ကို ကမ္ဘာဦးကစပြီး လူတို့တွေ့ကြုံခဲ့ကြရဖူး သော်လည်း သူ့လိုမည်သူမျှ မစဉ်းစားဖူးခဲ့ကြဟု ဆိုကြ ရပါတော့မည်။

အတွေ့အကြုံတွေ မည်မျှပင် ကြီးမားများပြား နေစေဦးတော့ ထိုအတွေ့အကြုံ၌ အတွေးအကြံ မပြု လျှင် တစ်ပါးလူသားတို့အတွက် (ဝါ) လောကအတွက် ဘာမျှ အကျိုးကျေးဇူးမများနိုင်ဟု ထင်မိပါသည်။ အတွေ့ အကြုံ အတန်အသင့် နည်းပါးစေဦးတော့ အတွေးအကြံ ဘက်၌ လေးနက်စူးရှလျှင် ထိုသူတို့၏ အတွေးအကြံ သည် လူ့လောကကို အကျိုးပြုတတ်မြဲ ဖြစ်သည်ဟု ဆိုသင့်ပါသည်။ ပညာရှင်ဆိုသည်မှာ ထိုကဲ့သို့သောသူမျိုး ကိုပင် ဆိုလိုသည်ဟုလည်း အထင်ရောက်မိပါသည်။

ကျွန်တော် ဤကဲ့သို့ နိဒါန်းပျိုးနေခြင်းမှာ “အတွေ့အကြုံမှ အတွေးအကြံသို့” ရောက်ခြင်းနှင့် ပတ်သက်၍ ပြောလို၍သာ ဖြစ်ကြောင်းကို စာဖတ် သူတို့ သိနေလောက်ပါပြီ။ မှန်ပါသည်။ **“လောကစမ္ပ ထုံးပေါင်းစာတမ်း”** ပြုစုခဲ့သော **“မဟာအတုလ**

**ဆရာတော်"** ၏ အတွေးအကြံများကို တင်ပြလိုသောကြောင့် ဖြစ်ပါသည်။

အတွေ့အကြုံဆိုသည်မှာ မိမိကိုယ်တိုင် တွေ့ကြုံခံစားရသည်လည်း ရှိသည်။ သူတစ်ပါး၏ အတွေ့အကြုံကို သိရှိ မှတ်သားလိုက်ရသော အတွေ့အကြုံလည်း ရှိပါသည်။ သူတစ်ပါး၏ အတွေ့အကြုံများ၌ပင်လျှင် မိမိ၏ခေတ်ပြိုင် လူပုဂ္ဂိုလ်တို့၏ အတွေ့အကြုံနှင့် သမိုင်းထဲတွင်သာ တွေ့နိုင်တော့သော ရှေးကလူသူပုဂ္ဂိုလ်တို့၏ အတွေ့အကြုံဟူ၍ ရှိပါသေးသည်။

ဆရာတော်၏ "လောကဓမ္မ ထုံးပေါင်းစာတမ်း" ကို ရုတ်တရက် ရှာဖွေဖတ်ရှုနိုင်ရန် မလွယ်သော်လည်း ကောက်နုတ်ချက် အချို့ကိုမူကား အလွယ်တကူ တွေ့နိုင်ပါသည်။ "အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ" မှ ထုတ်ဝေသော "ဒသမတန်း၊ ပင်ရင်းမြန်မာစကားပြေ လက်ရွေးစင်" တွင် "ကုန်းဘောင်နီတိ" ဟူသော ခေါင်းစဉ်ဖြင့် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် နီးရာဆယ်တန်းကျောင်းသား တစ်ယောက်ယောက်ထံမှ ဆွဲယူပြီး ကောက်နှုတ်ချက်များကို မြည်းစမ်းကြည့်လိုက်နိုင်ပါသည်။

ဆရာတော်၏ အရေးအသားလေသံကို သေချာ ဖတ်ကြည့်လိုက်ပြီးနောက် ကျွန်တော့် စိတ်ထဲတွင် ဆရာတော်သည် အလွန်စူးရှ ထက်မြက်သော ဉာဏ် လည်း ရှိဟန်တူသည်။ စိတ်လည်း တိုတတ်ဟန်ရှိသည်။ အထူးသဖြင့် တော်ရုံတန်ရုံပြောရုံနှင့် သဘောမပေါက် တတ်သူများအပေါ် သိပ်ပြီး စိတ်ရှည်တတ်ဟန်မတူဟု အောက်မေ့နေမိပါသည်။

ယခု ဤဆောင်းပါးမှာ ဆရာတော်၏ စိတ်နေစရိုက်ကို သုံးသပ်ကြရန်မဟုတ်ဘဲ ဆရာတော် ၏ 'အတွေးအကြံ' ကိုသာလျှင် တင်ပြလိုခြင်း ဖြစ်သော ကြောင့် သက်ဆိုင်ရာသာဓကများကိုသာ တင်ပြလိုက် ပါတော့မည်။

*သာလွန်မင်းတရားအမတ် ဗညားကျန်းတော တစ်ပါးသို့သွားစဉ် သားနှစ်ယောက်ကို လွှတ်ခေါ်၍ ဘွဲ့အမည်ပေးနှင့်၏။ အဖ ရောက်လျှင် ဘွဲ့အမည်ရကြောင်း ဝမ်းမြောက် ဝမ်းသာပြောကြ၏။ ငါ့သခင် ငါ့မျက်နှာကို ထောက်၍ ငါ့သားများကို ဘွဲ့အမည် ပေးသည် ဖြစ်ရာချေသည်။ သည်ကဲ့သို့ပြု၍ ပြည်ရွာမဖျင်းပြီလော၊ အရာလော၊ အရာမဟုတ်။ မင်းတို့ကြောင့် ငါ့သခင် ရန်သူ*

ခွေးတစ်ကောင်ကိုမျှ မနိုင်ဖူးချေ။ မင်းတို့သည်
ဘွဲ့ကိုခံ၍ အရှင့်အမှုကို မပြတ်စွန့်စား၍
ထမ်းပေးသူတို့ ဘယ်ဘွဲ့ကို ခံရမည်နည်း။
သူ့ဘွဲ့ကို အပ်ပချေဆို၍ သားနှစ်ယောက်
လွှတ်မှာ သွားအပ်ရ၏။ ဗညားကျွန်းတောထုံး။

မဟာအတုလဆရာတော်သည် ကုန်းဘောင်ခေတ်ဦးဆရာတော်ဖြစ်သည်။ အင်းဝသာလွန်မင်းတရားအကြောင်း ကိုးကားသောကြောင့် သမိုင်းအတွေ့အကြုံကို ပြန်ပြောခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုသမိုင်းအတွေ့အကြုံကလေးကိုယူ၍ ဆရာတော်တွေးကြံထုတ်ပြလိုက်သည်ကို ဆက်လက်ပြီး ဖတ်ကြည့်စေချင်ပါသည်။

သည်ထုံးကို ထောက်၍ ကေရာဇ်တို့သည် အမှု
မထမ်းသသူကို အမှုထမ်းဘွဲ့ ကြီးကြီးမားမား
ချီးမြှောက်လိုသည်ဟူ၍ မပေးရာချေ။
ပေးသော်လည်း အရာအခွင့် ကြီးကြီးမားမား
မပေးရာ။ တစ်ထုံးယူလေ။ ပေးသည်ဟူ၍
အင်မတန်သည်ကို မခံရာချေ။ တစ်ထုံး
ယူလေ။ မှူးကြီး မတ်ကြီးတို့သည်လည်း
ဗညားကျွန်းတောကဲ့သို့ သားသမီးထက် ပြည်
ရေးရာကို ချစ်ရာချေသည်။ တစ်ထုံးယူလေ။

အင်းဝတွင် မင်းကျော်စွာကြီး ဝင်းပတ်လည်
ကျုံးတူးသည်ကို မြို့ဝန်ထောင်သားတို့နှင့်
ဝန်းရံ၍တားး၏။ ငါဧကရာဇ်ညီကို မြို့ဝန်
စော်ကားရမည်လော။ ကျော်စွာကြီး ဓားကို
ကိုင်၍ လိုက်၏။ မြို့ဝန်အတွင်းသို့ ပြေး၍
လွတ်မှာခိုနေ၏။ ဓားကိုကိုင်၍ မြို့ဝန်ကို ဓား
နှင့်ကိုင်၍ လိုက်သည်မဟုတ်။ ငါ့ကို နင်
ဓားကိုင်၍လိုက်သည်။ စော်ကားလှ၏။ သည်
သာလွန်စေ။ အမိန့်တော် ပြန်၏။ အင်းဝထုံး
တည်း။

မိမိအိမ်ဝင်းပတ်လည်၌ ကျုံးတူးသည်ဆိုခြင်းမှာ မင်းဧကရာဇ်တို့သာ လုပ်ဆောင်နိုင်ခွင့်ရှိသည်ကို ကျူးလွန်ပြုလုပ်ခြင်း ဖြစ်သောကြောင့် မင်းဧကရာဇ်ကို တုပယှဉ်ပြိုင်သော ရာဇဝတ်မှု ဖြစ်နေသောကြောင့် မြို့ဝန်က မိမိ၏ မြို့စောင့် တစ်ထောင် တပ်မှ တပ်သားများနှင့် သွားရောက်တားဆီးခြင်း ဖြစ်ပါသည်။

ကျွန်တော် တွေးပြီး ပုံးမိသည့်အချက် ရှိပါသေးသည်။ မြို့ဝန်က မင်းကျော်စွာကြီး၏ စိတ်နေစရိုက်ကို သိပြီးဖြစ်သည့်အတိုင်း ဤသို့လုပ်လာလိမ့်မည်ကို ကြိုတင်မှန်းဆထားပြီး ဖြစ်ပါလိမ့်မည်။ မိမိမည်သို့ ပြုရမည်ကိုလည်း ကြိုတင်စဉ်းစားထားပြီး

ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျော်စွာကြီး ဓားကိုင် လိုက်သည်နှင့် တစ်ပြိုင်နက် "နောက်ကျတဲ့ ခြေထောက်၊ သစ္စာဖောက်" ဟူသော စကားလို ရွှေနန်းတော်အတွင်းသို့ 'လုံး' နေအောင် ပြေးမည်ကို တွေးကြည့်ပြီး ပြုံးမိခြင်း ဖြစ်ပါသည်။ သူ၏ တုံ့ပြန်ပုံမှာ အလွန်မှန်သည်ဟု ဆိုရပါမည်။ သူက မိမိ၏ ထောင်သားများ အင်အားနှင့် တုံ့ပြန်တိုက်ခိုက်မည်ဆိုလျှင် ရှုံးသွားနိုင်ပါသည်။ ယခုတော့ ခုခံလိုက်ထက်ပင် ခရီးရောက်သွားပါသေးသည်။

ဤအတွေ့အကြုံ အဖြစ်အပျက်နှင့်ပတ်သက်၍ ဆရာတော်သုံးသပ်ပြီး ကောက်ချက်ဆွဲလိုက်ပုံကို ကြည့်စေချင်ပါသေးသည်။

> *သည်ကိုထောက်၍ ရာဇဝတ်နှင့် ဆန့်ကျင်သည်ကိုပြုက မင်းဧကရာဇ်၏ ညီကိုပင် လည်း မြို့ဝန်တားရိုး ရှိချေသည်။ တစ်ထုံး ယူလေ။ ရာဇဝတ်နှင့် ဆန့်ကျင်သည့် အမှုဖြစ်၍ ကျေးဇူးသစ္စာ ရှိသည့် အတိုင်း မြို့ဝန်တားသည်ကို ငါ့ညီကို နှင်တားရမည်လော၊ မင်းဧကရာဇ် အမိန့်တော် ပြန်ရိုးမရှိချေ။ တစ်ထုံးယူလေ။ ကျေးဇူးသစ္စာနှင့်အညီ*

ဘုရင့်ညီ ရှင်ဘုရင့်သားဟူ၍ ဂုဏ်မာန်တက်၍ မပြုသင့်ချေ။ မင်းညီမင်းသားတို့ တစ်ထုံးယူလေ။ ဂုဏ်မာန်တက်ပချေသော် မြို့ဝန်အပြစ်မဟုတ်။ အရှင်ကို စော်ကားရာ ရောက်ပချေ၏။ တစ်ထုံးယူလေ။

အင်းဝတွင် မင်းတစ်ဦး သောက်ဦးလို၍ လူတိတ်သည့် အခိုက်ထန်းရည်အိုးကို ပဝါနီစည်း၍ အနောက်တော်က သွင်းရ၏။ အတွင်းဝန်ကြီးသိ၍ အနောက်အတွင်းတော်က ချောင်း၍ဖမ်း၏။ မိလျှင် သေအိုးနှင့် တကွ မိန်းမကိုတုပ်၏။ အမိန့်တော်ရှိ၍ သွင်း ရသည် မိန်းမငယ်လည်းဆို၏။ သေအိုးနှင့် နင် မိန်းမတန်မဲ့ တစ်ပြည်လုံးကို မှောက်မည်ကြံသည်။ ယခုပင်သတ်ပစ်မည်။ ဝန်ကြီးလည်း အတွင်းတော်ကကြားအောင် ခြိမ်းမောင်း၏။ မင်းဧကရာဇ်ရွှေနားတော် ကြား၍ သည်းခံပါ။ သင်းအပြစ်မဟုတ်ချေ။ ဆေးဝါးချက်လို၍ ငါပင်စေလိုက်ပချေသည် အမိန့်တော်ပြန်မှလွှတ်၏။ အင်းဝထုံး။
သည်ကိုထောက်၍ မင်းဧကရာဇ်တို့ မသင့်

*သည်ကို ပြုလျှင် ဝန်ကြီးတို့ အလိုလိုက်၍ မနေသင့်။ ဆိုရာချေသည်။ တစ်ထုံးယူလေ။ ငါအလိုတော်ရှိ၍ ယူသည်ကို ငါ့ကို မထောက်အောက်မေ့ရမည်လော၊ ဧကရာဇ်တို့ စိတ်ရှိုး မရှိချေ။ တစ်ထုံးယူလေ။*

နောက်ဆုံး ကျွန်တော်တင်ပြလိုသော သမိုင်းအတွေ့အကြုံမှာမူကား အလွန်လူသိများပါသည်။ အခြားသူတို့၏ အတွေးအကြံ ကောက်ချက်များကိုလည်း ဖတ်ရှုကြရဖူးပြီး ဖြစ်ပါသည်။ ကြည့်ပါဦး။

*သာလွန်မင်းတရား သမီးတော် အင်္ကျီတရပ်ပါး ကိုဝတ်၍ ညစ်သောတိုင်ကို မှီ၍ ထိုင်နေသည်ကို ပရိသတ်အလယ် နင်ဥစ္စာမှန်းမသိ အပြစ်တင်၍ သုံးရက် သမီးတော်နှင့် စကား မဆိုနေ၏။*

ဤသမိုင်းအတွေ့အကြုံကို ကောက်ချက်ဆွဲကြရာတွင် (ထမင်းရည်ကို လမ်းဘေးတွင် ငှဲ့သွန်ပစ်သော မိန်းမတစ်ဦးအား ဆုံးမခဲ့ခြင်းနှင့် ရောစပ်ပြီး) သာလွန်မင်းတရားကြီး၏ ချွေတာရေးမူဝါဒ ရှုထောင့်ကသာလျှင် တွေးကြံကောက်ချက် ဆွဲကြမြဲ ဖြစ်ပါ သည်။ မဟာအတုလဆရာတော်၏ အတွေးအကြံနှင့် ကောက်ချက်ကို ကြည့်ပါဦး။

*မင်းတို့ဥစ္စာမည်သည် လက်တွင်မရှိ။ သူတစ်ပါးလက်မှာသာ ထိန်းသိမ်းရမည်။ ထိုအရှင်ဥစ္စာ၌ ခင်မင်တွယ်တာလှ၏။ မယွင်းမတိမ်းရချေ။ ကျေးကျွန်ဘဏ္ဍာစိုးတို့ သတိရစေလို၍ သမီးတော်ကိုမောင်း၍ ဥစ္စာမှန်းမသိ အပြစ်တင်တော်မူချေသည်။ တစ်ထုံးယူလေ။*

ထိုကောက်ချက်ကို ဖတ်လိုက်ရသောအခါတွင်လည်း ကျွန်တော်မပြုံးဘဲမနေနိုင်ပါ။ ချေတာ စိစစ်ခြင်းနှင့် နှမြောတွယ်တာခြင်းတို့သည် ဆွေမျိုးနီးစပ်များဖြစ်သည်ဟု ဆရာတော်နှလုံးပိုက်ဟန်ရှိပါသည်။ ထို့ကြောင့် သာလွန်မင်းတရားသည်လည်း နှမြောတွယ်မည်မလွဲဟု ကောက်ချက်ချလိုက်ပါသည်။

"မင်းတို့ဥစ္စာမည်သည် လက်တွင်မရှိ" ဟူသော စကားကိုမူကား တွေးကြည့်လေလေ သဘောပေါက်လေလေဖြစ်ပါသည်။ ဟုတ်သည်ပေ့။ ဝတ်လဲတော်၊ ဘောင်းတော်၊ ရတနာတော်တို့ကစ၍ ဘယ်မှာကိုယ်တိုင် သိမ်းနိုင်ပါမည်နည်း။ ကျေးကျွန်ဘဏ္ဍာစိုးတို့၏ လက်မှာသာ အပ်ထားကြရသည်မဟုတ်ပါလား။

သည်နေရာတွင် ကျွန်တော့် ကိုယ်တွေ့ကလေး ဝင်လာပြန်သည်။ ကျွန်တော်တို့မိသားစုတွင်

လည်း မလွဲမရှောင်သာလောက်အောင် လိုအပ်သောကြောင့် အိမ်ဖော် အကူအညီစသည်တို့ကို ထားရပါသည်။ ကျွန်တော်တို့ ပစ္စည်းပါပဲ။ သို့သော်လည်း သူတို့လက်မှာသာ အပ်ပြီးထားကြရပါသည်။ သူတို့ အမှတ်မထင် ပေါ့ပေါ့လျော့လျော့ လုပ်လိုက်လို့ ဓါတ်ဗူးကြီးကွဲသွားတော့ ကျွန်တော်တို့ ပစ္စည်းကွဲသွားခြင်းပါပဲ။ မီးပူကြီးကို သူတို့ကမေ့ပြီး အဝတ်တွေပေါ်တင်ထားခဲ့မိလို့ လုံချည်တွေ အထပ်လိုက် ကျွမ်းပြီးပေါက်ကုန်တော့လည်း ကျွန်တော်တို့ပစ္စည်းပါပဲ။ သို့သော်သူတို့ခမျာ ရကြရှာတဲ့ လခလေးထဲက ဘယ်လိုလုပ်ဖြတ်ပြီး ယူရက်ပါမည်နည်း (ပါးစပ်ကတော့ လခဖြတ်မယ် ဘာမယ်ညာမယ် ပြောမိသပေါ့ခင်ဗျာ) သို့သော်လည်း နောက်ဆုံးမှာတော့ ကိုယ်ကသာဆုံးလိုက်ရသည်ချည်းပါပဲ။

ဆရာတော်၏ 'လောကဓမ္မ ထုံးပေါင်းစာတမ်း' ကို အလောင်းမင်းတရားကြီး လက်ထက်မှ စ၍ သီပေါမင်း လက်ထက်တိုင်အောင် မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်သေနာပတိတို့ လိုက်နာကျင့်သုံးခဲ့သောကျမ်း ဖြစ်သည်ဟု သိရပါသည်။ လက်ဝဲဝါဒကို စိတ်ထက်သန်ကြသော လူငယ်အချို့က ရှေးပဒေသရာဇ်ခေတ်က ဘာညာစသည်အားဖြင့် ရှုတ်ရှုတ်

ချချ ပြောသံကိုကြားလိုက်တိုင်း ထိုကျမ်းတွင် ဖော်ပြထားသော ရှင်ဘုရင်များအကြောင်းကို ဖတ်ကြည့်ကြစေလိုစိတ် အမြဲပေါ်မိပါသည်။ ထားပါတော့။ ကျွန်တော်ပြောလိုသည်က 'အတွေ့အကြုံနှင့် အတွေး အကြံ' သက်သက်ပါပဲ။

အတွေ့အကြုံကို ယူ၍ အတွေးအကြံ ပြုနိုင်စွမ်းအား ထက်မြက်သူတို့ကိုပင် ပညာရှိ ခေါ်ထိုက်ပါကြောင်း ကျွန်တော် အထက်ပိုင်းတွင် စကားလွန်လိုက်မိသကဲ့သို့ ဖြစ်သွားပါသည်။ ခက်သည်က ကျွန်တော်တို့ မြန်မာလူမျိုးတို့အဖို့ 'ပညာရှိ' ဟု ဆိုလိုက်လျှင် 'သူတော်ကောင်း' ဆိုသည့် အရည်အချင်းပါပါဝင်နေပြီး ဖြစ်သည်ဟု ယူဆကြပါသည်။

သူတော်ကောင်းဖြစ်ရန်ဆိုသည်က အတွေ့အကြုံ၊ အတွေးအကြံတို့နှင့် သက်ဆိုင်သည်ထက် ကိုယ်ကျင့်တရားနှင့် ပိုပြီးသက်ဆိုင်သည်ဟု ဆိုရပါမည်။ လွယ်လွယ်ပြောလိုက်ရလျှင်တော့ သူယုတ်မာမဖြစ်မှသာ သူတော်ကောင်းဖြစ်ရန် နီးစပ်ပါသည်။ ထို့မှတဆင့် မိမိအတွေ့အကြုံ၊ သူတစ်ပါးအတွေ့အကြုံတို့နှင့် အတွေးအကြံပြုပြီး လောကကို ကောင်းသည်ထက်ကောင်းအောင်၊ လူအများချမ်းသာသည်ထက် ချမ်းသာအောင် ကြိုးပမ်းဆောင်ရွက်နိုင်သူတို့ကို

သာလျှင် မြန်မာလူမျိုးတို့က “ပညာရှိ” ဟု သတ်မှတ်တတ်ကြသည် ထင်မိပါသည်။ ထိုကဲ့သို့ သတ်မှတ်လိုက်မိပြီဆိုလျှင်လည်း ကျွန်တော်တို့ မြန်မာလူမျိုးတို့သည် လေးစားရှိသေရုံမျှမက ‘ကိုးကွယ်’ သည်ဆိုသော အဆင့်သို့ ရောက်သွားလောက်အောင်ပင် ဖြစ်သွားတတ်သည်ဟုလည်း ထင်မိပါသည်။

**ထို့ကြောင့် ကျွန်တော်တို့ မြန်မာပြည်တွင် ပညာရှိတစ်ယောက် ဖြစ်လာရန်မှာ ‘အတွေ့အကြုံမှ အတွေးအကြံ’ သာလျှင်မက ‘အကျင့်အမှန်’ ကိုလည်း လိုအပ်သည်ဟု ထင်နေမိပါတော့သည်။**

# ခွန်အားစွမ်းပကားကြီးသောသူ

လူငယ်များနှင့်ပတ်သက်ပြီး ကျွန်တော် အားကြိုး မာန်တက် ရေးလေ့ရှိကြောင်း စာဖတ်သူများ သိကြပြီး ဖြစ်ပါသည်။ လူငယ်တွေအကြောင်းကို ရေးနေသည့် အားလျော်စွာ လူငယ်တွေ အကြောင်းကိုလည်း ကျွန်တော် စိတ်ဝင်စားမိသည်။ ထို့ကြောင့် သမိုင်းတွင် ပါဝင်ခဲ့သော လူငယ်တို့၏ ကဏ္ဍအချို့ကိုလည်း မကြာခဏ ပြန်လည်သုံးသပ်မိပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာလိုက်သောအခါ ဂျပန်နိုင်ငံသည် သယံဇာတပစ္စည်းအင်အားတွင် အမေရိကန်စသော မဟာမိတ်တပ်ဖွဲ့များနှင့် မယှဉ်နိုင်လောက်အောင် ချို့တဲ့နေသည်ကို သိကြသည်။ ထို့ကြောင့် ပစ္စည်းကိုချွေတာပြီး လူ့အသက်ကို ရက်ရောစွာ အသုံးပြုရန် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် 'ခါမိခါဇေ' ခေါ်

အသေခံ တပ်သားများကို စုစည်းလိုက်သည်။ တိုပီတိုကို သည်အတိုင်း ပစ်လိုက်လို့ လွဲသွားလျှင် ပစ္စည်းဆုံးရှုံးမည် စိုးသောကြောင့် လူပါလိုက်သွားပြီး အသေခံလိုက်ကြသည်။

အင်္ဂလိပ်က ဂျပန်၏ရေကြောင်းရန်ကို ကာကွယ်နိုင်စိမ့်သောငှာ စင်္ကာပူသို့ 'ဝေလမင်းသား' နှင့် 'ရီပါလ်စ်' ဆိုသော စစ်သင်္ဘောကြီးနှစ်စင်းကို စေလွှတ်လိုက်သည်။ ထိုသင်္ဘောကြီးနှစ်စင်းသာ စင်္ကာပူကို ရောက်ခဲ့လျှင် ဂျပန်က ခြောက်နှစ်လောက် တိုက်စေဦးတော့ စင်္ကာပူမကျနိုင်ဟု အဆိုရှိသည်။ ထိုသင်္ဘောကြီး နှစ်စင်းကိုလည်း ဂျပန်အသေခံလူငယ်များက လေယာဉ်ရော၊ ဗုံးရောလူပါ သင်္ဘောခေါင်းတိုင်ကြီးများထဲ ထိုးဆင်းပြီး နှစ်မြှုပ်ပစ်လိုက်သည်။

ဂျပန်ခေတ်တွင် ဝါဒဖြန့်သောအားဖြင့် ဂျပန် စစ်ဘက်ဆိုင်ရာက မှတ်တမ်းတင် ရုပ်ရှင်ကားများကို ပြသခဲ့သေးသည်ဖြစ်ရာ ကြည့်လိုက်ဖူးသူများက တအံ့ တသြ ပြန်လည်ပြောပြခဲ့သည်တို့ကို ကျွန်တော် မှတ်မိ နေပါသေးသည်။ မည်သို့ပင်ဖြစ်စေ ဂျပန်လူငယ်များ သူတို့၏ဧကရာဇ်အတွက် ရှပ်ရှပ်ချွံချွံ အသေခံစွန့်စား သွားသည်ကိုတော့ အသိအမှတ်ပြုကြရမည်သာ ဖြစ်ပါ သည်။

* * *

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီတွင် ဂျာမဏီ ပြည်၌ ဟစ်တလာ၏ နာဇီပါတီ တက်လာခဲ့သည်။ ဟစ်တလာသည် လူကြီးတွေကို ပဓာနမထား၊ လူငယ် များကိုသာ အားကြိုးမာန်တက် စည်းရုံးခဲ့သည်။ ရှပ်ညိုတပ် ဖွဲ့စည်းလှုပ်ရှားစေခဲ့သည်။ လူငယ်များ၏ နှလုံးသားအတွင်းသို့ နာဇီဝါဒကို အခြေခိုင်အောင် ရိုက်သွင်းခဲ့သည်။ ဘာမျှမကြာလိုက် . . . ခြောက်နှစ် လောက် ရှိသောအခါ ဂျာမန်လူငယ်များသည် 'ဟိုင်း ဟစ်တလာ' ဟုအော်ပြီး 'အဘဂျာမဏီ နိုင်ငံတော်ကြီး' အတွက် အသက်စွန့်ရန် အသင့်ဖြစ်လာကြတော့သည်။ စွန့်လည်းစွန့်ခဲ့ကြသည်။

သူတို့တစ်တွေ မွေလိုက်နှောက်လိုက်သည့် အတွက် ဥရောပတိုက်ကြီး တစ်ခုလုံး ဖြောင်းဆန်သွားခဲ့ ရသည်။ ထိုထိုသော နာဇီလူငယ်များ၏ စွမ်းပကားကို အင်္ဂလိပ်၊ အမေရိကန်တို့ တစ်နိုင်ငံချင်း မယှဉ်နိုင် လောက်အောင် ဖြစ်လာသည့်အတွက်ကြောင့် မဟာ မိတ်နိုင်ငံများအဖြစ် ပူးပေါင်းပြီး ဝိုင်းဝန်း တိုက်ခိုက် ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်သည်။

* * *

ဂျာမဏီနိုင်ငံသာ မဟုတ်သေး၊ ဆိုဗီယက်ရုရှ ပြည်ထောင်စုကလည်း တပ်နီတော်ဟု ဖွဲ့စည်းပြီး

ရန်သူ၏ထိုးစစ်ကို ဟန့်တားတိုက်ထုတ်နိုင်ခဲ့သည်။ ရေခဲမှတ်အောက် ရောက်နေသည့် ရာသီဥတုကြီးထဲတွင် ပင်ပန်းကြီးစွာ၊ ဆင်းရဲခြင်းကြီးစွာ၊ ရဲရင့်ခြင်းကြီးစွာ တိုက်ခိုက်ခဲ့သည့် တပ်နီတော်လူငယ်များ၏ စွမ်းပကားကို မှတ်တမ်းတင်ကြရသည်။ ဘာလင်တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော တပ်နီတော်တို့အကြောင်း မှတ်တမ်းတင်ရုပ်ရှင်ကားကို ကျွန်တော် ကြည့်လိုက်ခဲ့ဖူးသည်။ တကယ့်ကို ကြောက်ခမန်းလိလိ စွန့်လွှတ်စွန့်စား တိုက်ခိုက်ခဲ့ကြကြောင်း သိသာလှပါသည်။

* * *

ဆိုရှယ်လစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၏ ပြည်သူ့တပ်မတော်လူငယ်များကို ကြည့်လိုက်ဦးမည်လား။ ကိုရီးယားစစ်ပွဲတွင် တရုတ်စစ်သည်တော်လူငယ်များ လူလှိုင်းလုံးကြီးများအဖြစ် တစ်လှိုင်းပြီးတစ်လှိုင်း အသေခံပြီးတက်ခဲ့ကြပုံကို မြင်တွေ့နေရသောအခါ စက်သေနတ်တဖြောဖြော ပစ်သတ်နေရသည့် အမေရိကန် စစ်သည်တော်များပင် ချောက်ချားလာခဲ့ရသည်ကို ကျွန်တော် မှတ်မိနေပါ သေးသည်။

* * *

ယခုလည်း အသေခံဗုံးခွဲသူများအကြောင်းကို နေ့စဉ်လိုလို ကြားနေရပြန်သည်။ လူငယ်တွေပင်

ဖြစ်သည်။ သူတို့သည်လည်း မိမိတို့အသက်ကို ပန်းတစ်ပွင့်၊ သစ်ရွက်တစ်ချပ် လောက်မျှပင် တန်ဖိုးမထား။ စွန့်စား အသေခံသွားကြသည်မှာ အမှန်ဖြစ်သည်။ သူတို့၏အသက်ကို ရက်ရောစွာ ပေးအပ်ကြသည်။

ထိုထိုသော အချက်တွေကို တွေးလိုက်သောအခါ လူငယ်တို့၏စွမ်းပကားကို ကျွန်တော် ရှိသေလေးစားမိလာပါသည်။ ထို့အတူ ကြောက်လည်း ကြောက်လာမိသည်။

***"ခွန်အားရှိသောသူတို့သည် မိတ်ဆွေဖြစ်လျှင် အားကိုးရသလောက်၊ ရန်သူဖြစ်လာလျှင် ကြောက်စရာကောင်းလှသည်"*** ဟူသောစကားကို စာဖတ်သူ ကြားဖူးပါလိမ့်မည်။ အချို့ကိစ္စများတွင် လူငယ်တို့၏ခွန်အားကို လွဲမှားစွာ အသုံးချခဲ့ခြင်း ဖြစ်သည်ဟု ကျွန်တော် ဆိုချင်မိပါသည်။

ဂျပန်၊ ဂျာမဏီ၊ အီတလီဟူသော ဝင်ရိုးတန်းသုံးနိုင်ငံက လူငယ်တို့၏စွမ်းပကားကို အသုံးချခဲ့ပါသည်ဟု ဆိုလျှင် မဟာမိတ်နိုင်ငံများကကော ဘယ်ခွန်ဘယ်အားတွေကို အသုံးချခဲ့ရပါသလဲ။ လူငယ်တို့၏ခွန်အားကိုပင် အသုံးချခဲ့ရပါသည်။ ဘယ်သူတွေက လွဲမှားစွာ အသုံးချသည်၊ ဘယ်သူတွေကတော့ဖြင့် မှန်ကန်စွာ အသုံးချသည် စသည်အားဖြင့် ကိုယ့်ဘက်

သူ့ဘက် လက်ညှိုးထိုး ပြောကြပေလိမ့်မည်။ ထိုကိစ္စကို ဆွေးနွေးရန်အတွက် ဤဆောင်းပါးကို ရေးနေခြင်း မဟုတ်။ ကျွန်တော် တင်ပြလိုသည်က လူငယ်တို့၏ တက်ကြွသော စွမ်းပကားအကြောင်းကိုသာ ပြောလိုခြင်းဖြစ်သည်။

"လူငယ်ဆိုတော့ တက်ကြွသည်၊ ထက်သန်သည်။ သူတို့အထင်ကြီးသော လူကြီးများက မြှောက်ပေးလိုက်လျှင် အရူးထကြတော့သည်သာ" ဟု ပြောတတ်ကြသည်။ ထိုစကားကို ကျွန်တော် လက်ခံနိုင်ပါသည်။ လက်ခံနိုင်ရုံသာမက ထောက်ခံပါသည် ဟုပင် ဖြည့်စွက်ပြောလိုက်ချင်ပါသေးသည်။ ကျွန်တော့် မြေးတွေပင်လျှင် သူတို့အထင်ကြီးသော၊ သူတို့ သဘောကျသော ရုပ်ရှင်ဇာတ်ဆောင်တို့၏ ဆံပင်ပုံစံ၊ အဝတ်အစား ဟန်ပန် စသည်တို့ကို အတုခိုးချင်သည်။ ထိုထိုသောသူတို့၏ ရုပ်ရှင်ကား များကို မလွတ်တမ်း ကြည့်ချင်သည်။

**"အရူးထသည်"** ဆိုပါတော့။

ကျွန်တော် မေးချင်သည့် မေးခွန်းက . . .

***"အရူးထအောင်လုပ်နိုင်လျှင် အကောင်းထအောင်ကော မလုပ်နိုင်ကြဘူးလား။ မလုပ်သင့်ပေဘူးလား"***

ကျွန်တော်တို့လုပ်ဖို့ စိတ်ကူးပေါက်ပါသလား။ လုပ်ဖူးပါသလား။ လူငယ်တွေ စာရိတ္တပျက်လာတယ်ဟု ပြောနေသည်ကတော့ ကျွန်တော်တို့ပါပဲ။ ထိုသို့ အပြစ်တင်ရှုတ်ချနေပြီး ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ဘဲ၊ ကိုယ်နှင့်မဆိုင်သလို သူတို့ထိုက်နှင့် သူတို့ကံဟု ဘေးကအေးအေးဆေးဆေး ကြည့်နေသည်ကလည်း ကျွန်တော်တို့ပါပဲ။

လူငယ်တွေကတော့ဖြင့် သူတို့အထင်ကြီးသည့် လူကြီးသူမ ခေါင်းဆောင်တွေ၏ ခိုင်းစေချက်အတိုင်း အသက်ကို ပမာမထား စွန့်လွှတ်စွန့်စား လုပ်ဆောင်သွားကြသည်။ ကျွန်တော်တို့က လူငယ်တွေအတွက် ဘာတွေများ စွန့်လွှတ်စွန့်စား လုပ်ခဲ့ကြဖူးပါသလဲ။ ကျွန်တော့်မေးခွန်းက စိန်ခေါ်သံပါနေလျှင် သည်းခံပါတော့။ အားနာလှပါသော်လည်း မမေးတော့လျှင် မဖြစ်သောကြောင့် မေးလိုက်ရခြင်း ဖြစ်ပါသည်။

* * *

တကယ်ဆိုတော့ တခြားကိုမပြောနှင့်တော့ သာသနာ့သမိုင်းကို ပြန်ကြည့်လိုက်မည်ဆိုလျှင်ပင် သာသနာတော်ကို မြှောက်စားမည့် ခေါင်းဆောင်ဘုရင်မင်းမြတ် မရှိသောအခါ သာသနာတော် ပပျောက်မည် စိုးသောကြောင့် ရဟန်းတော်များ

သာသနာ အဆုံးအမများကို မမေ့မလျော့အောင် သဲပူပြင်ပေါ်တွင် လူးကာလှိမ့်ကာ အော်ဟစ် ရေရွတ် လျက် မြည်တမ်းခဲ့ကြဖူးသည်။ ရဟန်းတော်ဟု ဆိုလိုက် ရသော်လည်း ဘယ်မှာ ဘုန်းကြီးအိုကြီးတွေ ဖြစ်နိုင် ပါမည်လဲ။ ပျိုမျစ်သော ရဟန်းတော် (လူငယ်)တွေသာ ဖြစ်ပါပေလိမ့်မည်။ လူငယ်တို့၏စွမ်းပကားကို တော်မှန် သောဌာနတွင် အသုံးချပြီး စွန့်လွှတ်စွန့်စား လုပ်ဆောင် လိုက်ကြခြင်း ဖြစ်ပါပေသည်။

ထိုမျှမက မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူပြီးသောအခါ အိန္ဒိယနိုင်ငံ၏မြောက်ဘက် တောင်ဘက် ခရီးလမ်း ကြောင်းများအားဖြင့် သာသနာ ပြုရန် ရဟန်းပျိုတို့က သာသနာပြု ထွက်ခွာတော် မူခဲ့ကြသည်။ တရုတ်ပြည်မှ ရဟန်းပျိုတို့လည်း အိန္ဒိယသို့ သာသနာတော်ကို ရယူရန် ခက်ခဲကြမ်းတမ်း လှသောခရီးဖြင့် ကြွလှမ်းခဲ့ကြသေးသည်။ မြဝတီရုပ်သံ တွင် ပြသွားခဲ့သော မျောက် 'ဝူခုံး' ဇာတ်လမ်းတွဲကို မှတ်မိကြဦးမည် ထင်ပါသည်။ သာသနာတော်ကို ရရှိရန် အတွက် အမျိုးမျိုးသောအန္တရာယ်၊ အသွယ်သွယ်သော ဘေးရန်တို့ကို ရင်ဆိုင်ကျော်လွှားခဲ့သည့် သူတော်စင် လုလင်ကလေး၏ ဇွဲသတ္တိသည် ရှေးခေတ် ရဟန်းပျို တို့၏စွန့်စားမှုကို ကိုယ်စားပြုနေသည်ဟု ထင်မိပါသည်။

ဗုဒ္ဓဘာသာသာမှသာ မဟုတ် ခရစ်ယာန်သာသနာ သမိုင်းတွင်လည်း ရှေးဦးခရစ်ယာန်တို့မှာ ခရစ်တော်ကို ယုံကြည်ရကောင်းလားဟူ၍ မီးတိုက်သတ်ခြင်း၊ ခြင်္သေ့ လှောင်အိမ်သို့ထည့်ခြင်း စသည့် ရက်စက်လှသည့် အပြစ်ဒဏ်များကို ခံခဲ့ကြရသည်။ သို့သော်လည်း မေတ္တာမပျက် ဘုရားသခင်ကို တမ်းတရင်း အသေခံ သွားခဲ့ကြသည်။

မကြာသေးမီကပင် အိန္ဒိယနိုင်ငံတွင် 'မာသာထရီဇာ'ဆိုသော သူတော်စင်မိခင်ကြီး အနိစ္စ ရောက်သွားခဲ့သည်။ သူ့ကို ဘာသာတိုင်းက၊ လူတန်း စားအလွှာလွှာက ငိုကြွေးအလေးပြုကြသည်။ သူသည် ခရစ်ယာန်ဘာသာဝင်ဖြစ်ကြောင်း အားလုံး သိကြ သည်။ သို့သော် သူ့မှာ ဘာသာအစွဲအလန်း မရှိတော့ပြီ။ 'သတ္တဝါအများ ရင်ဝယ်သား' ဟူသော ခံယူချက် ဝင်သွားခဲ့ပါလေသည်။ သူကဲ့သို့ပင် လူသား များကို အလုပ်အကျွေးပြုချင်သော သီလရှင်လောင်း လျာကလေးတွေ သူ့ထံ ဝင်လာကြသည်။ ချက်ချင်း ခွင့်မပြု။ လေးလတန်သည်၊ ခြောက်လတန် သည်အားဖြင့် ဒုလ္လဘဝတ်နေစေသည်။ ထို့နောက် အိမ်ပြန်ပြီး သုံးလေးလ နေစေသည်။ စိတ်ခိုင်ပြီဆိုမှ သီလရှင်အဖြစ် ကူးပြောင်းခွင့်ပေးသည်။ ထိုထိုသော

သီလရှင်ကလေးများမှာလည်း အမျိုးသမီး လူငယ်တွေပင် ဖြစ်ကြပါသည်။ လူငယ်တွေကို မှန်ကန်စွာ အသုံးချနိုင်လျှင် ကောင်းမှုဘက်တွင်ဖြစ်စေ၊ မကောင်းမှုဘက်တွင် ဖြစ်စေ ကြီးစွာသောစွမ်းပကားကို ရနိုင်သည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

မာသာထရီဇာအပေါ်အဝင် ထိုထိုသော သူတော်စင်ကလေးများသည် ကျွန်တော်တို့ဗုဒ္ဓဘာသာ အယူအဆအရဆိုသော် ဆုကြီးပန်ပါရမီရှင်တွေ ထင်ပါရဲ့ဟူသော အတွေးကို ဖျောက်လို့မရနိုင်အောင် စွဲနေမိသည်။ ပါရမီရှင်များ၊ ပါရမီ ဖြည့်နေသူများဟုဆိုရအောင် သူတို့က ဗုဒ္ဓဘာသာဝင်မှမဟုတ်ဘဲဟု ကျွန်တော့်စကားကို ဆင်ခြေမတက်စေချင်ပါ။ ထိုဆင်ခြေမျိုး ဝင်လာလိုက်လျှင် ကျွန်တော်က "ဆဒ္ဒန်ဆင်မင်းဟာ ဘယ်ဘာသာဝင်လဲ၊ မဟာကပိလမျောက်မင်းက ဘယ်ဘာသာဝင်လဲ" ဟု ပြန်မေးရပါလိမ့်မည်။

မြတ်စွာဘုရားသခင်က "အကြင်သူသည် ငါဘုရား၏တရားတော်အတိုင်း ကျင့်ကြံနေထိုင်၏၊ ထိုသူသည် ငါဘုရားနှင့် ယှဉ်နေသော်လည်း ငါဘုရား၏သင်္ကန်းစွန်းကို ဆွဲလိုက်နေသည်ပင်ဖြစ်၏။ အကြင်သူသည် ငါဘုရား၏သင်္ကန်းစွန်းကို ဆွဲလိုက်နေသည် မှန်၏၊ သို့သော် ငါဘုရားဟောသော တရားကို

ကျင့်သုံးခြင်းမပြု။ ထိုသူသည် ငါဘုရားနှင့် ယှဉ်ဇနာကွာ၏” ဟု မိန့်ကြားတော်မူခဲ့သည်။ (ကျွန်တော်၏ ဗုဒ္ဓဘာသာအတွေးကို ခွင့်လွှတ်ကြပါ။) မာသာထရီဇာ၏မာတ်ပုံကို ကြည့်နေရင်း ဗုဒ္ဓဘုရားရှင်၏ သက်နီးစွန်းကို ဆွဲကိုင်လိုက်ပါနေသော မိခင်ကြီးဟူသော အတွေးမှာ တားမရဆီးမရ ကျွန်တော့်ရင်ခေါင်းထဲသို့ တိုးဝင်လာလေ့ရှိလျက် ကြည်ညိုစိတ် တဖွားဖွား ပေါ်လာတတ်ပါသည်။ ကျွန်တော် ဆက်ပြောလိုက်ပါရစေ။ ထိုမျှမကသေးပါ၊ ဘုရားရှင်သာ သက်တော်ထင်ရှား ရှိနေသေးလျှင် “ချစ်သမီးထရီဇာ”ဟု အာလုပ်ပြုပြီး ချီးမြှောက်လိမ့်မည်ဟု မြင်ယောင်ကြားယောင်ဖြစ်မိတတ်ပါသည်။

* * *

ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိပါသေးသည်။ သာမန်ပုထုဇဉ်လူဟူသမျှသည် လောဘ ဒေါသ မောဟတည်းဟူသော မီးတုံးမီးခဲကြီးများ ဖြစ်သည့်အတိုင်း၊ လူတို့၏စိတ်သည်လည်း မကောင်းမှု ဘက်တွင် ပိုလို့မွေ့လျော်ကြသည်။ ထို့ကြောင့် ကောင်းမှုဘက်တွင် လုပ်ဆောင်ရန် စည်းရုံးတိုက်တွန်း ရာတွင် ခက်ခဲပင်ပန်းသလောက်၊ မကောင်းမှုပြုရန် စည်းရုံးတိုက်တွန်းရာတွင်ကား အဆမတန် လွယ်ကူ

နေကြောင်း သတိထား မိနိုင်ကြပါသည်။ ထို့ကြောင့် ကျွဲကိုခလုတ်၊ သစ်ငုတ်သင်ဖျူး၊ ဆူးကိုမွေ့ရာ လုပ်ချင်သည်။ ထို့ကြောင့် မကောင်းမှုပင် ဖြစ်လင့် ကစား သူတို့ကို ယုံကြည်လာအောင် သိမ်းသွင်းလိုက် နိုင်လျှင် ဘာမဆိုလုပ်ရန် အသင့်ဖြစ်နေတတ်သည်။

သမိုင်းကို ပြန်ကြည့်လိုက်လျှင် ထိုသို့သော နည်းတို့ဖြင့် သိမ်းသွင်းစေခိုင်းခြင်းခံခဲ့ရသော လူငယ် တို့၏ အသက်ပေါင်းမှာ မနည်းလှဟု တွေးမိသည်။ သမိုင်းမှာသာ တွေ့နိုင်မည်မဟုတ်၊ မျက်မှောက်ခေတ် ရေဒီယို၊ တီဗွီစသည်တို့ကို နားထောင်ကြည့် လိုက်လျှင် လည်း ရက်စက်ရိုင်းစိုင်းသော လူငယ်ထု၏ စွမ်းပကား ကို တွေ့နေရသည်ပင် ဖြစ်ပါသည်။ "မြတ်စွာဘုရား သခင်သည် အင်္ဂုလိမာလ ခိုးသူအား ယဉ်ကျေး စေတော်မူသည်"ဟူသော စကားကို ယခုမှ အလေး အနက် သဘောပေါက်လာမိပါသည်။ အကြောင်းက တော့ ကမ္ဘာကြီးတစ်ခုလုံး ရိုင်းနေသည်ကို မျက်ဝါး ထင်ထင် မြင်နေကြရသောကြောင့် ဖြစ်ပါသည်။

* * *

ရိုင်းစိုင်းခြင်း ယဉ်ကျေးခြင်း စသည်တို့ကို သိပ္ပံနယ်က လက်လှမ်းမမီပါ။

သိပ္ပံပညာက အတိုင်းမသိ တိုးတက်လာ

ပါ၏။ ထို့ကြောင့် အဝတ်အစား အသုံးအဆောင် ပစ္စည်းများလည်း တိုးတက် လာပါ၏။ သို့သော် လူက သည်အတိုင်း (ကမ္ဘာဦးအတိုင်း)ပင် ကျန်နေရစ်ခဲ့သည်။ ခါးတွင် သစ်ခက်တွေပတ်၊ သားမွေး အရေခွံတွေ ပတ်ထားရာမှ အဝတ်အထည်တွေ ချုပ်လုပ်ဝတ်ဆင်လာတတ်သည်ကလွဲလို့ ဘာမျှတိုးတက်ခြင်း မရှိတော့ပြီဆိုလျှင် ယဥ်ကျေးသည်ဟု ခေါ်နိုင်ပါမည်လော။

ကမ္ဘာဦးလူသားတို့ သုံးခဲ့သည့် လေးနှင့်မြားကို ကျောက်တုံးကျောက်ဆောင်ကွယ်ပြီး ပုန်းသော်လွတ်နိုင်သေး၏။ သိပ္ပံကထွင်လိုက်သော ဒုံးကျည်ကို ဘယ်လို ပုန်းရမည်မှန်းမသိအောင် ဖြစ်နေကြရလေပြီ။

လူသည် မွေးလာချိန်မှစ၍ အကြောက်ဆုံးမှာ သေခြင်းတရားပင်ဖြစ်သည်။ ယခုသော် အခြားသူ ဆယ်ဦးခန့် သေစေဖို့ မိမိကိုယ်တိုင် သေပွဲဝင်ဖို့ အသင့်ဖြစ်နေကြပြီ။ မည်သည့်ဆရာများက မည်သည့်တရားများဖြင့် သူတို့ကို တိုက်တွန်းကြသနည်း။

ဘာသာရေးကို 'ဘိန်း'နှင့်တူသည်ဟု စကားတင်း ဆိုခဲ့ကြဖူး၏။ သို့သော် ဘာသာရေးထက် ဘိန်းက ကြောက်စရာ ကောင်းကြောင်း သိလာကြပြီး၊ ဘိန်းအစားထိုးသီးနှံနှင့် ဘိန်းကိုအမြစ်ပြတ်အောင် ကြိုးပမ်းနေကြရလေပြီ။

ပထမသော် ရုပ်ဝါဒီသမားများက ဘာသာရေးကိုလှောင်ခဲ့သည်။ ယခုသော် ဘာသာရေးက ရုပ်ဝါဒီသမားများအား ကြည့်ပြီး ပြုံးနေသည်ဟု ကျွန်တော်ခံစားမိလာသည်။

* * *

ကျွန်တော်သည် အကြောင်းအားလျော်စွာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ လူငယ်ယဉ်ကျေးမှုသင်တန်းကျောင်းများ၊ ခရစ်ယာန်ဘာသာဝင်တို့ ဦးစီးပြုလုပ်သော လူငယ်ယဉ်ကျေးမှု သင်တန်းကျောင်းများသို့ သွားရောက်ဟောပြောရပါ၏။ ထိုသို့ ဟောပြောရတိုင်းလည်း စိတ်အားတက်ခြင်း ဖြစ်ရပါ၏။ ကမ္ဘာကြီးအတွက် အားတက်ခြင်း ဖြစ်ရပါ၏။ လူငယ်တို့စွမ်းပကားကို ဆထက်ထမ်းပိုး အားကိုးမျှော်မှန်းခြင်းလည်း ဖြစ်မိပါ၏။

ယခု "ငါးကျွမ်းပြန်" ကျောင်းတော် ဝိဟာရသည် လူငယ်တို့စွမ်းပကားကို တော်တည့် မှန်ကန်ရာသို့ရောက်အောင် ကြိုးပမ်းပို့ဆောင်ပေး နေသည်ဖြစ်သောကြောင့် ကမ္ဘာ့ "အမိုက်အရိုင်းရောဂါ" ကြီးကို တတ်စွမ်းသမျှ ကုသပေးနေသည့် ပုထုဇဉ် ဆေးပေးခန်းကြီးဖြစ်လေရာ တတ်စွမ်းသမျှ အားပေးလှူဒါန်းကြပါကုန်၏။ လူသားတို့အရေး၊ လူ့ကမ္ဘာကြီးအရေး၊

လူငယ် စွမ်းပကားကို မှန်ကန်စွာအသုံးချရေးထိအောင် စဉ်းစားမိကြပါလေ၏လောဟူသော မေးခွန်းများ ကျွန်တော့်ရင်ထဲတွင် တရစပ်ပေါ်ထွက်လျက် နေမိပါ ကြောင်း ကျွန်တော် ဝန်ခံလိုက်ရပါသည်။

* * *

**ကျွန်တော်တို့၏ မျိုးဆက်သစ် လူငယ်များ သည် မိမိတို့စွမ်းပကားကို မှန်ကန်စွာ အသုံးချ နိုင်သော ဉာဏ်မျက်စေ့ ပွင့်လင်း ကြပါစေကုန် သတည်း။ ။**

(၈. ၆. ၂၀၀၄)

# ခါးရာမှချို

မကြာသေးမီက မြဝတီရုပ်မြင်သံကြားအစီအစဉ်တွင် "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ"၏ ထေရုပ္ပတ္တိ အခန်းဆက်ပြကွက်များကို ကြည့်လိုက်ရသည်။

သံဂါယနာတင်စဉ်က အမေးအဖြေ လျှောက်ထားချက်များကို မြန်မာ့အသံက မှန်မှန်ထုတ်လွှင့်ပေးခဲ့သည်ဖြစ်လေရာ ဆရာတော်၏ လျှောက်ထားချက်များကို ပြန်လည်ကြားယောင်လာမိ ပြန်ပါသည်။ ဆရာတော်က ပါဠိတော်များကို အထောက်အထား အကိုးအကားနှင့်တကွ လျှောက်ထားရာတွင် ကျမ်းအချို့ အဆိုအမိန့်ကွဲပြားချက်များကို ထည့်သွင်း လျှောက်ထားသည်သာမက ရှေ့နောက်ကျိုးကြောင်း ဆက်စပ်လျက် မည်သို့ကောက်ယူသင့်ကြောင်း တည်းဖြတ် လျှောက်ထားတတ်သောကြောင့် ပိဋကတ်တော်ကို ဘာမှန်းညာမှန်းမသိသေးသောအရွယ်ကပင် ဆရာတော်၏

ပညာပါရမီတော်ကို အံ့သြခြင်းမက အံ့သြခဲ့ရပေသည်။ မြဝတီရုပ်သံတွင် ကြည့်လိုက်ရသောအခါ "ဝိသေဋ္ဌ" ဟူသော ဂုဏ်ပုဒ်တော်ကို သိလိုက်ရပြန်သည်။ ပိဋကတ်တော်ကို ပြန်ဆိုနေစဉ် အထောက်အမ ကင်းခဲ့ကြောင်း (ထစ်နေ၊ မေ့နေ၍ စာထောက်ပေးရခြင်း မရှိကြောင်း) သိလိုက်ရပြန်သော အခါ ပို၍ပင် အံ့သြမိလိုက်ပြန်ပါသည်။

သံဂါယနာတင်လိုပါသော်လည်း ပိဋကတ်သုံးပုံကိုဆောင်သော ရဟန်းတော်တစ်ပါး တလေမျှ မရှိသောကြောင့် ထေရ်ကြီးဝါကြီး သံဃာတော်ကြီးများမှာ အခက်တွေ့နေကြစဉ် "တပည့်တော် ထိုတာဝန်ထမ်းပါတော့မည်" ဟု ရဲရဲတောက် ပဋိညာဉ်ပြုခဲ့သည်ကိုလည်း ပြန်လည်သတိရမိလိုက်ပြန်ပါသေးသည်။ ဉာဏ်ရည် ကောင်းနေရုံနှင့် ပြီးသည်မဟုတ်ဘဲ သူမတူအောင် ကြီးမားသည့် ဇွဲသတ္တိပါပေတည်းဟု ကြည်ညို အံ့သြခြင်းအသစ် ဖြစ်လိုက်ရပြန်သည်။

ကျွန်တော့်စိတ်ထဲတွင် နင့်ခနဲနေအောင် ခံစားလိုက်မိသည်ကတော့ ဆရာတော် ကောက်ကာငင်ကာရေးလိုက်သည် ဆိုသော ကဗျာလေးပင် ဖြစ်ပါသည်။ တီဗွီတွင် ကြားနာလိုက်ရသည် ဖြစ်သောကြောင့် အလွတ်တော့ မရလိုက်ပါ။ သဘော အချုပ်ကတော့

တိပိဋကဓရ ဘွဲ့ထူးကို ရလိုက်သည်မှာ မအားမလပ် ရအောင် ဆင်းရဲပင်ပန်းလှချည်ရဲ့၊ ဩော် ... သာသနာတော် အတွက်မို့ ရုန်းလို့ဖယ်လို့လည်း မဖြစ်ပါ ကလား"ဟူ၍ ဖြစ်ပါသည်။

ကြည့်လိုက်တော့ လှေနဲ့တစ်မျိုး၊ ဆိုက်ကား နှင့်တစ်ဖုံ၊ ကားနှင့်တစ်တန် ဆိုတာမျိုး တပည့်ဒါယကာ တွေ ပင့်သမျှ ကြွနေတော်မူရသည်။ ကိုးရိုးကားရား တောင်နင်းမြောက်နင်း ဆိုသလို ဆိုက်ကားပေါ်က ဆရာတော် ဆင်းနေတာကို တွေ့လိုက်ရတော့ စိတ်ထဲက အားနာလို့နေမိသည်။ အားနာတာသာ မဟုတ် သနားလို့နေမိသည်။ သို့သော် သူ့မျက်နှာတော် ကို ကြည့်လိုက်တော့ အပြုံးမပျက်။ "အေး ... ဒီလိုပဲ ပေါ့ကွယ်" ဆိုတာမျိုး ဖြစ်နေသည်။ သာသနာတော် အတွက် အသက်ကို ပေးလှူထားလိုက်ပြီးဖြစ်၍ ရင်စည်းခံနေသော သဘောပင်ဖြစ်သည်။

ဆရာတော်၏ပါရမီတော်နှင့် ကြိုးပမ်း အောင်မြင်မှုကို ကြည်ညိုသူတွေကလည်း တစ်ပြည်လုံး ဖြစ်နေလေရာ ရပ်ဝေးရပ်နီးက ဖူးတွေ့လိုကြသော ကြောင့် လာလိုက်ကြသည့် ပရိသတ်မှာလည်း နေ့ည မစဲဟု ဆိုရလောက်အောင်ပင် ဖြစ်နေပေလိမ့်မည်။ ထိုထိုသော ပရိသတ်ကို အဖူးအတွေ့ ခံရပေလိမ့်မည်။

တရားပွဲကြီး မဟုတ်စေကာမူ ထိုက်သင့်သလောက် သော ဩဝါဒစကားလောက်ကိုတော့ဖြင့် မိန့်တော် မူရပေလိမ့်မည်။ ဆရာတော်မှာ စိတ်အေးလက်အေး တာဝန်မဲ့၊ ကြောင့်ကြမဲ့ နားနေနိုင်သောအချိန် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်တောင် ရခဲ့ပါလေရဲ့ လားဟု သနားကြည်ညိုခြင်း ဖြစ်မိပါသည်။

ထိုကဲ့သို့ သနားကြည်ညိုစိတ် ပေါ်လာမိ ရခြင်းအကြောင်းကို ပြောလိုက်ရပါဦးမည်။

ကျွန်တော်သည် မြန်မာစာပေလောကတွင် ထိုက်သင့်သလောက် နာမည်ရပြီး အောင်မြင်လာခဲ့ ပါသည်။ သည်တော့ စာစောင်တွေကလည်း ကျွန်တော် ၏ ဆောင်းပါးများကို လာရောက်တောင်းခံကြသည်။ လစဉ် အပတ်စဉ် စသည်အားဖြင့် ပင်တိုင်ရေးစေချင် ကြသည်။ သူတို့လိုချင်သလောက် အဘယ်မှာ ရေးနိုင် ပါမည်နည်း။ သည်ကြားထဲတွင် စာကြည့်တိုက်ဖွင့်ပွဲ၊ စာပေဟောပြောပွဲ စသည်တို့ကိုလည်း ပြေးလိုက်၊ လွှား လိုက်၊ ဟောပြောလိုက်ရသေးသည်။ အိမ်သို့ရောက်လာ သော စာပေပရိသတ်၊ မိတ်ဆွေ တပည့်တပန်း စသည် တို့ကိုလည်း ဧည့်ခံရ စကားပြောရသေးသည်။ ပရိသတ် က ကိုယ့်စာပေကို လေးစား ကြသောကြောင့် ကိုယ့် ပြောဟောချက်ကို ကြားနာလိုသောကြောင့် လာရောက်

မေတ္တာရပ်ခံသည်ကို ငြင်းပယ်လို့ သင့်နိုင်ပါမည်လား။

တစ်ခါတစ်ရံ ပင်ပန်းလွန်းသောအခါများတွင် ဆရာကြီး "ဆွန်းမားဆက်မွန်" ၏ ဝတ္ထုတိုတစ်ပုဒ် ထဲက "အောင်မြင်ခြင်း၏ ခါးသည်းသောအရသာ" (bitterness of success) ဆိုတာလေးကို သွားပြီး သတိရမိတတ်သည်။ ကျွန်တော့်လို မဖြစ်စလောက် စာရေးဆရာလေး တစ်ယောက်လောက်ပင်လျှင် ဤမျှ ပင်ပန်းရလျှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဝိသေဿ ဆိုတာတွေကို အောင်မြင်တော်မူခဲ့သော၊ ရဟန်းတော် တစ်ပါးလည်း ဖြစ်နေသော ဆရာတော်ဆိုလျှင် မည်မျှ ပင်ပန်းတော်မူရှာ လေမည်နည်းဟု မြဝတီရုပ်သံတွင် ဖူးတွေ့လိုက်ရသည့် ဆရာတော်၏ရုပ်ပုံလွှာကို လှမ်းပြီး မှန်းကြည့်လိုက်မိခြင်း ဖြစ်ပါသည်။ ဆရာတော်လည်း အောင်မြင်မှု၏ ခါးသည်းသောအရသာကို ညည်းတော်မူရှာသည်။ သို့သော် သာသနာ့အကျိုးတော်ပေမို့ဟု တွေးလိုက်သောအခါ "ခါးရာမှချို"လာခဲ့ပုံ ရပါသည်။

ကမ္ဘာကျော် သံမဏိသူဌေးကြီး "အင်ဒရူး ကာနက်ဂီ"သည် ငယ်စဉ်ဘဝက အလွန့်အလွန် ဆင်းရဲ ခဲ့ရှာသည်။ သို့သော် ဇွဲနှင့်လုပ်ကိုင်ကြိုးပမ်းမှုကြောင့် အချမ်းသာဆုံး သူဌေးကြီးစာရင်း ဝင်လာခဲ့ရသည်။ သက်ရွယ်ကြီးရင့် ဘဝနိဂုံးနှင့် နီးလာလိုက်သောအခါ

“ငွေတွေကြေးတွေကို လက်ထဲထားပြီး သေရတာ ဘာမျှ အဓိပ္ပာယ်မရှိ” ဟုဆိုလျက် သူ၏လုပ်ငန်းအဝဝ ကို ဒေါ်လာ သန်းပေါင်းရှစ်ဆယ်နှင့် တစ်ထိုင်တည်း ရောင်းပြီး တက္ကသိုလ်တွေ၊ စာကြည့်တိုက်တွေ၊ ဆေးရုံတွေကို ပုံအောလှူပစ်ခဲ့သည်။ သူလည်း အောင်မြင်ခြင်း၏ ခါးသည်းသောအရသာကို ငြီးငွေ့သွားလေသလားဟု စဉ်းစားမိဖူးသည်။

ထိုကဲ့သို့သော သူဌေးကြီးများသည် မိမိ၏ အတ္တစိတ်နှင့် ချမ်းသာလိုသောကြောင့် ကြိုးပမ်းအောင်မြင်ခဲ့ကြခြင်း ဖြစ်သည်။ အတ္တကို ဗဟိုပြုခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့်သာ အောင်မြင်ခြင်း၏ ခါးသည်းသောအရသာကို တွေ့ခဲ့ခြင်းဖြစ်သည်။ ထိုခါးသည်းသောအရသာမှ ရုန်းထွက်လိုသောကြောင့် “ပရဟိတ”ဘက်သို့ ဦးတည်လိုက်ခြင်းဖြစ်သည်ဟု ထင်လိုက်မိပါသည်။

မင်းကွန်းဆရာတော်ကြီး၏ ထံပါးတွင် “ဆာဦးသွင်”ကဲ့သို့သော သူဌေးကြီးတွေကို တွေ့ရ သည်။ ထိုစဉ်က နိုင်ငံတော် သမ္မတကြီးဆိုလျှင် လက်အုပ်ချီထားသည်ကို တစ်ချက်မျှ အောက်သို့မချတော့ကြောင်း မှတ်တမ်းစကားကိုလည်း ကြားလိုက်ရသည်။

သမိုင်းထဲက ကမ္ဘာအရပ်ရပ်၊ မျက်မှောက် ကမ္ဘာအရပ်ရပ်တွင် အောင်မြင်ခဲ့ကြသော သူတို့ကို လှမ်းမျှော်ကြည့်လိုက် သောအခါ စီးပွားဥစ္စာဘက်တွင် အောင်မြင်သူ၊ ပညာဘက်တွင် အောင်မြင်သူ၊ နိုင်ငံတော် အာဏာဘက်တွင် အောင်မြင်သူ စသည် အားဖြင့် နယ်ပေါင်းစုံကို တွေ့ရပါသည်။

**မည်သည့် နယ်ဘက်တွင် အောင်မြင်သူ ဖြစ်စေ အတ္တဗဟိုပြုသူတို့၏ အောင်မြင်မှုမှာ ခါးသည်းခြင်းနှင့်သာ အဆုံးသတ်လျက် ပရဟိတ ကို ဦးတည်သောသူတို့၏ဘဝမှာ ခါးရာမှ ချို၍ချို၍ လာသည်ဟု ထင်လိုက်မိပါတော့သည်။**

ဆရာတော်၏ ဘဝကား ခါးရာမှ တစိမ့်စိမ့်ချို လာခဲ့လေယောင်တကား။ ။

(၂၄· ၇· ၂၀၀၇)

# လူပျိုသိုး နာမည်ပျက်ခဲ့ရခြင်း (၁)

၁၉၅၁ လောက်က ဖြစ်ပါသည်။

ဒီအခါမှာ ကျွန်တော့် အသက်က နှစ်ဆယ့်သုံး-နှစ်ဆယ့်လေးလောက်ပေါ့။

ကျွန်တော်တို့တောင်တွင်းကြီးတွင် ထိုစဉ်ကာလက ရုပ်ကွက်အလိုက် ဘုရားပွဲတွေ လုပ်ကြ သည်။ ယိမ်း၊ ပြဇာတ် ဆိုတာတွေကလည်း ခေတ်စား လှသည်။ ဂျပန်ခေတ်တွင် ရုပ်ရှင်လုပ်ငန်းက ဘာမှ အလုပ်မဖြစ်တော့သောကြောင့် ရုပ်ရှင်ပညာ သည်များ ဇာတ်ခုံပေါ် တက်ပြီး ပြဇာတ်ကခဲ့ကြသည်ဖြစ်၍ ပြဇာတ်တစ်ခေတ် ဆန်းလာခဲ့သည်ကို အများသိကြပြီး ဖြစ်ပါသည်။ ရုပ်ရှင်မင်းသားကြီး (ဦး)ကျော်အေးတို့၊ (ဒေါ်)မေဝင်းတို့မှာ သတင်းကြီးလှသည်။ သူတို့ သရုပ်ဆောင်ကပြခဲ့သော "တစ်ဝါတွင်း" "အပျိုပါပဲ" "လူပျိုပါပဲ" စသော ပြဇာတ်တွေမှာ နာမည်ကြီးရုံသာမက ဇာတ်ဝင်သီချင်းတွေကပါ ခေတ်စား

လှသောကြောင့် ကျွန်တော်တို့ လူပျိုပေါက်ဘဝတွင် တကြော်ကြော် ဟစ်အော်သီဆိုခဲ့ကြဖူးသည်ကို ခုထက်တိုင် သတိရနေမိပါသေးသည်။

ကျွန်တော်တို့က ရန်ကုန်ကို မရောက်ဖူးကြသေး။ သည်တော့ ရန်ကုန်သို့အရောက် အပေါက်များပြီး ပြဇာတ်တွေကို ကြည့်ခဲ့ရသူ ဝါသနာရှင်တွေက ဦးဆောင်လျက် "တစ်ဝါတွင်း"လို ပြဇာတ်မျိုးတွေကို တောင်တွင်းကြီးမှာ ကပြကြသည်။ ကျွန်တော်တို့မှာ ရန်ကုန်သို့လည်း မပေါက်မရောက်ကြလေတော့ ထိုသို့သော "မိတ်အင်တောင်တွင်းကြီး" ပြဇာတ်များကိုပင် ကြည့်လို့မဝနိုင်အောင် ဖြစ်ခဲ့ကြရသည်။

စကားရှည်သည်ဟု မထင်ပါနှင့်ခင်ဗျား။ ဒီလို "ခြေဆင်း"မခံလိုက်လျှင် ကျွန်တော်ရေးမည့်စာကို နားလည်နိုင်မည် မဟုတ်ပါ။

* * *

ကျွန်တော်နေသည်က တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်ကွက်။ ဘုရားက "ရွှေမော်ဓော"။ ထို့ကြောင့် ရွှေမော်ဓော ဘုရားပွဲတွင် ပြဇာတ်တစ်ခု တင်ဆက်ကြမည်။ ဇာတ်လမ်းဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သီချင်းရေးဆရာ အားလုံး ကျွန်တော်ချည်းပါပဲ။ သီချင်းရေးဆရာဆိုလိုက်လို့ "အောင်သင်းက တယ်ဟုတ်

ပါလား၊ စွယ်စုံပါလား၊ ဂီတဘက်မှာလဲ ရသကိုး” ဟု အထင် မကြီးလိုက်ပါလေနှင့်။ တေးသွားကို ဟိုထဲက တီးလုံးကလေးယူလိုက်၊ ဒီထဲက “အတော” လေးကို ထည့်လိုက် စသည်ဖြင့် “ဖြတ်၊ ညှပ်၊ ကပ်” လုပ်ထား လိုက်ခြင်းသာ ဖြစ်ပါသည်။ တေးစာသားကိုတော့ (ကျွန်တော်က စာပေကဗျာ ဝါသနာပါသူမို့) အတော် လေးလှလှပပ လုပ်တတ်ကိုင်တတ်ရှိသည်။ ဤနည်း အားဖြင့် ပြဇာတ်သီချင်းတွေကို ရေးခဲ့ခြင်းဖြစ်သည်။

ပြဇာတ်ဇာတ်လမ်းတွေ ဘာတွေကိုတော့ သိပ်မမှတ်မိတော့ပြီ။ သို့သော် သတိရတာလေး တစ်ခုကိုတော့ ပြောလိုက် ရဦးမည်။ ကျွန်တော့် ပြဇာတ် ထဲတွင် အိမ်ထောင်ရှိ သားသည်အဖေ ကာလသားကြီး နှစ်ယောက်ကိုလည်း ထည့်သုံးထားသည်။ “ကိုလှတင်” တဲ့။ “ကိုဘသော်”တဲ့။ သူတို့က ကျွန်တော့်ထက် အသက် ၇ နှစ်လောက် ကြီးကြမည်ထင်သည်။ အသက် ၇ နှစ် လောက်ဆိုတာ ငယ်စဉ်အခါလောက် မှာ အလွန်ကို ကွာခြားသည်။ စဉ်းစားကြည့်ပေါ့။ ကျွန်တော်က ဆယ်နှစ်သားလောက်မှာ သူတို့က ၁၇ နှစ်လောက်။ ကျွန်တော်က လူစာရင်းမပေါက်သေး။ ကလေးသာသာ၊ ခွေးသာသာ ဆိုတာမျိုးလေးပေါ့။ ပြဇာတ်ကကြသည့်အချိန်မှာတော့ ကျွန်တော်က

စာလေးပေလေးလည်း ဖတ်သောကြောင့် လူရာဝင်လာခဲ့ပြီ။ လူရာဝင်ရုံသာမက ပြဇာတ်ဒါရိုက်တာကြီးပင် ဖြစ်လာခဲ့ပြီ။ ဒီတော့ သူတို့ကလည်း ကျွန်တော့်စကားကို နားထောင်ကြရပြီ။ သူတို့နှင့်ကျွန်တော် ဒါရိုက်တာ ဆက်ဆံရပုံကို ပြောလိုက်ရပါဦးမည်။

“ဒီလို . . . ကိုလှတင်က ကန့်လန့်ကာ ညာဘက်ကထွက်၊ ကိုဘသော်က ဘယ်ဘက်ကထွက်။ ဇာတ်ခုံပေါ်မှာ လျှောက်သွား။ တစ်ယောက်ကို တစ်ယောက် မသိကြဘူး”

ကိုလှတင်က . . .

“ဟ . . . အောင်သင်းရ၊ ငါက ဒီကောင် ဘသော်ကို သိနေတာပဲဟ။ မသိဘဲနေလို့ ဖြစ်မလား ကွ”

“သိသိဗျာ၊ ဒီနေရာမှာ မသိရဘူး၊ ပြဇာတ်ဗျ၊ ဟန်လုပ်ရတာ။ ထားလိုက်တော့။ တစ်ယောက်ကို တစ်ယောက်တော့ ကြည့်သွား။ နည်းနည်းလေး လွန်ကာမှ တစ်ယောက်ကိုတစ်ယောက် ပြန်လှည့်ကြည့်။ ပြီးမှ “ဟော့ . . . မင်း . . . ဘသော်မဟုတ် လား” ဒီတော့မှ ကိုဘသော်ကလည်း “ဟော့ကောင် . . . မင်း . . . လှတင်မဟုတ်လား” အဲဒီလို သူငယ်ချင်းဟောင်းတွေ ပြန်တွေ့တာမျိုး မေးရမှာ”

ဖြတ်ကာကျော်ကာ ပြောလိုက်ရပါဦးမည်။ တကယ်ပြဇာတ်ထွက်ကြသောအခါ ကိုလှတင်က ကန့်လန့်ကာ ညာဘက်က လှမ်းပြီး ခေါင်းပြူကြည့်လိုက်သည်။ ဘယ်ဘက်က "ဘသော်ထွက်လာပြီလား"ပေါ့။ မမြင်လိုက်တော့ ပြန်ပြီးခေါင်းလျှိုဝင်သွားသည်။ ဘယ်ဘက်က ကိုဘသော်ကလည်း ထိုနည်းတူ ခေါင်းပြူလာသည်။ လှမ်းကြည့်လိုက်တော့ ကိုလှတင်ကိုမမြင်။ ထို့ကြောင့် ခေါင်းလျှိုဝင်သွားပြန်သည်။ ဒီလိုနှင့် ကန့်လန့်ကာတစ်ဘက်တစ်ချက်တွင် ခေါင်း နှစ်လုံးက ဟိုဘက်ဒီဘက် ဝင်လိုက် ထွက်လိုက် လုပ်နေ တော့ ပရိသတ်က တဝါးဝါးဖြစ်နေလေတော့သည်။

ဒီလိုနှင့် ကြာလာတော့ ကျွန်တော့်ပြဇာတ်မို့ နောက်ပိုင်းတွင်လာကြည့်သည့် ကျွန်တော့်ဆရာ သခင်ကျော်စိန်က "ခွေးသားတွေ ထွက်မှာဖြင့်လည်း ထွက်တာမဟုတ်ဘူး၊ ဘာလုပ်နေကြတာလဲ"ဟု အော်လိုက်မှ နှစ်ယောက်သား စောင်းငန်း စောင်းငန်းနှင့် ထွက်သွားကြတော့သည်။

ပြောလိုက်ရဦးမည်။ ပြဇာတ်မင်းသမီးက "ကရင်မလေး နန်းငွေတင်"တဲ့။ သူက တကယ်တော့ ဇာတ်မင်းသမီး။ ကရင်မလည်းအမှန်ဖြစ်ပုံရသည်။ 'ဟထိုးသံ'ကို မပီ။ ဆိုပါစို့ "နှင်းတွေ ဝေနေတယ်" ဆိုလျှင်

"နှင်းတွေ ဝေနေတယ်" ဟုသာ ပြောတတ်သည်။

ပြောလိုက်ရပါဦးမည်။ ကျွန်တော်တို့ ငယ်ငယ်က တိုင်းရင်းသူနာမည်နှင့် မင်းသမီးတွေ အတော်လေး များခဲ့သည်။ "မွန်မလေး မတင်ကြည်"တဲ့။ "ချင်းမလေး အောင်စိန်"တဲ့။ သူတို့ကို ကျွန်တော်တို့ တကယ်ကိုချစ်ခဲ့ကြပါသည်။ ချင်းမလေး အောင်စိန် ဆိုလျှင် ကျွန်တော်တို့ တောင်တွင်းကြီး ကာလသားတွေ အလွန်ကို စွဲခဲ့ကြသည်ဆိုပဲ။ ကျွန်တော်က ကလေး သာသာမို့ ကောင်းကောင်းမသိလိုက်။ သေချာသိမိ လိုက်သော သခင်ကျော်စိန် ပြောစကားအရဆိုလျှင် သီချင်းဆိုပေါက်နှင့် "မေးဆတ်ပုံ" အလွန်ကောင်းဆိုပဲ။ ကျွန်တော်က စာဖြင့် ရေးနေရသည်မို့ပါပဲ။ သူ့ဆိုပေါက် ကို စာဖတ်သူအနားမှာရှိနေလျှင် ဆိုပြလိုက်ချင် ပါသည်။ သီချင်းက . . .

"ချင်းမတို့တောင်ခြေကိုရှင် ဘယ်သူ ဘယ်သူ လိုက်မယ်"

(ဝိုင်းဆို) "ဒို့လိုက်မယ် ဒို့လိုက်မယ်"

"တကယ်ခေါ်တာ ချင်းမအပျိုစင်၊ မငြင်းစရာ့ အစ်ကိုသခင်၊ တကယ်ခေါ်တာ ချင်းမအပျိုစင် မငြင်းစရာ့အစ်ကို သခင်၊ နှောင်အရှည်မျှော်လျှင် - ချင်းမတို့ တောင်ခြေကို ခေါ်ချင်"

ထိုသီချင်းကို ဆိုသောအခါ ချင်းမလေး အောင်စိန် ဆိုပုံက (သခင်ကျော်စိန် ဆိုပြချက်အရ) -

"တကယ်ခေါ်တာ" ဟုမဆို "တကယ့်- ခေါ်-တာ"ဟု မေးကလေးဆတ်ပြီး ဆိုတာမျိုးတဲ့။ အမယ်လေး ချင်းမလေး အောင်စိန် ခေါ်လိုက်လို့ ပါသွားလိုက်တာကို ပြောလိုက်ရဦးမယ်။ ချင်းမလေး အောင်စိန်က တောင်တွင်းကြီးပွဲပြီးတော့ မကွေးပွဲကို ဆက်ရတာကိုး။ ကာလသား ဆယ်ယောက်လောက် ဟာ မကွေးထိအောင် လိုက်ကြည့်ကြတယ်ဆိုပဲ။ အဲဒီအထဲမှာ ပတ္တလားတီးတတ်တဲ့ "ကိုထွန်းစိန်" ဆိုတဲ့လူကြီးကတော့ သူတို့ဇာတ်ထဲ ဝင်ပြီးပါသွားလိုက် တာ တောင်တွင်းကြီးကို ပြန်မလာတော့ဘူးတဲ့။ ရန်ကုန် ဘက်ကို ရောက်သွားသည်ဟု ပြောပါသည်။

သတိရလာမိတာလေးကြောင့် ချော်တောငေါ့ လိုက်ပါရစေဦး။ "ကရင်မလေး နန်းငွေတင်" "ချင်းမလေးအောင်စိန်" "မွန်မလေး တင်ကြည်" ဆိုတာ တွေဟာ တကယ့်နာမည်အမှန်တွေ ဖြစ်ပါသည်။ ("နန်းငွေတင်" ဆိုတာကတော့ ကျွန်တော် အမှတ်မှား ကောင်းမှားနိုင်ပါသည်။ ကျန်တာတွေကတော့ နာမည် အမှန်ဖြစ်ကြောင်း အာမခံနိုင်ပါသည်။) ကျွန်တော်တို့ ဟာ သူတို့ကို ချစ်ကိုချစ်ခဲ့ကြတာ အမှန်ပါ။ အခု ပြန်ပြီး

စဉ်းစားကြည့်လိုက်တော့ သူတို့ဟာ တကယ့်ချင်း၊ တကယ့်မွန် ဟုတ်မှဟုတ်ပါလေရဲ့လားဟုပင် သံသယဖြစ်မိပါသည်။ တကယ်လို့ ချင်းမလေးဆိုရင်လည်း ငွေ့ငွေ့လောက်ပဲ ချင်းသွေးပါတဲ့ ချင်းများ ဖြစ်လေမလားလို့တောင် အောက်မေ့မိပါသည်။ ဒါဖြင့် ဘာကြောင့် ချင်းမလေး၊ မွန်မလေးဆိုတဲ့ နာမည်ကို ခံယူကြသလဲဆိုရင် (၁) ထူးထူးခြားခြားဖြစ်သည်၊ (၂) ပရိသတ်က ချစ်ခင်ကြသည်။ (၃) တော်ရုံတန်ရုံ ပြောမှားဆိုမှားဖြစ်လျှင်ပင် ပရိသတ်က ကြင်နာစိတ်နှင့် ခွင့်လွှတ်စရာ အကြောင်းရှိသည်။ ဒီအချက်တွေကြောင့် တိုင်းရင်းသူ နာမည်တွေကို ခံယူခဲ့ကြသည်ဟု ထင်မိပါသည်။

**ထင်ရှားသေချာတာ တစ်ခုကတော့ ကျွန်တော်တို့ဟာ တိုင်းရင်းသား၊ တိုင်းရင်းသူတွေကို ချစ်စိတ်အခြေခံ ရှိနေခဲ့ကြသည် ဟူသော အချက်ပင် ဖြစ်ပါသည်။ ။**

(၁၂. ၆. ၂၀၀၄)

# လူပျိုသိုး နာမည်ပျက်ခဲ့ရခြင်း (၂)

ယခင်တစ်ပတ်က ကျွန်တော်၏ဆောင်းပါး သဝေထိုး သွားခဲ့သည်။ တိုင်းရင်းသား တိုင်းရင်းသူတွေကို အငြိမ့် မင်းသမီးကအစ ချစ်ခင်လေးစားခဲ့ကြကြောင်း ကျွန်တော်ရေးခဲ့သည်။ သည်အခါက အင်္ဂလိပ်လက် အောက်ခံဘဝဖြစ်သည်။ လွတ်လပ်ရေး ရပြီးခါမှ ကျွန်တော်တို့ စိတ်ဝမ်းကွဲလာကြသည်။

သေချာစစ်ဆေးကြည့်လိုက်တော့လည်း ကျွန်တော်တို့ချင်း စိတ်ဝမ်းမကွဲ။ ကျွန်တော့်ဆရာ သခင်ကျော်စိန်တို့ ချင်းမကလေး အောင်စိန်ကို ချစ်ခဲ့ သလို၊ ကျွန်တော်တို့လည်း မွန်မလေး မတင်ကြည်ကို ချစ်ခဲ့ကြသည်။ ကျွန်တော်တို့တင်လား ဆိုတော့ မဟုတ် သေး။ ဒီခေတ် ကောင်လေးတွေ၊ ကောင်မလေးတွေ ကလည်း “စိုင်းထီးဆိုင်” “စိုင်းခမ်းလိတ်” ဆိုရင် အသေ ကြိုက်၊ ကျန်တဲ့ တိုင်းရင်းသား တိုင်းရင်းသူ အဆိုတော် တွေကိုတော့ ကျွန်တော်လည်း မမှတ်မိတော့ပြီ။

အယ်လ်ခွန်းရှိ ကောလျာနူး၊ စောဘွဲ့မှူး ဆိုတာတွေ အပြင် ဘာလူမျိုးမှန်းမသိသော အာမထိ လျှာမထိ "အငဲ" ဆိုတာတောင် ပါလိုက်သေးသည်။ သူတို့ နာမည်တွေကလည်း အမှတ်ရအခက်သား။ အဖိုးကြီး တစ်ယောက်ကို စိန်ခေါ်နေသည့် နာမည်များဖြစ်သည်။ လွယ်သည့်ကိစ္စ မဟုတ်။ ကျွန်တော်ကသာ မမှတ်မိတာ၊ ကျွန်တော့်မြေး အထီးလေးတွေ အမလေးတွေ ကတော့ သူတို့ကို ချစ်နေကြသည်သာဖြစ်သည်။

ဤသို့ချစ်နေကြပါလျက် လူမျိုးစုအချင်းချင်း မယုံသင်္ကာ ဖြစ်လာကြသည်။ ဘာကြောင့်ဖြစ်ရသလဲ စဉ်းစားကြသင့်သည်ဟုလည်း ကျွန်တော် ပြောခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း မစဉ်းစားတတ်ကြောင်း ဝန်ခံခဲ့ပါသည်။

ကျွန်တော်ကိုယ်တိုင်က မစဉ်းစားတတ်သော်လည်း စဉ်းစားတတ်သူ ပုဂ္ဂိုလ်ကျော်တစ်ဦး၏ စကားကိုတော့ဖြင့် ကျွန်တော်မှတ်မိနေပါသေးသည်။ ပြောသူက အိန္ဒိယနိုင်ငံတော်၏ ပထမဆုံးသမ္မတကြီး ဒေါက်တာရာဂျန္ဒြရာပရာဆတ်။ ပြောသည့်နေရာက တက္ကသိုလ်ဘွဲ့နှင်းသဘင်။ ခေါင်းစဉ်က "ခေါင်းဆောင်သင်တန်း" (Training For Leadership)။ ပဓာန အာဘော်အားဖြင့် တက္ကသိုလ်ကျောင်းတော်သူ

ကျောင်းတော်သားများသည် နိုင်ငံတော်အတွက် ခေါင်းဆောင်မှုသင်တန်း တက်နေကြရကြောင်း အလေးအနက် နှလုံးပိုက်ထားရန် နှိုးဆော်ခြင်း ဖြစ်ပါသည်။

ထိုအချိန်အခါက အိန္ဒိယပြည်ကြီး လွတ်လပ်ရေးရပြီးစဖြစ်သည်။ အားလုံးသိကြသည့်အတိုင်း အိန္ဒိယတိုက်ငယ်ကလည်း လူမျိုးပေါင်းစုံ၊ အယူအဆ၊ ကိုးကွယ်မှု၊ ယုံကြည်မှုပေါင်းစုံ ရောပြွမ်းနေသော နိုင်ငံကြီးဖြစ်သည်။ ခေါင်းဆောင်ကြီး ဒေါက်တာ ရာဂျန္ဒြာပရာဆတ်၏ မိန့်ခွန်းမှ ကျွန်တော် စိတ်ဝင်စားသောအပိုင်း၏ လိုရင်းအချုပ်ကို ထုတ်ပြလိုက်ချင်ပါသည်။

* * *

*"မောင်တို့ မယ်တို့ . . .*

*ငါတို့တစ်တွေဟာ လွတ်လပ်ရေး ရခဲ့ပြီးပြီ။ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ အားလုံးစုပေါင်းနေထိုင်ကြတော့မယ်။ အင်္ဂလိပ်လက်အောက်မှာ နေခဲ့ရစဉ်က ဒီလိုပဲအမှတ်မထင် နေလာခဲ့ကြပေမယ့် စုပေါင်းပြီးနေတော့မယ်ဆိုခါမှ စိတ်ဝမ်းကွဲသွားတတ်ကြတယ်။ သာဓကကို ပြရမယ်ဆိုရင် မောင်တို့ မယ်တို့ သိတဲ့အတိုင်း 'ဂရိစ်' ဟာ ပထမတုန်းက မြို့ပြ*

နိုင်ငံလေး ကိုယ်စီနဲ့ သီးခြားနေခဲ့ကြတာပါပဲ။ ကိုယ့်မြို့ပြ ကလေး သီးခြားပင်ရှိလင့်ကစား ဒီလိုပဲ အရောရော အနှောနှော ကူးလူးဆက်ဆံနေခဲ့ကြတာပဲ။ နောက်တော့ ဂရိမြို့ပြနိုင်ငံတွေအားလုံး စုပေါင်းပြီးနေကြမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ပထမတုန်းက ဘာမှ မဖြစ်ဘူး။ စုပေါင်းပြီး နေကြတော့မယ်လည်း ဆိုလိုက်ရော သူက သာနိုးနိုး၊ ကိုယ်က နာနိုးနိုး။ သူကများ လွှမ်းမိုးသွားလေ မလား၊ ကိုယ့်အမျိုးသား ပျောက်သွားလေမလား စသည်အားဖြင့် တစ်ဦးကိုတစ်ဦး သံသယ ဖြစ်လာကြ တော့တာပဲ။ ဒီတော့ ကိုယ့်အမျိုးသားယဉ်ကျေးမှု ကလေး ပျောက်ပျက်မသွားအောင် အရင်က မေ့မေ့ လျော့လျော့ထားခဲ့တဲ့ ယဉ်ကျေးမှု အဟောင်းအနွမ်း ကလေးတွေကအစ ပြန်ပြီးဖော်ထုတ်ဖို့ ကြိုးစားလာခဲ့ ကြတယ်။ အဲဒီလို ဖြစ်မလာလေအောင် မောင်တို့ မယ်တို့ စောင့်ရှောက်ကြရလိမ့်မယ်"

* * *

အိန္ဒိယနိုင်ငံတော် သမ္မတကြီး၏မိန့်ခွန်းကို သေချာစဉ်းစားကြည့်နိုင်ရန် တင်ပြလိုက်ရခြင်းဖြစ်ပါ သည်။ ကျွန်တော့် လက်ထဲတွင် ထိုစာအုပ်မရှိသော ကြောင့် တိတိကျကျ လုံးစေ့ပါဌ်စေ့ ဘာသာပြန် မဟုတ် ကြောင်း ဝန်ခံပါသည်။ သို့သော် အသည်းစွဲအောင်

မှတ်ထားမိခဲ့သောကြောင့် လိုရင်းအချက် မတိမ်းယိမ်း ကြောင်းကိုတော့ အာမခံနိုင်ပါသည်။

* * *

ကျွန်တော် ချော်တောငေါ့ သဝေထိုးသွား လိုက်တာ အတော်ကလေး ကြာသွားသည်။ ထို့ကြောင့် ကျွန်တော်တို့ တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ် "ရွှေမော်ဓော" ဘုရားပွဲ ပြဇာတ်ကိုတောင် စာဖတ်သူ မေ့သွားလောက်ပြီထင်သည်။

ရှေ့ပိုင်းတွင် ရေးခဲ့သည့်အတိုင်း ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သီချင်းရေးဆရာ၊ ဒါရိုက်တာအားလုံး ကျွန်တော်ပါပဲ။ ကျွန်တော်က ဇာတ်ပို့နေရာတစ်ခု လောက်ကိုတော့ ယူထားသည်။ ဇာတ်လိုက်က "တင်မောင်" ဆိုတဲ့ ကျောင်းသွားဘက် သူငယ်ချင်း တစ်ယောက်ကို တင်ထားသည်။ သူက ရုပ်ဖြောင့်သည်၊ မီးစားသည်။

မင်းသမီး မင်းသား သစ္စာထားသီချင်းကို တိုက်ကြတော့ မင်းသမီးကရင်မ နန့်ငွေတင်ကို သီချင်း ဆိုနေရုံမဟုတ်ဘဲ ဟန်အမူအရာပါလုပ်ဖို့ ပြောသည်။ ပြောလို့မရ။ "တော်တို့သာ လုပ်ကြပါ၊ ကျုပ်တို့က ဇာတ် သမားပဲ၊ အချိန်မရွေး လုပ်လို့ ရပါတယ်" ဟု ဒူးလှုပ်လှုပ်၊ ပေါင်လှုပ်လှုပ် ကလေးနို့တိုက်နေရင်း ပြောသည်။

တကယ်ဆိုတော့ ပြဇာတ်နှစ်ပါးသွားဆိုသည်မှာ ဘာမှ ခက်လှသည်မဟုတ်၊ ဟန်အမူအရာကလေးနှင့် သီချင်းဆိုပြီး၊ မင်းသားက လက်ကလေးကိုဆွဲပြီး ညာဘက်ပို့လိုက်၊ ဘယ်ဘက်ခေါ်လိုက် လုပ်နေတာလောက်သာ ဖြစ်သည်။ အဲဒါလောက်ကလေးကိုပင် မလုပ်ချင်ဆိုတော့ ကျွန်တော်လည်း ပြောမနေတော့ပြီ။

သူငယ်ချင်း တင်မောင်ကို ကျွန်တော်က အလွမ်းအသော အမူအရာ သင်ပြပေးရသည်။ သူက လည်း ကြိုးစားပမ်းစား လုပ်ရှာပါသည်။ သို့သော် စာဖတ်သူက ကျွန်တော့်ကို "ကြွားသည်" ဟုဆိုလျှင် လည်း ခံရပါတော့မည်။ ကျွန်တော်က သရုပ် ဆောင်မှု ဘက်တွင် အတော်လေးပါရမီပါပုံရပါသည်။တော်ရုံ တန်ရုံလူ ကျွန်တော့်အမူအရာကို မြင်လိုက်ရလျှင် "ဖြုံ" သွားလောက်အောင် ပီပီပြင်ပြင် လုပ်တတ်သည်။ တင်မောင်က ကျွန်တော်လုပ်ပြနေသော အမူအရာတွေကို လိုက်ကြည့်နေရင်း စိတ်ဓာတ်ကျသွားပုံရသည်။ ပြဇာတ်မကမီတစ်ရက်အလိုတွင်မှကပ်ပြီး "အောင်သင်း . . . ငါ မရဘူးကွ၊ မင်းလုပ်ရင် အကောင်းဆုံးပဲ။ ငါ လုပ်ရင် ရပ်ကွက်ပါ နာမည်ပျက်လိမ့်မယ်" ဘာညာနှင့် ဇွတ်ကိုငြင်းပြီး ငုတ်တုတ်ကြီး ထိုင်နေပါတော့သည်။

ဇာတ်တိုက်တာက သူတို့အိမ်မှာ ဖြစ်လေ

တော့ သူ့မိန်းမ (ကျွန်တော့်သူငယ်ချင်း)ကလည်း ဘေးကမြင်နေသည်မို့ "ဟုတ်တယ်ဟဲ့ . . အောင်သင်း ရဲ့ နင်ကိုယ်တိုင်လုပ်ရင် ကောင်းမယ်။ ငါလည်း ဘေးက ကြည့်နေရတာ အားမရဘူး" သည်လိုနှင့် ဟိုလူကပြော၊ ဒီလူကတောင်းပန်နှင့်ပင် နောက်တစ်ယောက် ရှေးရန် လည်း အချိန်မရတော့သောကြောင့် ကျွန်တော်က မင်းသား ဖြစ်သွားခဲ့ပါလေတော့သည်။

မင်းသားလုပ်ရလည်း ဘာမှအရေးမကြီးပါ။ ကိုယ့်ဇာတ်ကိုယ်နိုင်နေပြီးသား မဟုတ်လား။ ဘယ်ဇာတ်ရုပ်နေရာက ဝင်လိုက်ရသည်ဖြစ်စေ အသင့်ပါပဲ။

ဒီလိုနှင့် ပြဇာတ်ကကြပါလေရော။ ညမီးရောင် အောက်မှာ ပြဇာတ်မင်းသားလေး မောင်အောင်သင်း က နှစ်ပါးသွားသီချင်း ကောက်ဆိုလိုက်သည်။ နှစ်ပေါင်းကြာတော့ သီချင်းကို မေ့တော့တောင် ရှိပါပြီ။ ဆိုပါတော့ . . .

"ချစ်လော . . . က ဘုံသံသရာဝယ်၊ ဆုံပြန် လှာတယ် . . . ခင့်ကိုလေ ချစ်တာဖွင့်ပြော . . . မယ်"

သီချင်းစလိုက်ကာရှိသေး ရှေ့မင်းသမီး ကရင်မ၏လက်က တောင်တက်လာပါလေရော။ သူက ဇာတ်မင်းသမီးလေ။ ဒီတော့ သီချင်းဆိုရင် ကရမယ် မဟုတ်လား။ ကတော့ကတာပေါ့။ ပြဇာတ်တိုက်ရ

အောင် လာပါဆိုတုန်းကတော့ ကလေးနို့တိုက်နေပြီး စင်ပေါ်ရောက်မှ ကတော့မလို ကွေးတော့မလို လုပ်လာတော့ ကျွန်တော့်မှာ စိတ်ဆိုးစိတ်ကောက် နေလို့ကလည်း ဖြစ်သည်မဟုတ်။ သူ့လက်ကို မလှုပ်နိုင်အောင် ဖမ်းဆွဲထားလိုက်သည်။ ကြိတ်ပြီး "မကနဲ့ မကနဲ့"ဟု ပြောသော်လည်းမရ။ သူ့သီချင်း ဆိုလှည့်မှာလည်း လက်ကကွေးကောက်ပြီး တက်လာပြန်သည်။ သူ့အကျင့်ကို မဖျောက်နိုင်။ ဒီတော့ ကျွန်တော် ကလည်း မတတ်နိုင်၊ လက်ကိုဖမ်းဆွဲလိုက်ရပြန် သည်ပေါ့။ ဒါတောင် သူက ကချင်လို့ ရုန်းသေးသည်။ သို့သော် လွှတ်ပေးလို့ကလည်း မဖြစ်တော့။ ဆွဲထား ပေါ့။ သည်လိုနှင့်ပင် ကျွန်တော်တို့နှစ်ပါးသွားမှာ မဟား ဒယား ဆွဲလားရုန်းလားနှင့် ပြီးသွားခဲ့ရပါတော့သည်။

အဲဒါက အရေးမကြီး။ နောက်တစ်နေ့ ရောက်တော့ အရပ်ထဲက အပျိုကြီးတွေက . . .

"လူပျိုသိုးကြီး အောင်သင်းတို့များဟော့ . . . လသာခိုက်ပိုင်းငင်၊ မိုးရွာတုန်းရေခံ။ ညတုန်းက မင်းသမီးလက်ကို လွှတ်ကိုမလွှတ်တော့ဘူး . . ဟဲ့" တဲ့။

ကိုင်း . . . ကြည့်စမ်း၊ အဲဒါ ကွယ်ရာမှာ အတင်းပြောနေတာမဟုတ်၊ ကျွန်တော့်ကို ရယ်မော ပြောဆိုနေခြင်းဖြစ်သည်။ သူတို့က ပွဲကြည့်၊

အောင်သင်းက ဇာတ်ခုံပေါ်က။ ဒီတော့ မယ်မင်းကြီးမက လက်ကိုလွှတ်လိုက်တိုင်း ကမည်ကွေးမည်လုပ်နေတာကြောင့် မလွှတ်ဝံ့ကြောင်းကို ပြောပြလိုက်တော့ သူတို့အဖို့ ရယ်ပွဲကြီးပေါ့ခင်ဗျာ။ ဒါတောင်တစ်ယောက်က ပြောလိုက်သေးသည် . . .

"သိပါဘူးဟယ် . . . အောင်သင်းတို့ကတော့ ဒီကရမှ ဒီက စားရတာမျိုး ဖြစ်နေတာကိုးလို့ တို့က ပြောမိသေးတယ်" တဲ့။

အဲဒါပါပဲခင်ဗျား။ ကျွန်တော်က မင်းသမီးလက်ကို ဆွဲချင်လွန်းလို့ မဟုတ်ပါဘူး။ မလွှဲသာလို့ ဆွဲထားခဲ့ရတာပါ။ သို့သော်လည်း စင်အောက်က ပရိသတ်ကတော့ "ဒီကရမှ ဒီကစားရလို့" ဆိုပဲ။ လူပျိုသိုးနာမည်ပျက်တာပေါ့ ခင်ဗျာ။

ဩော် . . . ကျွန်တော့်ရွှေမင်းသမီး ကရင်မလေးလည်း ရှိရှာတော့မည် မထင်။

မွန်မလေး မတင်ကြည်လည်း မရှိတော့ဘူးဟု သိရသည်။

ချင်းမလေး အောင်စိန်လည်း မရှိတော့တာ အကြာမေ့ကြီး ရှိခဲ့ပြီ။

သို့သော်လည်း ကျွန်တော့်ရင်ထဲမှာ ကျန်နေသေးသည်က . . . ချင်းမလေး အောင်စိန်ရဲ့ . . .

"ချင်းမတို့ တောင်ခြေကိုရှင် ဘယ်သူ ဘယ်သူ လိုက်မယ်"

"ဒို့လိုက်မယ် ... ဒို့လိုက်မယ် ... အောင်သင်းတို့ လိုက်မယ်"

(၁၄. ၆. ၂၀၀၄)

# နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ

ကျွန်တော့်ထံ စာမူတစ်ပုဒ်လာပြီး တောင်းပါသည်။ ကြိုက်သည့် အကြောင်းအရာကို ကြိုက်သည့် ပုံသဏ္ဌာန်နှင့် ရေးပေးနိုင်သည်။ သို့သော်လည်း အကန့်အသတ်မဲ့တော့ဖြင့် မဟုတ်။ အခါအားလျော်စွာ သူတို့စာတည်းအဖွဲ့က သတ်မှတ်ပြဌာန်းလိုက်သော ခေါင်းစဉ်နှင့် ပတ်သက်သည့် အကြောင်းအရာသာ ဖြစ်စေရမည်။ ဤသို့ဆိုရာတွင်လည်း စာတည်းအဖွဲ့က စည်းကမ်းသတ်မှတ် ဘောင်ခတ်လိုက်ခြင်းမျိုး မဟုတ်။ ဤသို့ ဤသို့သောစာမျိုး တစ်ပုဒ်ကို ရေးသားချီးမြှင့်ပေးပါဟု တောင်းပန်မေတ္တာရပ်ခံခြင်းပင် ဖြစ်ပါသည်။

သူတို့ သတ်မှတ်လိုက်သည့် ခေါင်းစဉ်မှာလည်း နှစ်သက်လိုလားအပ်သည်ဟု ယူဆမိသောကြောင့် ရေးပေးလိုက်ရပါသည်။

သူတို့ သတ်မှတ်ထားသည့် ခေါင်းစဉ်က -

**"နှလုံးသားကို လေးပေါ်တင်၍ ပစ်သော အခါ"**

ဤသို့သော အလင်္ကာစကားစုမျိုးလေးများကို ငယ်စဉ်က အလွန်ကို နှစ်သက်မြတ်နိုးခြင်း ဖြစ်ခဲ့ဖူး ပါသည်။ ယခုအခါတွင်သော်ကား အလင်္ကာကို ခွာပြီး စဉ်းစားခြင်း၊ အလင်္ကာမပါ အကျိုးအကြောင်းသက်သက် ဖြင့်သာ ပြောဆိုရေးသားခြင်းကို အားထုတ်ခဲ့သည်မှာ အတော်ကလေး ကြာခဲ့ပါပြီ။ "အလင်္ကာ၏အန္တရာယ်" ဟူသော ဆောင်းပါးကို ကျွန်တော်ရေးခဲ့သည်ကပင် နှစ်ပေါင်းနှစ်ဆယ်လောက် ကြာခဲ့ပါလေပြီ။ သို့သော် လည်း လူငယ်သည် လူငယ်သာဖြစ်၍ လူကြီးသည် လူကြီးသာဖြစ်သည့်အတိုင်း "နှလုံးသားကို လေးပေါ် တင်၍ပစ်လိုက်ခြင်း" သည် လူငယ်တို့၏ နှလုံးသား ဗဟိုကို ပို၍ပြီးတည့်တည့် ထိမှန်နိုင်ရာသည်ဟုလည်း အောက်မေ့လိုက်မိပါသည်။

**ဆုတောင်းခြင်းနှင့် ဆုပန်ခြင်း**

"ယောက်ျားကောင်းဆိုတာ ဆုမတောင်း ရဘူးကွ၊ ဆုပန်ရတယ်" ရင်းနှီးသော တပည့်များ၊ ရင်းနှီးသော လူငယ်များကို ကျွန်တော်ဤသို့ ပြောလေ့

ရှိပါသည်။ တစ်ခါတစ်ရံ စာပေစင်မြင့်မှ ဟောပြော ရာ၌ပင် ပါသွားတတ်သေးသည်။

"ပထဝီပြင်မှာ အလျားမှောက်ပါလို့၊ ဒီပက်ရာ ဘုရား လျှောက်ရအောင်ကွယ်၊ တံတားဆောက်ခဲ့ပါတဲ့ သုမေဓာ" ဟူသော စာကလေး တပိုင်းတစ်စကိုလည်း ချစ်မြတ်နိုးစွာ ကြားခဲ့ရဖူးပါသည်။ သုမေဓာရှင်ရသေ့ ကလေး ဒီပင်္ကရာဘုရားရှေ့မှာ ဝပ်စင်းတံတားခင်းပြီး ဘုရားဆုပန်နေပုံ ပန်းချီကားများ၊ ပန်းပုရုပ်တုများကို လည်း မြင်ဖူးနေသောကြောင့် သုမေဓာရသေ့ငယ်ကို ကြည်ညိုခြင်း၊ ကြည်နူးခြင်း ဖြစ်ခဲ့ဖူးပါသည်။

ဤသို့နှင့် . . .

ကျွန်တော်တို့ တောင်တွင်းကြီးတွင် ခွဲပ်ကျကျ ဆရာတော်တစ်ပါးရှိပါသည်။ တစ်ခါတွင်တော့ အခါကြီးရက်ကြီးတွင် အများသူငါလို ကျွန်တော်လည်း သူ့ကျောင်း ရောက်သွားပြီး အများသူငါလိုပဲ ဥပုသ် ယူပါသည်။ ထုံးစံအတိုင်း အားလုံးတစ်ညီတည်း "ဩကာသ၊ ဩကာသ" စသည်ဖြင့် ကန်တော့ကြပါ သည်။ ဆရာတော်ကလည်း ထုံးစံအတိုင်း "ဗုဒ္ဓံ ဓမ္မံ သံဃံ ဟူသော ရတနာသုံးပါးကို" စသည်အားဖြင့် 'ကန်တော့ချီး' ပေးရန်သာ ဖြစ်ပါသည်။ ထိုနေ့တွင် တော့ ဆရာတော်က ဘယ်လို စိတ်ကူးပေါက်သွားလိုက်

သည်မသိ ၊ 'ကန်တော့ချိုး' မပေးသေးဘဲ ပြုံးပြုံးကြီး ခဏလောက်နေပြီးမှ -

"အင်း . . . မင်းတို့ကလည်းကွာ တိုလီမိုလီ ပစ္စည်းလေးတွေ ငါ့ရှေ့လာချပေးတဲ့ပြီး တောင်းလိုက်တဲ့ ဆုတွေကလည်း မနည်းပါလားကွာ။ နိဗ္ဗာန်တောင် ပါလိုက်သေး။ ငါကလည်း ပေးနိုင်ရင်ပေးလိုက်ပါ ရဲ့ကွာ။ ဒါပေမဲ့ ခက်တာက ငါကိုယ်တိုင်က တကယ်ပဲ ပေးနိုင်ရင်တောင်မှ ငါ့အစ်မအရင်းတစ်ယောက် ရှိနေသေးတော့ ပေးချင်းပေးရင် သူ့ကို အရင်ပေးချင်တာ ပေါ့ကွာ။ သို့သော်လည်း မင်းတို့ကလည်း ရလိမ့်မယ် ထင်လို့ တောင်းကြတာ။ ငါက မပေးပြန်ဘူးဆိုရင် လည်း မင်းတို့က မကျေမနပ် ဖြစ်နေကြရောမယ်။ ဒီတော့ မင်းတို့ကျေနပ်အောင်တော့ ပေးလိုက်ရသေး တာပေါ့ကွယ် . . ကဲကဲ . . ဤကဲ့သို့ ရတနာသုံးပါးကို ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ရသော ကုသိုလ်ကံ ပဏာမ စေတနာတို့ကြောင့် " စသည်ဖြင့် ဆက်လက် ဆုပေးသွားပါသည်။

ထိုအချိန်ကစပြီး ဆုတောင်း၊ ဆုယူပြုခြင်း၊ ဆုပန်ခြင်းတို့ကို ဝိုးတဝါးစဉ်စားခြင်း ပြုမိလာပါသည်။ နိဗ္ဗာန်ဆိုတာ သူများက ပေးလိုက်လို့ရတာ မဟုတ် ပါလား။ ကိုယ်ဘာသာလုပ်ယူရတာပါလား။ သုမေဓာ

ရှင်ရသေ့က ဒီပင်္ကရာဘုရားရှေ့မှာ ဘုရားဆုပန်ခဲ့တယ် ဆိုတာ ဒီပင်္ကရာဘုရားရှင်က ဘုရားဖြစ်သွားအောင် လုပ်ပေးနိုင်လို့မှ မဟုတ်ဘဲ စသည်ဖြင့် စဉ်းစားမိပါ သည်။

သုမေဓာရှင်ရသေ့ငယ်အဖို့ သူ့စိတ်တွင် အကြည်ညိုဆုံး၊ အထွတ်အမြတ်အထားဆုံး ဘုရားရှင် ကို တိုင်တည်ပြီး "အရှင်ဘုရားကဲ့သို့ ဘုရားစင်စစ်ဖြစ် အောင် မဆုတ်မနစ် ပါရမီဖြည့်အားထုတ်ပါတော့မယ်" ဟု နှုတ်မြွက်အဓိဋ္ဌာန်ပြုလိုက်ခြင်း ပါတကားဟု သဘောပေါက်လာမိပါသည်။

ထို့ကြောင့် ခင်မင်ရင်းနှီးသော လူငယ်များကို ထိုသို့သော ဆုပန်ခြင်းအကြောင်းကို ပြောပြပြီးလျှင် "မင်းဆယ်တန်း တကယ်အောင်ချင်ပါတယ်ဆိုရင် မင်း ယုံကြည်ကိုးကွယ်ရာ ဘုရားရှေ့မှာ အဲဒီလိုမျိုး ပန်ဝံ့ သလား၊ အဓိဋ္ဌာန်ချဝံ့သလား။ အပျော်အပါး ပွဲလမ်း သဘင်မှန်သမျှကို ဒီတစ်နှစ်လုံး စွန့်လွှတ်ပြီး စာကိုပဲ တစိုက်မတ်မတ် ကြိုးစားပါတော့မယ်။ မနက်တိုင်း ငါး နာရီနောက်ကို မကျစေဘဲ အိပ်ရာကထပြီး စာကြည့် ပါမယ်လို့ အဓိဋ္ဌာန်ပြုပြီး အဲဒီအတိုင်း တည်အောင် လုပ်နိုင်ပါ့မလား၊ လုပ်နိုင်ရင် တကယ့်ကို အောင်မြင် ပါတယ်" စသည်မျိုးကို မကြာခဏပြောမိဖူးပါသည်။

မြားကိုလေးပေါ်တင်ပြီး ပစ်လိုက်လျှင် နောက်ကို ပြန်မလှည့်တော့ဘဲ တုံ့ဆိုင်းခြင်းမရှိ ရှေ့သို့ ပြေးဘိသကဲ့သို့ မိမိနှလုံးသားအခွဲန်ကို စိတ်အင်အား သတ္တိတည်းဟူသော လေးပေါ်သို့တင်ပြီး ပစ်လိုက်နိုင် ပါလျှင် ဘယ်မျှခက်ခဲသော အရာကြီးပင်ဖြစ်ပါစေ အောင်မြင်နိုင်မည်မှာ အမှန်ဖြစ်ပါသည်။

## ဦးတည်ရမည့်ပစ်မှတ်

သို့သော်လည်း မည်သည့်ရည်မှန်းချက် စက်ဝန်းကို ပစ်မည်နည်းဆိုသည်မှာ အရေးကြီးလာပြန် ပါသည်။ မိမိ၌ အထုံပါရမီပါသော ရည်မှန်းချက် (ဝါ) ဘဝပန်းတိုင်ဖြစ်မှသာလျှင် ဘဝအောင်မြင်မှုရနိုင် သည်ကို အထူးပြောနေစရာပင် မလိုတော့ပါ။ လူ တစ်ယောက်၌ပါလာသော (ဆိုကြပါစို့) ပါရမီစွမ်းရည် ကို ရုတ်တရက်သိရန် လွယ်သည်မဟုတ်ပါ။ ငယ်စဉ် ဘဝစာသင်ခန်းတွင် ညံ့လှပါချည်ရဲ့ဟု ထင်ခဲ့ရသော ကလေးများပင်လျှင်လည်း ကြီးလာသောအခါ ပါရမီရှင် ကြီးတွေအဖြစ် ထွန်းကားချင် ထွန်းကားလာတတ် ကြသည်ကိုလည်း တွေ့ခဲ့ကြရဖူးလှပါပြီ။

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများ ၌ကား မိမိတို့၏ကိုယ်ရည်ကိုယ်သွေးကို စမ်းသပ်စစ်

ဆေးအကြံပေးနိုင်သော ဌာနများ၊ အကြံပေးပုဂ္ဂိုလ်များ ရှိနေသည်ဟု ကြားဖူးပါသည်။ ကျွန်တော်တို့ဆီမှာတော့ ထိုသို့သော အဖွဲ့အစည်း ပုဂ္ဂိုလ်မျိုး ထင်ထင်ရှားရှား မရှိသေးပါ။ ကျွန်တော်လက်လှမ်းမီသလောက် ဖတ်ရှု မှတ်သားရသည်တို့မှ ကျွန်တော်တို့နှင့် အသင့်လျော်ဆုံး လေ့လာနည်းကိုတော့ တင်ပြလိုက်ချင်ပါသေးသည်။

ဆရာကြီးပီမိုးနင်း၏ 'ကမ္ဘာမင်တန်' စာအုပ်မှ ထုတ်နုတ်ပါသည်။ ထိုကောက်နုတ်ချက်ကိုလည်း ခဲရာခဲဆစ်ရှာဖွေ ထားခဲ့သည် မဟုတ်ပါ။ ယခုလက်ရှိ ပြဋ္ဌာန်းထားသော 'ဒသမတန်း၊ ပင်ရင်း မြန်မာစကားပြေလက်ရွေးစင်' တွင်ပါသည့် ဆရာကြီးပီမိုးနင်း ၏ 'အားလပ်သောအချိန်ကလေးများ' မှ ကောက်နှုတ်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ဆရာကြီးက မိမိကိုယ်တိုင်ကလည်း ဝါသနာပါသော၊လူ့လောကတွင် တကယ်ကြီးပွားနိုင်သည်လည်းမှန်သော အတတ်ပညာကို ရွေးချယ်လိုက်စား ဆည်းပူးသင့်သည်ဟု ဆိုပြီးနောက် ဆက်လက်၍. . .

*အကြင်အတတ်ပညာကို လူတစ်ယောက်သည် အဟုတ်အမှန် ဝါသနာပါအံ့။ ထိုအတတ်၌ ငယ်စဉ်ကပင် တစ်စုံတစ်ခု*

*ဖြစ်မြောက်အောင် လုပ်ခဲ့တတ်လေသည်။ ထို အတတ်ကို ငယ်စဉ်ကပင် လိုလားတောင့်တ ခဲ့လေသည်။ ထိုကဲ့သို့ မိမိနှင့်ဆိုင်သော အတတ်တို့မှာ လူ့ဘဝ ရကတည်းက တစ် စိတ်တစ်ဒေသ အလိုလိုတတ်ပြီး ဖြစ်တတ်ကြ လေသည်။ တတ်မှန်းကိုကား မိမိ ကိုယ်တိုင် စမ်းသပ်ကြည့်မှ သိရလေသည်။ သို့စမ်းသပ် ကြည့်၍ တစ်ခုခု ဖြစ်မြောက်က ဝမ်းမြောက် ဝမ်းသာဖြစ်လိမ့်မည်။ ညဉ့်အိပ်ရာ ဝင်သည့် တိုင်အောင် ထိုအလုပ်ကို တွေးလိမ့်မည်။ ထိုကဲ့သို့သော အလုပ်သည် သင်နှင့်ဆိုင် သောအလုပ်ဟု သိပါလေ။*

ဆရာကြီး၏ စကားကို ကျွန်တော်မကြာခဏ စဉ်းစားကြည့်မိပါသည်။ သဘောကို ချုပ်ကြည့်လိုက် လျှင် မိမိ၏အတွင်းစိတ်ကို ပြန်အရှာခိုင်းခြင်းဖြစ်သည် ဟုထင်မိပါသည်။

လူငယ်လူရွယ်တို့ သဘာဝအရ ကျော်ကြား ချင်ကြသည်။ ပတ်ဝန်းကျင်၏ ဩဘာပေးခြင်းကို ခံချင် ကြသည်။ ယေဘုယျအားဖြင့်ဆိုလျှင် မိန်းကလေး တို့သည် ယောကျ်ားလေးတို့၏ ချီးမွမ်းခြင်းကို ခံချင်ကြ သကဲ့သို့ ယောကျ်ားလေးတို့ သည်လည်း မိန်းကလေး

တို့၏အလယ်၌ မျက်နှာပွင့်ခြင်းကို တောင့်တမိတတ်ကြသည်။ ထို့ကြောင့် အနုပညာအောင်မြင်မှု၊ ကျောင်းပညာအောင်မြင်မှု စသည် စသည်တို့ကို မက်မောစိတ်ကူးယဉ်မိတတ်ကြသည်။

အဆိုကျော်တို့၏ မျက်နှာပွင့်မှုကို အားကျမိ၍ အဆိုတော်ဖြစ်ချင်စိတ် လွှမ်းမိုးနေခြင်း၊ အဆိုကျော်ဖြစ်ရန် နေ့နေ့ညည စိတ်ကူးနေခြင်း စသည်တို့ကြောင့် ဝါသနာအမှန်ပါသည်ဟု ဆုံးဖြတ်ရန်ခက်ပါသည်။ မျက်နှာပွင့်မှုကို အားကျ၍ အဆိုတော်ဖြစ်လိုခြင်းနှင့် ဝင်ငွေကောင်းသည်ဆိုသောကြောင့် အဆိုတော် ဖြစ်လိုခြင်းမှာ နယ်ပယ်ကွာသော်လည်း သဘောအခြေခံမှာ အတူတူပင် ဖြစ်ပါသည်။ တကယ်ကို ဂီတဝါသနာပါ၍ မဟုတ်တော့ပါ။

မိမိဝါသနာကို ပြန်လည်စေ့ငုကြည့်ရန်မှာ ဘယ်သူကမှ သင်ကြားပေးလိုက်သည် မဟုတ်ပါဘဲလျက် အမှတ်မထင် တစ်စုံတစ်ခုကို ပတ်ဝန်းကျင်က အံ့အားသင့်သွားလောက်အောင် လုပ်နိုင်ခဲ့ဖူးသည်။ မိမိကိုယ်တိုင်ပင်လျှင် "ငါဘယ်လိုလုပ် တတ်သွားပါလိမ့်" ဟုအံ့အားသင့်လိုက်မိသေးသည်။ နောက်ပြီး ထိုကဲ့သို့ အောင်မြင်သွားလိုက်သည်ကို တမြေ့မြေ့တွေးမိတိုင်း ပီတိဖြစ်နေမိသည်။ အတန်းထဲတွင် ပထမ

ရလိုက်စဉ်တုန်းက ပျော်တာမျိုးနှင့်လည်းမတူ၊ ကိုယ်လို ချင်သည့် ကစားစရာပစ္စည်းတစ်ခုကို ရလိုက်တုန်းက ပျော်တာမျိုးနှင့်လည်းမတူ၊ မဖြစ်စလောက် အရာ ကလေးပင် ဖြစ်နေစေဦးတော့ ထိုအရာလေးအတွက် ပီတိဖြစ်ပုံမှာ ယခင်က မကြုံဖူးလောက်အောင် ဖြစ်နေ တတ်သည်။ သေးဖွဲသောအရာလေးမှ လူကြားထဲ၌ ချပြီး ကြွားစရာမဟုတ်သည့်တိုင် မိမိတစ်ကိုယ်တည်း ကျိတ်ပြီး ဝမ်းမြူးနေမိတတ်သည်။ ညအိပ်ရာဝင်သည် အထိ တစိမ့်စိမ့် ဝမ်းသာနေမိသည်။ ထိုအတတ်၌ မိမိ တကယ် ဝါသနာပါနေပြီဟု အကဲခတ်သင့်သည်ဟု ဆရာကြီးပီမိုးနင်း ဆိုလိုပါသည်။ ထိုသို့သော ပညာမျိုး ကို လိုက်စားလျှင် လွယ်ကူစွာ ထူးချွန်အောင်မြင်နိုင် သည်ဟု ဆရာကြီးက အကြံဉာဏ်ပေးလိုက်ခြင်း ဖြစ်ပါ သည်။ မိမိ၏အတွင်းစရိုက်ကို ဤသို့ပြန်လှန်စစ်ဆေး ကြည့်လျှင် မိမိဝါသနာကိုရှာရာ၌ အထောက်အပံ့ ဖြစ်တန်ကောင်း၏ဟု တင်ပြလိုက်ခြင်းဖြစ်ပါသည်။

**ဝါသနာပါသော်လည်း ကံပါဦးမှ**

မိမိဝါသနာကိုလည်း သေချာစစ်ဆေးပြီးပါပြီ။ ပါရမီ ပါကြောင်းကိုလည်း ပိုင်ပိုင်နိုင်နိုင်သိပါပြီ။ ပါတိုင်း ကြီးပမ်းလို့ အောင်မြင်နိုင်ပါသလား။ ဤကိစ္စကိုလည်း

ထည့်သွင်းစဉ်းစားကြရပါမည်။ အထူးသဖြင့် အတတ်ပညာကိစ္စမျိုးတွင် ကြိုးပမ်းအောင်မြင်နိုင်စေဦးတော့ အနုပညာလိုနယ်ပယ်မျိုးတွင်တော့ ကံကိုလည်း ထည့်တွက်ကြရပါတော့မည်။ အဆိုပညာကို ဘယ်မျှပင်ကျွမ်းနေစေဦးတော့ မွေးရာပါပင်ကိုသံကိုက မကောင်းလျှင် အဆိုကျော်ဖြစ်နိုင်ဖို့ အတော်လေးခက်ခဲ ပါသည်။ သရုပ်ဆောင်ပညာ အမူအရာဘယ်မျှပင် ပါရမီပါလာစေဦးတော့ ပင်ကိုဉပမိရုပ်က ထည်ထည် ဝါဝါမရှိလျှင် ဇာတ်လိုက် မင်းသား၊ မင်းသမီးဖြစ်ဖို့ အတော်ကြီးကိုခက်ပါလိမ့်မည်။

ဤပြဿနာမျိုးနှင့် ပတ်သက်၍ ဆရာဒေါက်တာကျော်စိန် ပြုစုသော 'သင့်ဘဝတွက်တာအသုံးချ စိတ်ပညာ' စာအုပ်လာ 'အစားထိုး အောင်မြင်မှု' သဘောကို လက်ခံကျင့်သုံးသင့်ပါသည်။ မိမိမှာ ဂီတပါရမီပါသည်။ သို့သော် အသံကမကောင်း။ အဆိုကျော်ဖြစ်ရန် ကြိုးပမ်းမှုကို လက်လျှော့လိုက်ပါ။ အကောင်းဆုံးသီချင်းရေးဆရာဖြစ်လာနိုင်သည်။ အကောင်းဆုံးစန္ဒရားဆရာ ဖြစ်လာနိုင်သည်။ မိမိ၏ရုပ်ရေကြောင့် အကောင်းဆုံးရုပ်ရှင်မင်းသား မဖြစ်နိုင်လျှင် ထိုလမ်းကို အသာတကြည်လက်လျှော့လိုက်ပါ။ ဘဝကံမပါလာသည်ကို ငိုနေလို့ ပြီးသည်မဟုတ်။ အကောင်း

ဆုံးဒါရိုက်တာ ဖြစ်လာနိုင်သည်။ အကောင်းဆုံး ဇာတ်ညွှန်းဆရာ ဖြစ်လာနိုင်သည်။ မိမိဝါသနာပါသော နယ်ပယ်၌ အစားထိုးစရာအောင်မြင်မှုတွေ တစ်ပုံကြီး ရှိနေပါသည်။

ထို့အတူ အခြားသော အခြားသော စီးပွား ရေး၊ ကုန်သွယ်ရေးစသည့် နယ်ပယ်တို့၌ မိမိတကယ် ဝါသနာ ပါမပါဆိုသည်ကို မိမိငယ်စဉ်ကတည်းက အာရုံကျက်စားမှုတို့ကို ပြန်လည်စစ်ဆေး ကြည့်လိုက်လျှင် သတိပြုမိနိုင်ဖွယ်ရာ ရှိပါသည်။

## တစ်ခုမပေးဘဲ တစ်ခုမရတဲ့ လူ့ဘဝ

"အသက်ရှည်ချင်လျှင် အိုမင်းခြင်းကို လက်ခံနိုင်ကြရမည်သာဖြစ်သည်။" ဤသည်မှာ နိယာမ ဖြစ်သည်။ မိမိ၏ ပျိုမြစ်ခြင်းကိုမပေးဘဲ အသက်ရှည်ခြင်းကိုမရနိုင်။ တစ်ခုကိုလိုချင်လျှင် အခြားအရာတစ်ခု၊ သို့မဟုတ် အခြားအရာများကို စွန့်လွှတ်နိုင်ရပေတော့မည်။ အနုပညာလောကတွင် အောင်မြင်လိုပါလျှင် အခြားအခြားသော ငွေစသည်တို့၌ တပ်မက်မှုတို့ကို အစွမ်းကုန် ချုပ်တည်းခြိုးခြံရပေတော့မည်။တစ်ဆက်တည်းမှာပင် ငွေကြေးစည်းစိမ် ကင်းမဲ့နေ သောကြောင့် အပေါင်းအသင်း ပတ်ဝန်းကျင်၏ အထင်အမြင်သေး

ခံရမှုစသည်တို့ကိုပါ အခြားအခြား ပျော်ပွဲရွှင်ပွဲများ ကိုပါ တတ်အားသမျှ စွန့်လွှတ်ကြရပေလိမ့်မည်။

မိမိ၏ရည်မှန်းချက်ပန်းတိုင်နှင့် ဆိုင်ရာ ဆိုင်ရာ တို့မှတစ်ပါး အခြားသော အရာများကို လုပ်ကိုင်စေ ဦးတော့၊ အငြိုးပြေ၊ အညောင်းပြေလောက်သာ သဘော ထား လုပ်ကိုင်ရပေလိမ့်မည်။ (နိုင်ငံ့ ခေါင်းဆောင်ကြီး တစ်ဦး ကိုယ်စိတ် ပင်ပန်းလွန်းသည့် အခါမျိုးတွင် အပန်းဖြေ ပန်းချီရေးသည့် သဘောမျိုးကို ဆိုလိုပါ သည်။) ဤသို့သော အစီအစဉ်မျိုးကို 'တစ်ချောင်းတည်း သောစိတ်' ဟု ဆိုလေ့ရှိကြပါသည်။

အဘယ်မျှပင် ဆင်းရဲပင်ပန်းသည်ဖြစ်စေ၊ ပတ်ဝန်းကျင်က အဘယ်မျှ အထင်အမြင်သေးကြ သည်ဖြစ်စေ ကိုယ့်ပန်းတိုင်နှင့် ကိုယ့်ပါရမီအထုံကို ယုံယုံကြည်ကြည်အာရုံစိုက်ထားလျှင် ထိုသို့သော လောကဓံများကို ခံနိုင်သွားမည်မှာလည်း မုချဖြစ်ပါ သည်။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်လေးနှင့် မသေ အောင် အသက်ကိုဉာဏ်စောင့်ဖို့သာ ရှိပါသည်။ အသက်ကို ဉာဏ်မစောင့်လျှင် ကျန်းမာရေးကစပြီး ယိုင်လာတတ်သောကြောင့် ထင်တိုင်းပေါက်နိုင်မည် မဟုတ်ကြောင်းကိုလည်း အရေးတကြီးစာရင်းတွင် ထည့်သွင်း စဉ်းစားထားရပါလိမ့်မည်။

## လူကြီးတွေရဲ့နှလုံးသား

အခြားအခြားသော နိုင်ငံရေး၊ စီးပွားရေး၊ ဆိုတာမျိုးတွေကို ကျွန်တော်ကိုယ်တိုင်ကလည်း မကျွမ်းကျင်သည်မို့ ဘာမှဆက်ပြီး မပြောလိုတော့ပါ။ သို့သော် ကျွန်တော်နှင့် အတန်အသင့်ထိစပ်နေသည့် ကျွန်တော်တို့စာပေလောကကို လှမ်းပြီး အကဲခတ်ကြည့်မိပါ သည်။ စာဖတ်သူလည်း တစေ့တစောင်း အကဲခတ် ကြည့်ပါ။ မျိုးဆက်သစ်လူငယ်တွေမှာ အလုပ်အကြံ၊ အတွေးအမြင် တတ်လာပါလေအောင်ဟူသော အာရုံနှင့် အဓိဋ္ဌာန်ချပြီး ထုတ်ဝေနေသော စာစောင်၊ မဂ္ဂဇင်း ဘယ်နှစောင်များ ရှိသလဲ။ လူကြီးတွေ ဘယ်နှယောက်က လူငယ်တွေအတွက် 'နှလုံးသားကို လေးပေါ်တင်ပြီး ပစ်ခဲ့သလဲ' အကဲခတ် ကြည့်ကြရန် ဖြစ်ပါသည်။

တွေ့လျှင် ကျေးဇူးတင်ကြည်ညိုကြရန် ဖြစ်ပါသည်။ မတွေ့လျှင်တော့။ မတွေ့လျှင်တော့လည်း ဝမ်းနည်းပမ်းနည်း ထိုင်ငိုနေကြလို့ ပြီးနိုင်သည်မဟုတ်။ သူတို့လူကြီးတွေက လူငယ်တွေအတွက် ရည်စူးပြီး သူတို့နှလုံးသားကို လေးပေါ်တင်ပြီး မပစ်ခဲ့လျှင် လူငယ်တွေကပဲ ကိုယ့်နှလုံးသားကို ကိုယ့်ဘာသာလေးပေါ်တင်ပြီး ပစ်လိုက်ကြရုံသာ ရှိသည်မဟုတ်လား။

ဤနေရာတွင် စကားစပ်ပြီး သတိရလာတာ

လေးတစ်ခုကို ကောက်ထည့်လိုက်ရပါဦးမည်။ တစ်ခါသော် မင်းတုန်းမင်းကြီးက ယောအတွင်းဝန် ဦးဖိုးလှိုင်အား အမေးတော်ရှိသည်။

"ဟဲ့ - ဖိုးလှိုင်၊ 'မရှိတာထက်၊ မသိတာခက်' ဆိုတာ ဟုတ်သလားကွဲ့"

"ဟုတ်ကြောင်းပါဘုရား"

"မသိတာထက် ခက်တာကော ရှိသေးသလားကွဲ့"

"ရှိပါသေးတယ်ဘုရား"

"ဘာများလဲကွဲ့"

"မလုပ်တာပါဘုရား"

"မလုပ်တာက ဘာကြောင့် ပိုခက်တာလဲကွဲ့"

"မှန်ပါ မရှိတာလည်း ရှိအောင်လုပ်ရင် ရှိပါတယ်ဘုရား။ မသိတာလည်း သိအောင်လုပ်ရင် သိပါတယ်ဘုရား။ မလုပ်တာကတော့ ဘာမှမဖြစ်နိုင်တော့ တာမို့ အခက်ဆုံး ဖြစ်ပါတယ်ဘုရား"

မင်းတုန်းမင်းကြီးက "အင်း တော်ပေသကွယ်။ ပညာရှိစကား ပီပါပေရဲ့" ဟု မိန့်တော်မူပြီး လက်စွပ်တစ်ကွင်းကို ပညာဆုအဖြစ် ချီးမြှင့်တော်မူလေသည်။

ထို့ကြောင့် မလုပ်ဘဲနှင့်တော့ ဘာမျှမဖြစ်နိုင်သည်ကို စူးစူးနစ်နစ် နှလုံးပိုက်ထားဖို့ လိုကြပါလိမ့်မည်။

ထို့ကြောင့် တာဝန်သိသော လူကြီးများက ကိုယ့်အတွက် လုပ်ပေးထားသမျှကို ရအောင် ဆည်းပူးပါ။ ကိုယ်တိုင်ကလည်း လုပ်ဆောင်ပါ။ ကိုယ်လူကြီးဖြစ်လာလို့ အလှည့်ကျလာလျှင်လည်း မျိုးဆက်သစ် အတွက် ရည်စူးပြီး ကိုယ့်နှလုံးသားကို လေးပေါ်တင်ပြီး ပစ်ပေးရန် ဝန်မလေးကြပါနှင့်ဟု ဆိုလိုက်ရပါသည်။

ကျွန်တော်ရေးသားတင်ပြခဲ့သမျှကို ပြန်ချုပ်ပြီး စိစဉ်ကြည့်လိုက်လျှင် -

၁။ မိမိအတွင်းစိတ်နှင့် စွမ်းရည်ကို စစ်ဆေး၍ ဘဝအထုံကို ရှာပါ။

၂။ ဘဝကံကြောင့် မိမိလိုချင်သည့် ပန်းတိုင်ကို တိုက်ရိုက် မသွားနိုင်စေဦးတော့ အစားထိုး အောင်မြင်နိုင်သည်ကိုသတိရပါ။

၃။ ထိုပန်းတိုင်ကို ရောက်နိုင်ရန် ဆုမတောင်းပါနှင့်၊ ဆုပန်ပါ။ (ခိုင်မာသော အဓိဋ္ဌာန်ချပါ)

၄။ ကြိုးပမ်းနေခိုက်တွင် မုချကြုံရမည်ဖြစ်သော လောကဓံကို သည်းခံရင်ဆိုင်နိုင်အောင် စိတ်ကို လေ့ကျင့်ထားပါ။

၅။ ငယ်ငယ်နှင့် မသေအောင် ဂရုစိုက်ပါ။ ကျန်းမာအောင်နေပါ။ (သေလျှင် ဘာမှမလုပ်နိုင်၊ မကျန်းမာလျှင်လည်း ဘာမှမလုပ်နိုင်။ ဘာမှ မလုပ်

နိုင်လျှင် ဘာမှ မဖြစ်နိုင်ကြောင်း သတိရပါ။)

၆။ တာဝန်သိသော လူကြီးများက မိမိတို့အတွက် ရေးထားပေးခဲ့သမျှ စာ၊ လုပ်ပေးခဲ့သမျှ အသီးအပွင့်ကို ရအောင် ဆည်းပူးပါ။

၇။ ကိုယ့်အလှည့် ရောက်လာလျှင်လည်း မျိုးဆက်သစ်အတွက် တစ်ခုခုလုပ်ပေးရမည်ဟူသော တာဝန်သိစိတ်ကို ယခုကတည်းက မွေးပါ။

# ရိုးဖြောင့်မှုအရင်းအနှီး

"ရိုးဖြောင့်မှုအရင်းအနှီး" အကြောင်းကို ယခင်က အနည်းငယ် တို့ခဲ့ပါသေးသည်။ ယခုလည်း ထပ်မံရေးလိုက်ရပါဦးမည်။ အရေးအကြီးတကာ့ အကြီးဆုံးတို့တွင် ပိုပြီးအရေးကြီးသောကြောင့် ထပ်မံရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

## ဘယ်သူမဆို ရနိုင်သည့် ဂုဏ်

အရင်းအနှီးဆိုသည်မှာလည်း အမျိုးမျိုးရှိကြောင်း အထူးပြောနေစရာပင် မလို။ ငွေကြေးအရင်းအနှီး၊ သယံဇာတအရင်းအနှီး၊ လုပ်အားအရင်းအနှီး၊ အတတ်ပညာအရင်းအနှီး စသည်ဖြင့် မျိုးစုံရှိနိုင်သည်။ ယုတ်စွအဆုံး လက်ဝှေ့သမားဆိုလျှင် မိမိ၏ လက်သီးစွမ်းအားကို အရင်းအနှီးပြုရသည်။ ဘောလုံးသမားဆိုလျှင် မိမိ၏ ခြေထောက်စွမ်းအားကို အရင်းအနှီး

ပြုကြရသည်။ သို့သော် ထိုသို့သောလက်သီးမျိုးကို လူတိုင်း ရနိုင်သည်မဟုတ်။ ထိုသို့သော ခြေထောက်မျိုးကို လိုချင်တိုင်း ရနိုင်သည်မဟုတ်။ ပိုလီယိုဖြစ်ခဲ့ရသည့် လူငယ်တစ်ယောက် ဘယ်လိုလုပ်ပြီး ဘောလုံးကျော် ဖြစ်နိုင်ပါမည်နည်း။ ပင်ကိုသံကိုက ပြာကပ်ကပ် ဘဲသံ၊ ကြောင်သံ ထွက်နေသူတစ်ယောက်က ဘယ်လိုလုပ်ပြီး အဆိုကျော် ဖြစ်နိုင်ပါမည်နည်း။

ထို့အတူပင် ငွေကြေးအရင်းအနှီး၊ သယံဇာတ အရင်းအနှီး၊ အတတ်ပညာအရင်းအနှီး စသည်တို့ကို ရနိုင်သည်မှာ သူ့ဘဝကံနှင့်သူ ရလာကြရသည်ဟုပင် ဆိုနိုင်လောက်ပါသည်။ ကိုယ့်မိဘများက ဆင်းရဲချို့တဲ့ နေပါလျှင်၊ ငွေကြေးထောက်ပံ့ ချီးမြှင့်သူ မရှိပါလျှင် ဘယ်မှာ ငွေကြေးအရင်းအနှီး ရနိုင်ပါမည်နည်း။

အခြားအခြားသော အရင်းအနှီးများကို တန်းတူညီမျှ လူတိုင်းမရနိုင်စေကာမူ 'ရိုးဖြောင့်မှု အရင်းအနှီး' ကိုတော့ဖြင့် မည်သူမဆိုလိုချင်လျှင် ရနိုင်သည်ပင် ဖြစ်ပါသည်။ ရိုးဖြောင့်မှုဟူသော ဂုဏ်ကို မည်သူမဆို လိုချင်လျှင်ရနိုင်သည်သာ ဖြစ်သည်။ သို့ပါလျက်နှင့်ပင် ထိုဂုဏ်ကို လိုချင်တပ်မက်ခြင်း ပြင်းစွာ ကြိုးပမ်း အားထုတ်ရယူနိုင်အောင် မပြုကြခြင်းမှာ အံ့သြစရာပင် ကောင်းနေပေတော့သည်။

"ဒီခေတ်ကြီးမှာ ရိုးရိုးသားသားလုပ်နေရင် ထမင်းငတ်သွားမှာပေါ့" ဟု ပြောတတ်သောလူမျိုးကို ဘယ်တော့မှ အထင်မကြီးပါလေနှင့်။ ကလိန်ကျတတ်သောစရိုက်ကို အဖတ်ဆယ်သော စကားဖြစ်သည်။ မိမိ မဟုတ်တမ်းတရား လုပ်နေသည်ကို ကိုယ့်ဘာသာ လိပ်ပြာသန့်အောင် ပြောသည့်စကားဖြစ်သည်။ လူကောင်း သူကောင်းတို့မည်သည် မဟုတ်တာတစ်ခုကို လုပ်လိုက်မိလျှင် ကိုယ့်ဘာသာ လိပ်ပြာမသန့်နိုင်အောင် ဖြစ်တတ်သည်မှာ သဘာဝဖြစ်သည်။ မဟုတ်တမ်းတရား လုပ်နေသည်ကိုပင်လျှင် လိပ်ပြာသန့်နေသော သူမျိုးကို ဘယ်လိုလူမျိုးက ယုံကြည်စိတ်ချနိုင်ပါမည်နည်း။

လူတိုင်း မရိုးမဖြောင့်နိုင်စေဦးတော့၊ ရိုးဖြောင့်မှုကိုတော့ လူတိုင်းနှစ်သက်ကြသည်မှာလည်း အမှန်ဖြစ်သည်။ ယုတ်စွအဆုံး လူရှုပ်လူပွေ သူခိုးခါးပိုက်နှိုက် တို့ပင်လျှင် ရိုးရိုးဖြောင့်ဖြောင့် လူမျိုးကိုသာ ပေါင်းချင် သင်းချင်ကြပါလိမ့်မည်။ ရိုးသားဖြောင့်မတ်သူနှင့်သာ ဆက်ဆံချင်ကြပါသည်။ သူတို့လည်း ကုန်စည်ပစ္စည်းလေးများ ဝယ်ကြတော့မည်ဆိုလျှင် ပစ္စည်းမှန်၊ ဈေးမှန်၊ အလေးမှန်သော ဆိုင်မျိုးကိုသာလျှင် ရှာဖွေဝယ်ယူကြပါလိမ့်မည်။

ထိုကဲ့သို့ လူတိုင်းကြိုက်သော ဂုဏ်ကို မက်မက်မောမော ရှိရပါလိမ့်မည်။ မရနိုင်သည့် ဂုဏ်မျိုးလည်း

မဟုတ်။ လိုချင်လျှင် လူတိုင်း ကြိုးပမ်းရယူနိုင်သည်။ ဘဝပေးကံတွေ၊ ရှေးဘဝအကြောင်းတွေ ဘာတွေကို ဘာမျှထည့်ပြီး စဉ်းစားနေစရာမလိုပါ။ မိမိအပေါ်မှာ တည်သည်။ ကိုယ်ရှိုးသားချင်လျှင် ရသည်။ မရှိုးသား ချင်လျှင်လည်းရသည်။ အခြားဘာကိုမျှ လွှဲချနေစရာ မလို။

ခေတ်ကြီးကြောင့် စနစ်ကြီးကြောင့် ဆိုတာမျိုး တွေကို လျှောက်ပြောမနေနှင့်။ အခြားသူများတကာ လည်း မိမိနည်းတူ ခေတ်တစ်ခုတည်း၊ စနစ်တစ်ခု တည်းတွင် အတူရှန်းကုန်နေကြသည်။ ဆင်းရဲပင် ဆင်းရဲငြား ပခုံးထမ်းတောင်းရွက် နံနက်မှ ညနေတိုင် လုပ်ကိုင်ရှာဖွေ စားသောက်နေကြသည်။ ရှိုးဖြောင့်စွာ အသက်မွေးနေကြသည်။ ထိုသို့သော သူတို့မှာ မည် မျှပင် ဆင်းရဲစေကာမူ မလျော့သော 'မာန်' ရှိကြောင်း အသိအမှတ်ပြုကြရပါလိမ့်မည်။ ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်စွမ်းကိုယ်စနှင့် တရားသဖြင့် ရသော ထမင်းကို သာစားမည်ဟူသော 'မာန်' မျိုး သူတို့အတွင်းသန္တာန် တွင် ကိန်းအောင်နေကြောင်း သတိပြု လေးစားကြရပါ လိမ့်မည်။

ထို 'မာန်' မျိုး ရှိခြင်းမှာ စိတ္တသတ္တိ (ဝါ) စာရိတ္တသတ္တိ ထက်မြက်ခိုင်မာခြင်း၏ လက္ခဏာပင်

ဖြစ်သည်။ **ခုတ်ဝံ့ထစ်ဝံ့၊ ထိုးဝံ့ကြိတ်ဝံ့သည့် သတ္တိမျိုးမှာ ကာယသတ္တိမျှသာ ဖြစ်သည်။ ကာယသတ္တိရှိသူတိုင်း စာရိတ္တသတ္တိ ကောင်းနိုင်ကြသည် မဟုတ်။** စာရိတ္တသတ္တိ ကောင်းသူတို့ကား အရေးဟဲ့ အကြောင်းဟဲ့ ဆိုတာမျိုး၌ လိုအပ်လာပြီဆိုလျှင် ကာယသတ္တိပါ ပေါ်ထွက်လာကြမဲ့ဖြစ်သည်။

ထို့ကြောင့် စာရိတ္တသတ္တိ မွေးမြီးလျှင် ရိုးဖြောင့်စွာ ရှာဖွေရရှိသော ထမင်းကိုသာ လိပ်ပြာသန့်စွာစားမည်ဟူသော 'မာန်' မျိုးကို မွေးမြီးလျှင် ရိုးဖြောင့်သော ဂုဏ်ကို ရယူသင့်ပါသည်။

## ရိုးဖြောင့်သော အရင်းအနှီး၏ အမြတ်

မကြာသေးမီကာလအတွင်း ရန်ကုန်မြို့တွင် စတိုးဆိုင်များပေါ်လာခဲ့ရာ ယခုအခါ နယ်များသို့ တိုင်အောင်ပင် ပျံ့နှံ့သွားနေပြီဖြစ်ပါသည်။ ထိုစတိုးဆိုင်များ မပေါ်မီက အခြေအနေကို ပြန်ပြောင်း စဉ်းစားကြည့်လိုက်ကြစေချင်ပါသည်။

အထူးမြင်သာသိသာသော ကိစ္စရပ်ကလေးများကိုသာ ပြန်ပြောပါတော့မည်။ ကျွန်တော်တို့တစ်တွေ နာရီလေးစ၊ ကက်ဆက်ကလေးစ၊ ရေဒီယိုကလေးစ လိုချင်ပါသည်ဆိုလျှင် အနော်ရထာလမ်း

တစ်လျှောက်၊ မဟာဗန္ဓုလလမ်းတစ်လျှောက် သိမ်ကြီး ဈေး တစ်ဝိုက်ကို ခြေတိုအောင် လျှောက်ကြရသည်။ အညှီစားတွေ၊ အတုတွေ၊ အဟောင်းမွမ်းမံတွေနဲ့ တိုးမှာ စိုးသောကြောင့် နားလည်တတ်ကျွမ်းသူကို တောင်းတောင်းပန်ပန် ပင့်ခေါ်ပြီး သွားကြရသေး သည်။ စိန်ဂျွန်းဈေးမှာလည်း ထို့အတူပါပဲ။ များသော အားဖြင့် ဒါမျိုးတွေကို လုပ်နေကြသည်ကလည်း လူမျိုး ခြားတွေသာ များသည်။ ထိုလူမျိုးခြားများတွင်မှ ကလိန် ကကျစ်သမားတွေက သည်အလုပ်မျိုးကို ပိုပြီးလုပ်ကြ သေးသည်။

သည်လူမျိုးတွေကလည်း နာရီ၊ ကက်ဆက် လောက်မျှကိုသာ မဟုတ် ရေမွှေး၊ မိတ်ကပ်၊ ပေါင်ဒါ ဘူးကစပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အတုလုပ်ကြ သည်။ အတုတွေ မွမ်းမံတွေ ထိကြရသည်မှာလည်း မကြားချင်အဆုံး ရှိနေတော့သည်။

အတုအမိခံလိုက်ရသူတို့၏ ဒေါသမှာ ပြောပြ စရာပင်မလို။ မိမိငွေကို နှမြောမိခြင်း၊ ခံပြင်းခြင်း၊ ရှက်ခြင်း စုံနေအောင် ခံစားရသောကြောင့် ကလိန် ကကျစ်သမားကို ဓားနှင့်အကွင်းလိုက် လှီးပစ်ချင် လောက်အောင် ဖြစ်ကြရသည်။ ကျွန်တော် ကိုယ်တိုင် လည်း အတုမိခဲ့ဖူးသည်ပါပဲ။ နောက်တော့ အဲဒီ

ကုန်စည်တန်းကို ရောက်သွားလျှင် ဆိုင်ပေါ်ထိုင်နေ သမျှ လူတွေအားလုံးကို 'ခွေးသူခိုး' တွေဟုသာ စိတ်ထဲတွင် ကျိန်ဆဲနေမိခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

သည်နောက် 'စတိုးဆိုင်' တွေ အလျှိုလျှို ပေါ်လာသည်။ ထိုဆိုင်များတွင်တော့ ဈေးဆစ်နေစရာမလို။ တစ်ခွန်းဈေး၊ ကြိုက်ယူ မကြိုက်နေ။ ရှင်းသည်။ ယခင် ဟိုငနဲများဆိုင်မှာတော့ ဘယ်သည်လို ဟုတ်ပါမည်လဲ။ ဆယ့်ငါးကျပ်တန်ကို တစ်ရာလောက် ဖမ်းဆိုထား၊ ဈေးဝယ်ကျင့်မရှိသူ၊ ဆစ်ရမှာ အားနာတတ်သူတို့ ကျတော့ ငါးဆယ်လောက်နှင့် မိသွားပါလေရော။ ပြီးမှ ဆယ့်ငါးကျပ်နှစ်ဆယ်လောက်သာတန်ကြောင်း သိရတော့ ခံပြင်းစိတ်၊ ဒေါသစိတ်က အလိပ်လိပ်တက်လာပြီး ထိုပစ္စည်းကို ကိုင်သာပေါက်လိုက်ချင်မိတော့သည်။ ယခုစတိုးဆိုင်များမှာတော့ဖြင့် ထိုကိစ္စရှင်းသွားပြီ။ သူတို့ တတ်နိုင်သမျှ လျှော့ထားသည့်ဈေး၊ သူတို့ ရောင်းနိုင်သည့်ဈေးကို ရေးပြီး ကပ်ထားပြီးဖြစ်သည်။

ထို့ပြင် "ပစ္စည်းမှန်ကြောင်း တာဝန်ယူသည်" "ပစ္စည်းအသစ်ဖြစ်ကြောင်း အာမခံပါသည်" ဆိုတာမျိုးတွေကို ရေးထားသည်။ သည်တော့ ဝယ်သူကလည်း စိတ်ချလက်ချ ဝယ်ဝံ့သည်။

မကြာသေးမီက ကျွန်တော်စတိုးဆိုင်တစ်ခုက အိတ်ဆောင်ရေဒီယိုကလေးတစ်လုံး ဝယ်ခဲ့ပါသည်။ နောက် သုံး၊ လေးရက်အကြာတွင် အခြားရပ်ကွက်တစ်ခုရှိ စတိုးဆိုင်တွင် ထိုရေဒီယိုမျိုး၏ ဈေးနှုန်းကို ကြည့်လိုက်တော့ ကျွန်တော်ဝယ်ခဲ့ရသည့် ဈေးအောက် နှစ်ဆယ် အစိတ်လောက် လျော့နေသည်ကို တွေ့ရသည်။ ကျွန်တော်ဝယ်ခဲ့တာ ဈေးနည်းနည်းများသွားခဲ့သည်ပေါ့။ သို့သော်လည်း ကျွန်တော့်စိတ်တွင် ပထမစတိုးကို မငြိုငြင်မိပါ။ ကျိန်ဆဲခြင်း မပြုမိပါ။ မေတ္တာမပျက်ပါ။ အကြောင်းက ထိုဆိုင်က ကျွန်တော့်အပေါ် ကလိန်ကျလိုက်သည်မှ မဟုတ်ဘဲကိုး။ ကျွန်တော်က သာလျှင် ဈေးသက်သာချင်လျှင် အသက်သာဆုံးဆိုင်ကို လိုက်ရှာပြီး ဝယ်ရပေမည်ပေါ့။

လိုရင်းကို ပြန်ကောက်လိုက်ရပါဦးမည်။ ထိုသို့သော စတိုးဆိုင်များ ပေါ်လာလိုက်ပြီးသည့် နောက်တွင် ကလိန်ကကျစ်တန်း၌ ဈေးဝယ်သူ အတော်ကြီးကို ပါးသွားသည်ကို တွေ့ရပါသည်။ ကျွန်တော်ကလည်း မကောင်းတော့ မကောင်းပါဘူး။ သူတို့တစ်တွေ ဝယ်သူပါးလို့ ငေါင်နေသည်ကို တွေ့ရလျှင် 'မှတ်ဟ' ဟု ဝမ်းသာလိုက်မိသည်မှာ အမှန် ဖြစ်ပါသည်။ ထိုကလိန်ကကျစ်သမားထဲက စတိုးဆိုင်လို ဆိုင်ကြီးဖွင့်တည်နိုင်လာမည့်သူ အလွန်

နည်းပါးလိမ့်မည်။ အကြောင်းက မူလစကတည်းက စိတ်ဓာတ် မြင့်မြင့်မားမားထားပြီး ကြီးပွားချင်နည်းမျိုး မဟုတ်တဲ့ ကလိန်ကကျစ် အရင်းအနှီးလောက်သာ ရှိခဲ့သည် မဟုတ်လား။

ရိုးဖြောင့်မှု၏ သဘောကို 'ပစ္စည်းမှန်ကြောင်း အာမခံသည်' 'အသစ်ဖြစ်ကြောင်း အာမခံသည်' ဆိုသော စကားများက ထင်ရှားစေသည်။ ထို့ကြောင့် ဝယ်သူက စိတ်ချလက်ချ ဝယ်ဝံ့သည်။

ထိုထိုသော ပစ္စည်း တိုလီမိုလီကလေးများ၌ ပင်လျှင် စိတ်ချလက်ချရှိရပါမှ ဝယ်ချင် သုံးချင်ပါသည် ဆိုလျှင် စီးပွားဖက် လူတစ်ယောက်၊ လုပ်ဖော်ကိုင်ဖက် လူတစ်ယောက်ဆိုလျှင် အဘယ်မှာ ပြောဖွယ်ရာ ရှိပါမည်နည်း။ ရိုးဖြောင့်သူနှင့်သာ ဆက်ဆံချင်ပါလိမ့်မည်။ လူတစ်ယောက်ချင်းမှသာ မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံမှာလည်း ထိုသို့သော သဘောမျိုး ရှိပါသည်။ တစ်ခါက သံတမန်ကြီး တစ်ယောက် ကျွန်တော့်ကို ပြောဖူးသော စကားကို သွားပြီး သတိရမိပြန်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို ဆင်းရဲနေသည် မှန်သော်လည်း နိုင်ငံတွေက ငွေချေး ဝံ့ပါသတဲ့။ အကြောင်းကို မေးကြည့်လိုက်တော့ မြန်မာနိုင်ငံက အတိုးကိုဖြစ်စေ၊ အရစ်ကျကိုဖြစ်စေ တတ်နိုင်သမျှ ကြိုးစားဆပ်လေ့ ရှိပါ

သည်တဲ့။ အဲဒီလိုမဆပ်သည့် တိုင်းပြည်တွေကော ရှိသေးသလားဆိုတော့ ကလိန်ကကျစ် ဟိုလိုလို ဒီလိုလိုနှင့် ကြွေးမဆပ်ချင်သည့် တိုင်းပြည်တွေကို ပြောပြဖူးပါသည်။ ထိုစကားကို ကြားလိုက်ရသောအခါ ကျွန်တော်ဖြင့် ကိုယ့်တိုင်းပြည် အတွက် တကယ့်ကို ဝမ်းသာ ဂုဏ်ယူလိုက်မိပါသည်။

လူငယ်များအနေနှင့် အတတ်ပညာ၊ အသိပညာ၊ ကျွမ်းကျင်မှု စွမ်းရည်စသည်တို့တွင် တစ်ယောက်နှင့်တစ်ယောက် မတူနိုင်ပါ။ အကန့်အသတ် ရှိနိုင်ကြပါသည်။ သို့သော် ရိုးဖြောင့်မှုမှာကား ဘယ်သူမဆို အစွမ်းကုန် ရိုးသားခွင့်ရှိကြပါသည်။ ထိုရိုးဖြောင့်မှုဂုဏ်ကို ရအောင်ကြိုးပမ်းလျက် အရင်းအနှီး ထူထောင်နိုင်ပါလျှင် ကြာလေ အမြတ်ထွက်လေ ဖြစ်လာလိမ့်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်လျက် 'စာရိတ္တမာန်' တက်ကြပါစေသတည်းဟု ဆုတောင်း လိုက်ရပါသည်။ မိမိကိုယ်၌ 'ရိုးဖြောင့်မှုအတွက် လုံးဝတာဝန်ယူသည်' ဟူသော စာတန်း ကပ်နိုင်ကြပါစေသတည်း။

# အတွေးအမြင်
# သဘောထားကြီးရင့်မှု

'သဘောထားကြီးရင့်မှု' ဆိုသည်မှာ စိတ်ထား မြင့်မြတ် ခွင့်လွှတ်တတ်သော၊ မနာလိုဝန်တိုမှုကင်းသော၊ သူ့ဘက် ကိုယ့်ဘက် မျှမျှတတဖြစ်အောင် စဉ်းစားတတ်သော သဘောဖြစ်ကြောင်း အားလုံးသိကြပြီး ဖြစ်ပါသည်။

'ဗောင်းတော်လှခတဲ့ ကျောင်းတော်က ရန်စ' ဟူသော ရှေးခေတ်က စကားပုံများသည်လည်းကောင်း၊ 'ဆေးလိပ်မီး တောင်းမရလို့ ရန်ငြိုးထား' ဟူသော ယခုခေတ် ဟာသစကားပုံများသည်လည်းကောင်း သဘောထားသေးသိမ်မှုကို ရှုတ်ချသော စကားများဖြစ် သည်ကိုလည်း အားလုံးသိကြပါသည်။

လူတစ်ဦးချင်း ဆက်ဆံကြရာတွင် သည်းခံခြင်း၊ သဘောထားကြီးခြင်း အထိုက်အလျောက် မရှိလျှင် ဆက်ဆံမှု ပျက်ပြားသွားတတ်သည်မှာလည်း သဘာဝပင် ဖြစ်ပါသည်။

ယခု ကျွန်တော် တင်ပြလိုသည်မှာ လူမှု ဆက်ဆံရေး နယ်ပယ်တွင် တစ်ဦးအပေါ် တစ်ဦး သဘောထား ကြီးရင့်မှုမျိုးကို ဆိုလိုခြင်း မဟုတ်ပါ။ အတွေးအမြင်၊ အယူအဆစသည်တို့တွင် သဘောထား ကြီးရင့်မှု အရေးပါပုံကိုသာ တင်ပြလိုခြင်း ဖြစ်ပါသည်။

ဤသို့ ဆိုလိုက်သောအခါ (ကျွန်တော်က စာပေရေးရာကိစ္စများတွင် မကြာခဏ ပဋိပက္ခ ဖြစ်နေတတ်ခြင်းကြောင့်) အောင်သင်းက သူနှင့် အတိုက်အခံ ဖြစ်နေသူတွေအားလုံးကို သိမ်းကျုံးပုတ်ခတ်ပြောဆိုတော့မည်ဟု ထင်စရာအကြောင်း ရှိပါသည်။

အမှန်ကို ဝန်ခံရလျှင်တော့ ထိုသို့သော ကိစ္စများ ပေါ်ခဲ့သောကြောင့်လည်း ဤဆောင်းပါးကို ရေးရန် အတွေးစည်ကြီး ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်ပါသည်။

စာပေရေးရာ သဘောထားကွဲလွဲမှုများ ကြောင့် ငြင်းခုံကြရာတွင် ကျွန်တော့်ကို တစ်ဦးချင်း ဖြစ်စေ၊ အုပ်စုလိုက် ဝိုင်းဝန်း၍ဖြစ်စေ၊ တိုက်ခိုက် ထိုးနှက်ကြသည်ကို မကြာခဏ ကြုံခဲ့ရပါသည်။ စာပေသမားများသာမဟုတ်၊ ကာတွန်းဆရာများကပါ ပလူပျံအောင် တိုက်ခိုက်ခဲ့ကြပါသည်။ ယခုစာရေးသည့်တိုင်အောင် 'အသံမစဲ တိုက်ခိုက်ပွဲကြီး' ကျင်းပနေ ကြဆဲ ဖြစ်ပါသည်။

ထိုကဲ့သို့ တိုက်ခိုက်ထိုးနှက်ကြရာတွင် အချက်အလက်များကို အကျိုးသင့် အကြောင်းသင့် တင်ပြ၍ တိုက်ခိုက်ခြင်းမျိုးရှိသကဲ့သို့ ကျိုးကြောင်းမပါ ဗလာ ဆဲရေး တိုက်ခိုက်ခြင်းမျိုးလည်း ရှိခဲ့ပါသည်။ တစ်ချို့ ကလည်း ကြမ်းကြမ်းတမ်းတမ်း မဆဲစေဦးတော့ (ဆရာ ဇော်ဂျီ၏ ပလေတိုနိဒါန်းထဲက စကားလို) ဝစနာ လင်္ကာရ လေးသက်သက်ဖြင့် နှုတ်ရေးစကားတတ် လုပ်ပြီး ကျိုးကြောင်းမပါ သိမ်မွေ့စွာ ဆဲတတ်ကြပါသည်။

သို့သော်လည်း များသောအားဖြင့် သူတို့သည် ကျွန်တော်ပြောသည့် ကြောင်းကျိုးဆက်စပ် တင်ပြချက်များကို အသေအချာ မစဉ်းစားကြဘဲ သူတို့ခံယူချက်နှင့် မကိုက်ညီဘူးဟူသော အချက်လေးတစ်ချက်လောက်နှင့်ပင် ကျွန်တော့်ကို တိုက်ခိုက်ရန် လုံလောက်ပြီဟု ယူဆလျက် ကတ်ကတ်လန်အောင် ပြောဆိုနေကြခြင်း မျှသာ ဖြစ်သည်ကို တွေ့ရတတ်ပါသည်။ ထို့ကြောင့် လည်း လိုအပ်သည်ဟုထင်သောကြောင့် ကျွန်တော်က ပြန်လည် ရှင်းပြချေပရသောအခါမျိုးတွင် ဘာမျှခက်ခဲ ရာ ခက်ဆစ်မရှိဘဲ ပြန်လည်တုံ့ပြန် ဖြေရှင်းနိုင်ခဲ့ခြင်း ဖြစ်ပါ သည်။

မိမိအယူအဆနှင့် ကွဲလွဲသည့် အတွေးအမြင် တစ်ခုကို ကြုံလိုက်သည်နှင့် တစ်ပြိုင်နက် ဘာအကျိုး

အကြောင်းကိုမျှ မစဉ်းစားတော့ဘဲ မိမိ၏ရန်သူဟု သဘောထားလိုက်ခြင်းသည် 'အတွေးအမြင် သဘောထားသေးသိမ်မှု' ဟု ကျွန်တော် ဆိုချင်မိပါသည်။ အတိုက်အခံအဖြစ် တစ်ဖက်က တင်ပြပြောဆိုလာသည့်စကားကို အကျိုးအကြောင်းကျမကျ၊ သက်သေသာဓက ခိုင်မခိုင် အေးအေးဆေးဆေး စဉ်းစားပြီးလျှင် လက်ခံလျှင်လည်း ကျိုးသင့်ကြောင်းသင့်၊ ပယ်လျှင်လည်း ကျိုးသင့်ကြောင်းသင့် ပြုမူတတ်ခြင်းသည် 'အတွေးအမြင် သဘောထားကြီးရင့်မှု' ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဆရာဇော်ဂျီ၏ 'ပလေတိုနိဒါန်း' ကို ဖတ်ရသောအခါတိုင်းတွင် 'အတွေးအမြင် သဘောထား ကြီးမှု' ကို မချစ်ဘဲ မနေနိုင်လောက်အောင် ဖြစ်မိပါ သည်။ ပလေတိုနိဒါန်းတစ်အုပ်လုံးမှာ 'ဆော့ခရတ္တိ' နှင့် ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာတို့၏ အတိုက်အခံ အငြင်းအခုံ မှတ်တမ်းကြီးမျှသာ ဖြစ်ပါသည်။ အတွေးအမြင် သဘောထား ကွဲလွဲလိုက်ကြသည်မှာလည်း တစ်ခါတစ်ရံတွင် တောင်နှင့်မြောက်ဟု ဆိုလောက်အောင် တက်တက်စင်စင် ကွာခြားနေကြပါသည်။ သို့ပါလျက် တစ်ဖက်သား၏ စကားကို ကျိုးကြောင်းသေချာ နားလည်အောင် ကြိုးစားကြခြင်းမှာ သဘောထား

ကြီးခြင်းလက္ခဏာဟု ထင်ပါသည်။ပညာရှင်ကြီး ဆော့ခရတ္တိကို အထင်ကြီးမိသကဲ့သို့ အခြားသော ပုဂ္ဂိုလ်များ၏ 'အတွေးအမြင် သဘောထားကြီးမှု' ကိုလည်း မချစ်ဘဲ မနေနိုင်အောင် ဖြစ်မိပါသည်။

သို့ဖြစ်လျှင် 'မင်းကကော ဘယ်လောက်များ သဘောထားကြီးနိုင်လို့လဲ' ဟု ကျွန်တော့်ကို မေးချင် မြန်းချင်စိတ် ပေါက်လာလိမ့်မည် ထင်ပါသည်။ လူ တစ်ယောက်အနေနှင့်တော့ ကျွန်တော်လည်း သူလို ငါလိုပင် ဖြစ်ပါသည်။ အများသူငါထက် ပိုမြီး သဘောထား ကြီးရင့်နိုင်သူ မဟုတ်ကြောင်း ဝန်ခံပါ သည်။ သို့သော်လည်း အတွေးအမြင်အယူအဆနှင့် ပတ်သက်လျှင်တော့ သဘောထားကြီးရင့်သူများ စာရင်းတွင် မပါဝင်နိုင်စေဦး၊ တစ်ဖက်သား၏ စကား ကို နားလည်အောင် ကြိုးစား၍ သူ၏အကြောင်းပြ ချက်၊ သက်သေသာဓကများကို လိပ်ပတ်လည်အောင် တော့ဖြင့် စဉ်းစားလေ့ရှိပါသည်။

ဤနေရာတွင် သိပ္ပံသမားများကို ကျွန်တော် အလွန်အားကျခြင်း ဖြစ်မိပါသည်။ သူတို့နယ်ပယ် ကလည်း တိတိကျကျ အဖြေထုတ်ပြနိုင်သည် ဖြစ်သော ကြောင့် မိမိလက်ခံထားသည့် အယူအဆနှင့် မည်မျှပင် ကွဲလွဲနေစေဦးတော့ နောက်ထပ် တွေ့ရှိလိုက်သော

အယူအဆက လက်တွေ့အားဖြင့် မှန်ကန်ကြောင်း ခိုင်လုံနေပါလျှင် ချက်ချင်းပြောင်းလဲ လက်ခံလိုက်သည်ပင် ဖြစ်ပါသည်။

စာရေးဆရာအချို့နှင့် ကျွန်တော် အပြန်အလှန် ထိုးနှက်တိုက်ခိုက်နေကြရသည့် ကာလတစ်ခုတွင် ကျွန်တော့်ငယ်ဆရာ တောင်တွင်းကြီး သခင်ကျော်စိန် တစ်ယောက် မကျန်းမာသောကြောင့် ရန်ကုန် ဆေးရုံကြီးသို့ ဆေးကုသရန် ရောက်လာပါသည်။ ဆေးရုံကြီးတွင် သူနှင့်ကျွန်တော်တွေ့ကြတော့ ကျွန်တော့်အတွက် စိုးရိမ်ပူပန်မိကြောင်း၊ သူသာမဟုတ် တောင်တွင်းကြီးရှိ မိတ်ဆွေအများကလည်း ကျွန်တော့်အတွက် စိုးရိမ်ကြကြောင်းကို ပြောပြပါသည်။ ကျွန်တော်က ပြန်ပြောခဲ့သည်မှာ -

"ဦးကျော်စိန် ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ဗျာ။ မစိုးရိမ်လောက်တဲ့အကြောင်း သုံးချက်ရှိပါတယ်။ ပထမအချက်က ကျွန်တော်ဟာ တစ်ခုခုကို ရေးတော့မယ်ဆိုရင် သေသေချာချာကို အကျိုးအကြောင်း သင့်မသင့်၊ ခိုင်မခိုင် အထပ်ထပ်ဆင်ခြင်ပြီးမှ ရေးတယ်။ ဒုတိယအချက်က ကျွန်တော်နဲ့ အတိုက်အခံ ပြန်လှန်ရေးသားကြတဲ့သူတွေဟာ ကျွန်တော့်လောက် အချိန်ယူပြီး လေ့လာ စဉ်းစားထားတာ မဟုတ်ကြတာတွေက

ပို့ပြီးများတယ်။ တတိယအချက်က ကျွန်တော့် ထက် လေးလေးနက်နက် ကြံစည်ဆင်ခြင်ထားတဲ့ ပုဂ္ဂိုလ် တစ်ယောက်က ထိုးနှက်ရေးသားလိုက်တာမှာ ကျွန်တော့်ဘက်က လွဲမှားနေတာသာဖြစ်ကြောင်း ကျွန်တော် ကိုယ်တိုင်က ယုံကြည်လိုက်ရင် ကျွန်တော့် အယူအဆကို စွန့်လွှတ်ပြီး အဲဒီပုဂ္ဂိုလ်ရဲ့ အယူအဆကို ပြောင်းလဲလက်ခံကြောင်း လူသိရှင်ကြား ဝန်ခံလိုက်ရုံပဲ ရှိတာပေါ့။ ဒီတော့ ကျွန်တော်ကတော့ ကျွန်တော့် အတွက် ဘာမှစိုးရိမ်ပူပန်ခြင်း မဖြစ်မိတာအမှန်ပဲ"

သခင်ကျော်စိန် က-

"အေး - ဒီလိုဆိုရင်တော့ မင်းပြောတဲ့အချက် တွေထဲမှာ နောက်ဆုံးအချက်ကို သဘောအကျဆုံးပဲ။ ဒီလိုပဲဖြစ်ရမှာပေါ့ကွာ။ ကိုယ့်ဘက်က မှားပါတယ် ဆိုတာ ဝန်ခံလိုက်လို့ စက်တိုင်တက်ရတာမျိုးမှ မဟုတ် ဘဲ။ ဒီလိုမှလည်း အမှန်တရားကို ပူးပေါင်းရှာဖွေတဲ့ သဘောရောက်မှာပေါ့"

အထက်က အကြောင်းအရာတွေကို ဖတ်လိုက် ရပြီး စိတ်ပျက်မသွားပါနှင့်ခင်ဗျား။ ကျွန်တော်တကယ် ပြောချင်တာက အခုမှ စတော့မှာပါ။

စစ်ပြီးစတွင် ဗမာပြည်တစ်ပြည်လုံးရှိ လူငယ် ဟူသမျှတွင် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ လက်ဝဲဝါဒ

စသည်အားဖြင့် မော့က်စ်ဝါဒ အတွေးအမြင်များစွာ လွှမ်းမိုးခဲ့ပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း မော့ခ်စ် ဝါဒအခြေခံ သင်တန်း၊ အဆင့်မြင့်သင်တန်း စသည် တို့ကို တက်ကြွထက်သန်စွာ တက်ရောက် လေ့လာခဲ့ဖူး ပါသည်။

ထိုစဉ်အခါက ကျွန်တော်တို့တစ်တွေ လက်ဝဲ ဝါဒသွေးတက်ပြီး မှန်နေလိုက်ကြပုံကို ယခုခေတ် လူငယ်တွေများ မြင်လျှင် ရယ်သေကြလိမ့်မည်ထင်ပါ သည်။ လက်ဝဲဆိုမှ လက်ဝဲ၊ လက်ယာအငွေ့ သီသီ ကလေး သမ်းလိုက်လျှင် ရန်သူဟုသာ သဘောထား လိုက်ကြတော့သည်။

ကျွန်တော်တို့သာ မဟုတ်ပါ။ ကျွန်တော်တို့၏ ခေါင်းဆောင်ပိုင်းက ဆရာခပ်ကြီးကြီးများ၊ ဆရာ ခပ်ငယ်ငယ်များ ကလည်း ကျွန်တော်တို့ထက် ပင် ဆိုးများဆိုးလေမည်လားဟု အောက်မေ့မိပါ သည်။ မိမိတို့နှင့် သဘောကွဲလွဲသူများကို တွေ့လိုက်သည်နှင့် ဖောက်ပြန်သူ၊ တန်ပြန်တော်လှန်ရေးသမား၊ အစွန်း ရောက်သမား၊ လက်ယာသွေဖည်ရေးသမား၊ လက်ဝဲ သွေဖည်ရေးသမားစသည့် နာမည်ဆိုး တံဆိပ်များ ကပ်ပြီး တိုက်ခိုက်ထိုးနှက်ကြသည်သာ ဖြစ်ပါတော့ သည်။ ယခု နောက်ကြောင်းပြန်ပြီး စဉ်းစားကြည့်လိုက်

ပြန်တော့ စင်စစ်အားဖြင့် ထိုစဉ်က သူတို့အသက်အရွယ်ကလည်း ဘာမှမဟုတ်ကြသေးကြောင်းကို သတိရနေမိပြန်သည်။

အဖွဲ့အစည်းအချင်းချင်း နိုင်ငံရေး အပြိုင်အဆိုင် စည်းရုံးကြရာတွင် ဤသို့ပင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်ဖက်နှင့်တစ်ဖက် ပုတ်ခတ်ပြောဆိုတတ်ကြသည်မှာ ဓမ္မတာ ဖြစ်လေသောကြောင့် အပြစ်မတင်သာတော့ပါ။

ကျွန်တော်ရင်နာမိသည်က နိုင်ငံရေး သဘောတရားများ၊ စီးပွားရေး သဘောတရားများကို လေ့လာကြပြီဆိုလျှင် လက်ဝဲဝါဒ သဘောတရားရေးရာများမှအပ အခြားသော သဘောတရားများကို ဖတ်ရှုလေ့လာခြင်းကို ရှုတ်ချပြောဆိုတတ်ကြခြင်းပင် ဖြစ်ပါသည်။ ထိုထိုသော ဆရာခပ်ငယ်ငယ်များကိုယ်တိုင်ကပင်လျှင် လက်ဝဲဝါဒကို သုံးသပ်ဝေဖန်ထားသည့် စာအုပ်မျိုးကို ကိုင်တွယ်ဖတ်ရှုလိုက်ရမည်ကို 'နိုင်ငံရေးပါရာဇိက' ကျသွားမည်လောက် အောက်မေ့ကြသည်ဟု ကျွန်တော် ပြန်လည်သတိရမိပါသည်။ ခေါင်းဆောင်အကြီးစားကြီးများက ဘယ်လိုနေကြမည်ကိုတော့ ကျွန်တော်မသိပါ။ ကျွန်တော့် အဆင့်ကလည်း သူတို့နားသို့ ကပ်နိုင်သည့် အဆင့်မျိုးမဟုတ်ခဲ့ပါ။

ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရသည်ကိုသာ ပြန်ပြောပြရခြင်း ဖြစ်ပါသည်။

ယခုပြန်ပြီးစဉ်းစားကြည့်လိုက်တော့ ဒီနိုင်ငံက စာအုပ်တွေကို သာဖတ်။ ဟိုနိုင်ငံက စာအုပ်တွေကို မဖတ်နဲ့။ အဲဒါတွေကိုဖတ်ရင် ဖောက်ပြန်သွားလိမ့်မယ်။ အယူမှားသွားလိမ့်မယ်ဆိုသည့် သဘောမျိုးနှင့် ရှုတ်ချ ခြိမ်းမြောက်ခြင်းအားဖြင့် စာပေဖတ်ရှုလေ့လာခြင်း ကိုပင် ချုပ်ချယ်ခဲ့ကြသည်ဟု နားလည်လာမိပါတော့သည်။ ကျွန်တော့်တို့လို နောက်လိုက် ပါမွှားကောင်ငယ် ကလေးများကိုသာ ဤသို့ ချုပ်ချယ်သည် မဟုတ်ပါ။ သူတို့ ကိုယ်တိုင်လည်း မဖတ်ကြပါ။

**လွတ်လပ်စွာ ပြောဆိုခွင့် ၊ လွတ်လပ်စွာ ရေးသားခွင့်ဆိုသည့် စကားများကို ပြောကြဆိုကြပါသည်။ သို့သော် မိမိ၏အယူအဆ (မိမိအစွဲ)နှင့် ဆန့်ကျင်နေသော စာအုပ်စာပေတို့ကို မဖတ်ဘူးဟု မျက်စိစုံမှိတ်ပြီး ငြင်းပယ်နေလိုက်ခြင်းသည် မိမိကိုယ်မိမိ လွတ်လပ်စွာ တွေးခေါ်ခွင့်ကို ပိတ်ပင်လိုက်ခြင်းသာ ဖြစ်သည်ဟု ယခုတော့ တစိမ့်စိမ့် သဘောပေါက်လာမိပါတော့သည်။**

စင်စစ်အားဖြင့် ဝါဒသဘောတရားတစ်ခုကို လေ့လာပြီဆိုလျှင် ထိုဝါဒ၏ သဘောတရားများ၊

ထိုဝါဒ ကောင်းပုံကောင်းနည်း အမှန်းတင်ထားချက်များကို ဖတ်ရှုမှတ်သားနေရုံနှင့်မပြီးဘဲ ထိုဝါဒ၏ အပြစ်အနာအဆာများ၊ ချွတ်ယွင်း ပျော့ညံ့ချက်များကို ဖော်ပြထားသည့် စာအုပ်စာပေများကိုပါ လေ့လာသင့်သည် ဟု ယူဆပါသည်။

"သင်၏ ရန်သူကို သတိပြုပါ။ သူသည် သင်၏ ချို့တဲ့ချက်ကို ပထမဆုံးမြင်သူဖြစ်သည်" ဟူသော စကားရှိပါသည်။ အတိုက်အခံ ဖြစ်နေသူက ထောက်ပြလိုက်သော မိမိပျော့ကွက်ကို မြင်လိုက်လျှင် မိမိကိုယ်မိမိ အချိန်မီ ပြင်ဆင်နိုင်သည့်အတွက် အကျိုးကျေးဇူးကြီးမားကြောင်း ပြဆိုသော စကားဖြစ်ပါသည်။

မိမိအယူဝါဒ၏ ပျော့ကွက်ညံ့ကွက်များကို ရက်ရက်စက်စက်ထောက်ပြထားသည့် စာပေများကို 'အတွေးအမြင် သဘောထားကြီးရင့်စွာ' ဖတ်လိုက်ခြင်းအားဖြင့် မိမိ၏ ယုံကြည်လိုက်စားနေသော ဝါဒသဘောတရားကို ပိုမိုနားလည်စေရုံမျှမက ထိုဝါဒကို လက်တွေ့လုပ်ဆောင်ကြရာတွင်လည်း အလွန်အကျွံမဖြစ်အောင် ဆောင်အပ် ရှောင်အပ်သည်တို့ကို နားလည်လာနိုင်စရာ အကြောင်းရှိသည်ဟု ထင်ပါသည်။

ကျွန်တော် မှီကမ်းခဲ့သမျှ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်လိုက်သော အခါတွင် ကျွန်တော်တို့၏

ခေါင်းဆောင် တချို့မှာ နိုင်ငံရေးသဘောတရားများကို လေ့လာကြရာတွင် 'အတွေးအမြင် သဘောထားကြီးမှု နည်းပါး' ခဲ့ကြလေသလောဟု မကြာခဏ တွေးနေမိတတ်ပါသည်။

ကျွန်တော်တို့ စာပေသမားအချင်းချင်း ပဋိပက္ခဖြစ်ကြခြင်း၊ အပြန်အလှန် ထိုးနှက်ကြခြင်းဆိုသည်မှာ တိုင်းပြည်အတွက် မည်မည်ရရ ဘာအန္တရာယ်မှုမရှိနိုင်ပါ။ စာပေအယူအဆ တိမ်းစောင်းသွားသောကြောင့်လည်း ဘေးကြီး ဥပါဒ်ကြီးမဆိုက်နိုင်ပါ။ နိုင်ငံရေး ခေါင်းဆောင်များ အတွေးအကြံ တိမ်းပါးသွားလျှင် တိုင်းပြည်တွင် ဘေးအန္တရာယ် ပေါက်စကလေး တွေရော ၊ ဧရာမ ဘေးအန္တရာယ်တွေရော ပေါ်ပေါက်လာနိုင်ပါသည်။

အထက်တွင်အချို့သော ခေါင်းဆောင်တို့မှာ စာပေလေ့လာကြရာတွင် အတွေးအမြင် သဘောထားကြီးမှု နည်းခဲ့လေသလောဟု ရေးလိုက်သောကြောင့် ထိုထိုသော ခေါင်းဆောင်များအား အရိုအသေလျှော့ပါးသည်။ ပုတ်ခတ်ရှုတ်ချသည်ဟု မထင်မှတ်ကြစေလိုပါ။ ရိုသေလေးစားမြဲပင် လေးစားလျက် ရှိပါသည်။ အားလည်း နာလှပါသည်။ သို့သော် သမိုင်းကို သုံးသပ်ကြရာတွင် အားနာကြောက်ရွံ့နေလျှင် အနာဂတ်ကို

သစ္စာဖောက်ရာ ရောက်သွားတတ်ပါသည်။

အနာဂတ်ဟု ဆိုလိုက်လျှင် ယနေ့ လူငယ်များကို ချက်ချင်းမြင်ယောင်မိကြရသည်သာ ဖြစ်ပါသည်။ လူကြီးများကို အားနာစွာနှင့်ပင် လူငယ်များအတွက် ရေးခဲ့ရခြင်း ဖြစ်ပါသည်။ လူငယ်များအတွက် ကျွန်တော် မှတ်သားထားခဲ့ဖူးသော စကားလေးတစ်ခု လက်ဆောင်ပါး၍ နိဂုံးချုပ်ပါရစေ။

**လူလိမ္မာတို့သည် သူတစ်ပါး၏ အမှားမှ သင်ခန်းစာ ရယူနိုင်ကြ၏။**

**လူမိုက်တို့ကား မိမိကိုယ်တိုင် မှားမှ သင်ခန်းစာ ရယူနိုင်ကြ၏။**

**ပို၍မိုက်မဲသောသူတို့သည်ကား မိမိကိုယ်တိုင် မှားပါလျက် သင်ခန်းစာ မယူတတ်ကြကုန်။**

မြန်မာလူငယ်တို့ လိမ္မာကြပါစေကုန်သတည်း။

# လူငယ့်ဖွဲ့နှင့် ကျွန်ပညာ

**“ကုန်သွယ်မှုတံခါး ဖွင့်ပေးလိုက်ရင်၊ ဈေးကွက် စီးပွားရေးစနစ် လုပ်လိုက်ရင် တရုတ်ကုလားတွေ လက်ထဲ ပြန်ရောက်ဦးမှာပဲ“**

သည်လိုပြောကြတော့ ကျွန်တော်က-

**“ရောက်ရောက်ပေါ့၊ ဘာဖြစ်လဲ၊ ပြန်ယူပေါ့. . .”**

ဤသို့ချည်း ပြန်ပြောပစ်ခဲ့ပါသည်။

သည်စကားမျိုးကို ကြားလိုက်ရတော့ ရုတ်တရက် ကျွန်တော့်ကိုထပြီး ဆဲချင်သူတွေ ရှိကောင်းရှိပါလိမ့်မည်။ ဆုံးအောင် နားထောင်ပြီးမှ ဆဲသင့်၊ မဆဲသင့် ဆုံးဖြတ်စေချင်ပါသည်။

စာရေးဆရာပါပဲဟု အမည်ရလာသည့်တိုင် ကျောင်းဆရာဘဝက ဉာဉ်မပျောက်သဖြင့် ကျွန်တော် စကားပြောလျှင်၊ စာရေးလျှင် လူငယ်များကိုသာ

အတွင်းစိတ်က အာရုံပြုနေမိလေ့ရှိပါသည်။ ယခုလည်း လူငယ်များကို အာရုံပြုပြီး ပြောလိုက်မိခြင်းဖြစ်ပါသည်။

ဘယ်သူမဆို တိုးတက်ကြီးပွားချင်ကြသည်မှာ လူတို့၏သဘာဝပင် ဖြစ်ပါသည်။ လူငယ်များအဖို့မှာ တော့ ပိုလို့ပင် စိတ်ဇောပြင်းထန်ပါသေးသည်။ ထို့ကြောင့် လူငယ်များ၏ ရည်မှန်းလှုပ်ရှားမှုများကို ကျွန်တော် သိမိမှတ်မိသမျှ ပြန်လည် စေ့ငုကြည့်မိပါသည်။

ဟိုး- အင်္ဂလိပ်လက်အောက် ကိုလိုနီခေတ်က ဆိုလျှင် တက္ကသိုလ်ကျောင်းသား လူငယ်တို့၏ အိပ်မက်မှာ အိုင်စီအက်စ်၊ ဘီစီအက်စ် အစရှိသော အုပ်ချုပ်ခန့်ခွဲမှုဆိုင်ရာ ရာထူးကြီးများ ရနိုင်ရေးဖြစ်သည်။ အိုင်စီအက်စ်ဆိုလျှင် မိုးကျရွှေကိုယ်လောက် ထင်မှတ် ကြသည့် ထိုခေတ်ကြီးကို သရော်သည့်အနေနှင့် ရေးထားခဲ့သည့် ဆရာ(ကြီး)တက်တိုး၏ "အိုင်စီအက်စ် (ဦးမျိုးမျောက်)" ဝတ္ထုကို ယခု ဤစာရေးနေရင်းနှင့်ပင် ပြန်လည်သတိရမိပါသေးသည်။ သူ့ခေတ် သူ့ကုန်ဈေးနှုန်းနှင့် တွက်ကြည့်လိုက်တော့ ငွေကြေးကလည်း မက်လောက်စရာ၊ ဩဇာတိက္ကမကလည်း ကြီးပြန်လေတော့ မိုးကျရွှေကိုယ်ဟု အထင်ကြီးလောက်စရာလည်း ဖြစ်ပါပေသည်။

ထိုသို့သော မြို့အုပ်၊ ဝန်ထောက်၊ အတွင်းဝန်၊

အရေးပိုင်၊ မင်းကြီး ရာထူးများကို တပ်မက်ကြသည်မှာ စစ်ပြီး လွတ်လပ်ရေးရပြီးသည့်တိုင် အငွေ့ကျန်နေခဲ့ပါသေးသည်။ သို့သော် နောက်ပိုင်းတွင်တော့ ကုန်ဈေးနှုန်းတွေက တက်လာသဖြင့် သူတို့၏လစာငွေ တန်ဖိုးမှာလည်း ကျဆင်းလာခဲ့ရသည်။ သည်ကြားထဲတွင် အုပ်ချုပ်ရေးစနစ် အပြောင်းအလဲ ပေါ်လာလိုက်ပြန်သောအခါ သူတို့၏လုပ်ပိုင်ခွင့် ဩဇာအာဏာ ဆိုသည်မှာ သုညနီးပါးသို့ရောက်လောက်အောင် ထိုးဆင်းသွားပြန်တော့သည်။

ဤသို့နှင့် ကိုယ့်ဘာသာကိုယ် ဝင်ငွေ ဖြောင့်ဖြောင့်ကလေးရနေသည့် ဆရာဝန်ဘက်သို့ အာရုံစိုက်လာလိုက်ကြသည်မှာ ကျောင်းသားဆိုလိုက်လျှင် ဆေးတက္ကသိုလ်သာလျှင် သူတို့၏ရည်မှန်းချက်ပန်းတိုင်ကြီးတစ်ခုဖြစ်သည်သို့ ရှိလာတော့သည်။

သည်နောက်တော့ အခြေအနေအလျောက် စွတ်ရွတ်ပြီး သင်္ဘောသားအဖြစ် လိုက်သွားသူများက ရှေ့တန်း ရောက်လာပြန်သည်။ တစ်နှစ်လောက် အပင်ပန်း အဆင်းရဲခံလိုက်လျှင် ကားလေး တစ်စီးလောက်ပါလာ၊ ပြန်ရောင်း၊ အိမ်ခန်းကလေး တစ်ခန်းလောက်ဝယ်လျက် အကျနေနိုင်သွားပြန်သည်။ ထိုသင်္ဘောသားအရှိန်ကတော့ ယခုထက်တိုင် ရှိသေးသည်။

မည်သို့ပင်ဖြစ်စေ၊ လူငယ်တွေ ကိုယ့်ဘဝ ကိုယ်အစွမ်းကုန်တိုးတက်နိုင်အောင် ကြိုးပမ်းနေကြရှာသည်ကို အသိအမှတ်ပြုကြရပါလိမ့်မည်။ သာမန်သဘော်သားဘဝနှင့် လိုက်ပါသွားကြရရှာသောလူငယ်လေးများဘဝမှာ ဆင်းရဲပင်ပန်းလှကြသောကြောင့်သူတို့ ကိုယ်စိတ်ပင်ပန်းခဲ့ရခြင်း အကြောင်းစုံကိုသာသိရမည်ဆိုလျှင် သူတို့လုပ်စာကို စားရက်စရာတောင်မရှိပါ။ ဤမျှထိအောင် ကြိုးစားပမ်းစား တက်လမ်းကိုရှာဖွေကြပါသည်။

ယခုအခါ ဈေးကွက်စီးပွားရေး ဖွင့်ပေးလိုက်သောအခါ လူငယ်များမှာ ကုမ္ပဏီဆိုတာတွေ၊ အင်တာပရိုက်စ်ဆိုတာမျိုးတွေဘက်ကို အာရုံစိုက်လာကြပြန်သည်။ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းဆိုတာမျိုးတွေမှာ လူစည်လာပြန်သည်။ ပညာသင်ကြားရပြန်သည်။

## ယခုမှ ပညာသင်ရသည်မဟုတ်

လူငယ်များ ကြိုးစားနေကြခြင်းကို ကျွန်တော်တကယ့်ကို လေးစားပါသည်။ သို့သော် ယခုခေတ်လူငယ်များမှ မဟုတ်ပါ။ ရှေးခေတ်က လူငယ်များ လည်းအတုခိုးခဲ့ကြရသည်။ ပညာယူခဲ့ကြရသည်။

ကျွန်တော့် အတွေ့အကြုံကလေးတွေကို (ရယ်စရာဟု ထင်ချင်ထင်ကြစေတော့) ပြန်ပြီးပြော လိုက်ချင်ပါသေးသည်။

ကျွန်တော်တို့ ကလေးဘဝတွင် မြန်မာ ဆံပင် ညှပ်သမားဟူ၍ မရှိပါ။ ဆံပင်လည်း မညှပ်တတ်ပါ။ ညှပ်တတ်အောင်လည်း ကြိုးစားခဲ့ကြဟန် မရှိပါ။ ဆံပင် ညှပ်သည်ဆိုလျှင် ကုလားများထံမှာသာ ညှပ်ကြရ သည်။ ၁၉၃၈ ကုလား-ဗမာ အရေးအခင်း ဖြစ်ပွား လိုက်သည့်နောက်မှ မခံချင်စိတ်နှင့် မြန်မာ ဆံပင်ညှပ် ဆိုင်များ ပေါ်လာပါသည်။ နောက်ပိုင်းတွင်တော့ မြန်မာတွေက ပိုမိုခေတ်မီအောင် ကြိုးစားခြင်း၊ သေသပ် အောင် ပြုလုပ်ခြင်းတို့ကြောင့် မြန်မာတို့၏ လက်ရာကို မတိုးနိုင်တော့ဘဲ ဖြစ်သွားပါသည်။

ဆံပင်ညှပ်တာမှမဟုတ်၊ ဖိနပ်ဟောင်းချုပ်၊ ထီးပြင်မှစ၍ ဘောင်းဘီ ကုတ်အကျီ၊ ဂျာကင်များထိ အောင် ပညာယူ အတုခိုးလာခဲ့ကြရသည်။ သံဂဟေဆော် မော်တော်ကားပြင်မှစ၍ ရေနံတွင်းတူးသည်အထိ ကိုလည်း ဤနည်းနှင်နှင်ပင် ပညာယူခဲ့ကြရပါသည်။

ပညာယူခဲ့ကြရသည်ဟု ခပ်လွယ်လွယ် ပြောလိုက်ရသော်လည်း တကယ်ကျတော့ လွယ်လွယ် နှင့် ဖြစ်ခဲ့ကြသည် မဟုတ်။ ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊

အနှစ်နှစ်ဆယ် စသည်ဖြင့် ကာလရှည်ကြာ သည်းခံပြီး ပညာယူခဲ့ကြရခြင်း ဖြစ်ကြောင်းကို ပြန်လည်သတိပြုကြရမည် ဖြစ်ပါသည်။

**တကယ့်ဧရာမပညာကြီး**

ယခုအခါ လူငယ်များ စိတ်ဝင်စားလာကြသည့် နိုင်ငံတကာ ကုန်သွယ်မှု ပြည်တွင်းပြည်ပ ရောင်းဝယ်မှု ဆိုသည်မှာ ဆံပင်ညှပ်တာမျိုး၊ ကိတ်မုန့်ဖုတ်တာမျိုး၊ ခေါက်ဆွဲကြော်တာမျိုးလောက် ပညာမျိုးမဟုတ်ပါ။ ကမ္ဘာ့အခြေအနေကြီး တစ်ရပ်လုံးနှင့်ပင် ဆက်စပ်နေသော ဧရာမပညာကြီးဖြစ်ကြောင်းကို အလေးအနက် နိုးနိုးကြားကြား သတိထားကြဖို့ လိုပါသည်။

"ခုရေတွင်းတူး၊ ခုရေကြည်သောက်" ဆိုသလို ချက်ချင်း ချမ်းသာကြွယ်ဝလာရန် စိတ်မကူးဘဲ ဧရာမပညာကြီးကို လေ့လာရန် စွန့်စားဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုမှ ကကြီးရေကပဲ ရှိသေးသည်။ ရှေ့ကို ဇွဲသတ္တိ ခိုင်ခိုင်မာမာကြီးထားပြီး ပရိစ္ဆေဒ ရှည်လျားစွာ လှမ်းရဦးမည်ဟု အခိုင်အမာ သန္နိဋ္ဌာန် ချသင့်ပါသည်။

သူတကာတွေက ကိုယ့်ထက် ခြေလှမ်း ငါးဆယ်လောက် ကြောနေပြီးဖြစ်သည်ကို အသိအမှတ်ပြုထားရပါမည်။ သူတို့ကလည်း ရပ်နေမည်မဟုတ်။

ရှေ့ကိုလှမ်းနေမည်သာ။ သူတို့က တစ်လှမ်းလှမ်းချိန်တွင် ကိုယ်ကလည်း တစ်လှမ်းတည်းသာ လှမ်းနေမည်ဆိုပါက ခြေလှမ်းငါးဆယ် ထာဝရ ကွာနေမည်သာဖြစ်သည်။ သူတို့တစ်လှမ်းမှာ ကိုယ်က သုံးလေးလှမ်းလောက် လှမ်းနိုင်ပါမှ တော်ရုံကျပါလိမ့်မည်။

သက်ဆိုင်ရာဗဟုသုတကိုလည်း မပြတ်ဆည်းပူးရပါလိမ့်မည်။ မျက်မြင်လောကကိုလည်း သုံးသပ်ရပါလိမ့်မည်။ ဖွင့်အပ်သောနား၊ နိုးကြားမျက်စိ၊ သတိရှိသော စိတ်အစဉ်နှင့် ဤစာမပညာရပ်ကြီးကို ဆည်းပူးရပါလိမ့်မည်။

ဟိုနားက ပစ္စည်းလေးကိုယူ၊ ဒီနားသွားရောင်းတာမျိုးနှင့် ရသည့် တောက်တီးတောက်တဲ့ အမြတ်ကလေးကို အဟုတ်မှတ်နေရမည့်ကိစ္စမျိုး မဟုတ်ပါ။ မော်တော်ကား ဘော်ဒီထုတာမျိုးမဟုတ်၊ အင်ဂျင်တည်ဆောက်သည့် ပညာမျိုးကို ကြိုးပမ်းရယူမည်ဟု စိတ်ဓာတ်မြင့်မြင့် ထားကြရန် လိုပါသည်။ ငါတို့လေ့လာဆည်းပူးမည့် ပညာရပ်ကြီးသည် တစ်ကိုယ်ရေချမ်းသာကြွယ်ဝရုံမျှသာ မဟုတ်။ နိုင်ငံ၏ စီးပွားရေးကြီးကိုပါ တိုးတက်ပြောင်းလဲစေနိုင်သည့် ပညာရပ်ကြီးဖြစ်နေပါတကားဟု အလန့်တကြား တန်ဖိုးထား နှလုံးသွင်းကြရပါမည်။

မြန်မာ့စီးပွားရေး လူမျိုးခြားများလက်ထဲသို့ ရောက်ချင် ရောက်နေပါလိမ့်ဦးမည်။ ရောက်ပါစေ။ ကြောက်စရာ မလိုပါ၊ လူမျိုးခြားအောက် အနှစ်တစ်ရာ လောက် ရောက်နေခဲ့ရသည့် ကျွန်ဘဝမှပင် လွတ်လပ် ရေးကိုရအောင် ပြန်ပြီးယူနိုင်ခဲ့ကြသေးသည်။ ငါတို့ ဘိုးဘွားများက လွတ်လပ်ရေးကို ပြန်ရအောင် လုပ်နိုင် ခဲ့လျှင် ငါတို့ကလည်း ဤပညာကြီးကို ကျွမ်းအောင် လေ့လာပြီး နိုင်ငံတော်စီးပွားရေး ထောင်တက်လာ အောင်၊ သူတစ်ပါးလက်အောက်မှ လွတ်အောင် ကြိုးပမ်းမည်ဟု နှလုံး သွင်းကြရပါမည်။

ငါတို့ ဘိုးအေများသည် နိုင်ငံ့လွတ်လပ်ရေး အတွက် လူမျိုးခြားများထံပါးရိုက်ခံပြီး စစ်ပညာကို သင်ယူခဲ့ကြသည်။ ငါတို့သည်လည်း မည်မျှပင် အောက်ကျ နောက်ကျခံရစေဦးတော့၊ ဤကုန်သွယ် စီးပွားပညာရပ် ကြီးကို ရအောင်သင်ယူပြီး နိုင်ငံတော်ကို အလုပ် အကျွေးပြုမည်ဟု သဘောပိုက်ထားသင့်ကြပါသည်။

## ရိုးဖြောင့်မှု အရင်းအနှီး

အထက်တန်းကျလိုလျှင် အောက်တန်းစား စိတ်ဓာတ်မျိုးကို မမွေးပါနှင့်။ မလိမ့်တပတ်လုပ်ခြင်း၊ နှစ်ပေါက်တစ်ပေါက် ရိုက်ခြင်းဆိုသည့် လုပ်ရပ်မျိုးမှာ

အောက်တန်းစား စိတ်ဓာတ်မျိုးဖြစ်သည်။ မည်သည့်အခါမျှမမွေးပါနှင့်။ ယောင်လို့မျှ မတွေးသင့်ကြပါ။ "လည်သည်" ဟူသော ဂုဏ်မျိုးကို မမက်သင့်ပါ။ "ကျွမ်းကျင်သည်"ဟူသော ဂုဏ်မျိုးသာ မက်သင့်ပါသည်။

ကက်ဆက်အဟောင်းလေးကို ဈေးချိုချိုနှင့် ဝယ်၊ ဆေးသုတ်အရောင်တင်၊ "ပက်ကင်သစ်" ထဲထည့်ပြီး အသစ်လုပ်ရောင်း ဆိုတာမျိုးမှာ ကိုယ်သွားမည့် လမ်းမျိုး မဟုတ်။ ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားသင့်ပါသည်။

ကမ္ဘာပေါ်တွင် အတုပစ္စည်း လုပ်ရောင်းနေကြရာတွင် နာမည်ကြီးသည့် မြို့ကြီးဒေသကြီးများကို အထင်သေးသည့် စိတ်မျိုးမွေးပါ။ အတုလုပ်ရောင်းသောသူတို့သည် မည်သည့်အခါတွင်မျှ "အသစ်ထွင်" နိုင်သည့် အဆင့်မျိုးသို့ မရောက်နိုင်တော့ကြောင်း သတိပြုသင့်ပါသည်။

ထို့ကြောင့် တကယ်ထိပ်တန်းကျကျ၊ အဆင့်မြင့်မြင့် အောင်မြင်လိုပါလျှင် ကုန်သွယ်ရေးတွင် လေဝင်လေထွက် ရိုးဖြောင့်မှု အရင်းအနှီးကြီးကိုလည်း အခြေခံထားသင့်ကြပါသည်ဟု ကုန်သွယ်လူငယ်များအား တိုက်တွန်းလိုက်ရပါသတည်း။ ။

# ကထာဝတ္ထု

ကျွန်တော်၏စာပေဘဝတွင် ဆွေးနွေးငြင်းခုံမှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။ ယခုလည်း ကြုံတွေ့နေရဆဲဖြစ်၍ ရှေ့ကိုလည်း ကြုံရဦးမည်ကို သိနေပါသည်။

ဤသည်မှာ ကျွန်တော်၏ညာဉ်ကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်ရေးခဲ့သမျှ စာများကို အခြေခံ၍ ကောက်ချက် ဆွဲကြည့်လိုက်သော အခါ ပထမဆုံးရေးခဲ့သည့် "သရက်ထောင်ဖောက်ခဲ့ စဉ်က" (မြဝတီ၊ မေ၊ ၁၉၅၉)နှင့် "ချိုတကူးနှင့် ဂုဏ်ရည်မတူ"စသော ရသစာတမ်းငယ်အချို့မှအပ စာပေပြဿနာများကိုချည်း ကိုင်တွယ်ရေးသား နေခဲ့မိကြောင်းကို တွေ့နေရပါသည်။

နှစ်ပေါင်းအတန်ကြာ စာအရေးအသား ပြတ်နေပြီးနောက် ၁၉၇၁ ခုနှစ်တွင် စာပြန်ရေးသော အခါ၌ပင် ပထမဆုံးရေးလိုက်သော ဆောင်းပါးမှာ

"မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ" (ရှမ၀၊ နို၀င်ဘာ၊ ၁၉၇၁)ဟူသော ပြဿနာ ဆောင်းပါးဖြစ်နေသည်ကို တွေ့ရပါသည်။ သည်နောက်တွင် ရေးလိုက်လေသမျှမှာလည်း များသောအားဖြင့် ပြဿနာ ဆောင်းပါးတွေသာ ဖြစ်နေပြန်ပါသည်။

ထို့ကြောင့် ကျွန်တော်ကိုယ်တိုင်ကပင်လျှင် ပြဿနာဖြစ်နေသော ကိစ္စမျိုး သို့မဟုတ် ပြဿနာဖြစ်လောက်သော ကိစ္စမျိုး၌သာ အာရုံကျက်စားနေမိတတ်ကြောင်း ကိုယ့်ကိုယ်ကို ၀န်ခံလာရပါတော့သည်။

ကျွန်တော့်အနေနှင့် ဟိုဘက်ဒီဘက် ကျိုးသင့်ကြောင်းသင့် ဆွေးနွေးငြင်းခုံကြရင်း တတ်နိုင်သမျှ အမှန်တရားနှင့် နီးစပ်အောင် ကြိုးပမ်းခြင်းဖြစ်သည်ဟု ပြောချင်စိတ် ပေါ်မိပါသည်။ သို့သော် တကယ်လက်တွေ့တွင် မှားနေသည်ဟု ထင်မိသော အယူအဆများကို ဆန့်ကျင်တင်ပြသည့် ပုံသဏ္ဌာန်မျိုးနှင့် ၀င်မိလေသည်က များသောကြောင့် အတိုက်အခံ၊ အငြင်းအခုံများနှင့် မပြတ်ကြုံတွေ့နေရပါတော့သည်။

ထိုအခါမျိုးတွင်လည်း ဓမ္မဓိဋ္ဌာန်ကျကျ ကျိုးသင့်ကြောင်းသင့် ဖြေသူများနှင့် ကြုံရသည်က နည်း၍၊ ဂိုဏ်းစွဲ အုပ်စုစွဲနှင့် တိုက်ခိုက်ခြင်း၊ မဆီမဆိုင်သည်တို့ကို ထည့်သွင်းပုတ်ခတ်ခြင်း၊ ပုဂ္ဂိုလ်ရေးလှောင်ပြောင်

သရော်ခြင်းစသည်တို့ကို ကြုံရသည်က ပို၍များပါသည်။

ထို့ကြောင့် ဆွေးနွေးကြခြင်းနှင့်ပတ်သက်၍ ဘုရားရှင်၏ မိန့်မှာတော်မူချက်ကို ပိဋကတ်တော် မြန်မာပြန်တွင် တွေ့မိဖူးသည်ကို ပြန်လည်သတိရလာပါသည်။ ပြန်ရှာပါသည်။ တွေ့ပါပြီ။

အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ်၊ ကထာဝတ္ထုသုတ်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ မြန်မာပြည်၊ ပထမအုပ်၊ တတိယနှိပ်ခြင်း၊ ၁၉၇၄၊ စာမျက်နှာ-၂၁၅)

ကထာဝတ္ထုသုတ်အကြောင်းကို ဆက်ပါရစေ။

ပါဠိတော်မြန်မာပြန်ကို ဖတ်သောကြောင့် မြန်မာလို ဖတ်ရသည်မှန်သော်လည်း အချို့သော ဝေါဟာရ အသုံးအနှုန်းတို့မှာ ကျွန်တော်တို့လို လူပြိန်းများအတွက် ချက်ချင်းနားလည်ရန် လွယ်ကူလှသည် မဟုတ်ပါ။ ထို့ကြောင့် ဤဆောင်းပါးကို ရေးမည်ရှိသောအခါ မဓ္ဓာစရိယ စာချဆရာတော်တစ်ပါးထံ သွားရောက်၍ မူရင်းပါဠိတော်၏အာဘော်ကို တတ်နိုင်သမျှ သိနားလည်အောင် လျှောက်ထားမေးမြန်းခဲ့ရပါသေးသည်။

* * *

ကထာဆိုသည်မှာ စကား။ ဝတ္ထုဆိုသည်မှာ အကြောင်းအရာ၊ စကားဖြစ်စေသော အကြောင်းအရာ

ဟု မြန်မာလို အနက်ပြန်နိုင်ပါသည်။ အဓိကအားဖြင့် ဆွေးနွေးအပ်သူနှင့် မဆွေးနွေးအပ်သူ ပုဂ္ဂိုလ်နှစ်မျိုးကို ခွဲခြမ်းစိတ်ဖြာ၍ ဘုရားရှင်က ရဟန်းတော်တို့အား ဆုံးမထားသော ဒေသနာဟု ဆိုနိုင်ပါသည်။ ကျွန်တော် ကောက်နုတ် တင်ပြလိုသည်မှာလည်း ထိုအချက်ပင် ဖြစ်ပါသည်။

* * *

ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူ ဟူ၍သော်လည်းကောင်း၊ မဆွေးနွေး သင့်သူဟူ၍ လည်းကောင်း" သိအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သည်ရှိသော် တိုက်ရိုက် ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တိုက်ရိုက် အားဖြင့် အကယ်၍ မဖြေဆိုငြားအံ့၊ ဝေဖန်၍ ဖြေဆို ရမည် ဖြစ်သော ပြဿနာကို ဝေဖန်၍ မဖြေဆို ငြားအံ့။ တစ်ဖန် ပြန်မေး၍ ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တစ်ဖန်ပြန်မေး၍ မဖြေဆိုငြားအံ့၊ (မဖြေ ဆိုဘဲ)ထားရမည် ဖြစ်သော ပြဿနာကို (မဖြေဆိုဘဲ) မထားငြားအံ့၊ ရဟန်းတို့ ဤသို့ဖြစ်လတ်သော် ဤပုဂ္ဂိုလ် သည် မဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် တိုက်ရိုက် ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တိုက်ရိုက်အားဖြင့်

အကယ်၍ဖြေဆိုအံ့၊ ဝေဖန်ဖြေဆိုရမည် ဖြစ်သော ပြဿနာကို ဝေဖန်၍ ဖြေဆိုအံ့၊ တစ်ဖန်ပြန်မေး၍ ဖြေဆိုရမည် ဖြစ်သော ပြဿနာကို တစ်ဖန်ပြန်မေး၍ (မဖြေဆိုဘဲ) ထားရမည် ဖြစ်သော ပြဿနာကိုလည်း (မဖြေဆိုဘဲ) ထားအံ့။ ရဟန်းတို့ ဤသို့ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် ဆွေးနွေးသင့်သောပုဂ္ဂိုလ် မည်အံ့။

* * *

အထက်ပါ ကောက်နုတ်ချက်တွင် မဆွေးနွေးသင့်သော ပုဂ္ဂိုလ်(၄)မျိုး၊ ဆွေးနွေးသင့်သော ပုဂ္ဂိုလ်(၄)မျိုးကို တွေ့ရပါလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကိုလည်း တွေ့နိုင်ပါ သည်။ နောက်ပိုင်း ကောက်နုတ်ချက်များလည်း (ဆောင်းပါး ရှည်လွန်းနေမည်စိုးသောကြောင့်) မဆွေးနွေးသင့်သော ပုဂ္ဂိုလ်ကိုသာလျှင် ထုတ်ပြ သွားပါတော့မည်။ ဘုရားရှင် မိန့်မှာချက်ကို ကျွန်တော် နားလည်မိသည်မှာ -

(၁) လိုရင်းကို တိုတိုရှင်းရှင်း တည့်တည့် ဖြေဆိုရမည့် ကိစ္စမျိုးတွင် ဝေ့လည်ကြောင်ပတ်လုပ်ပြီး ပြောနေတတ်သည့်သူမျိုး။

(၂) သူ့အဆစ်အပိုင်းနှင့်သူ ရှင်းလင်း သုံးသပ်ပြီး ဖြေရမည့် နေရာမျိုးတွင် လုံးလုံးထွေးထွေး

ရောနှောပြီး ဖြေတတ်သည့်သူမျိုး။

(၃) မေးသူအား တစ်ဆင့်ပြီးတစ်ဆင့် မေးခွန်းများမေးလျက် ဖြေရှင်းသွားရမည့်နေရာမျိုးတွင် ထိုကဲ့သို့သော နည်းကို မသုံးတတ်သည့်သူမျိုး။

(၄) ဖြေနေစရာမလို၊ သည်အတိုင်းထားရမည့် ပြဿနာမျိုးကို မလိုအပ်ပါဘဲလျက် ဖြေဆိုနေခြင်းအားဖြင့် ဆွေးနွေးပွဲကို ပို၍ရှုပ်ထွေးလာအောင် လုပ်သည့်သူမျိုး။

ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့သည် မဆွေးနွေးအပ်သောသူများဖြစ်သည်။

(ဤအချက် ၄ ချက်မှာ ဆွေးနွေးဖြေဆိုနည်းလမ်းညွှန်များ ဖြစ်နေသည်ဟုလည်း ကျွန်တော်ယူဆမိပါသည်။)

* * *

*ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူဟူ၍လည်းကောင်း၊ မဆွေးနွေးသင့်သူဟူ၍လည်းကောင်း" သိအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် အကြောင်းဟုတ်သည် မဟုတ်သည်၌ အကယ်၍ မတည်အံ့၊ ကြံဆအပ်သောအရာ၌ အကယ်၍ မတည်အံ့၊ သိရမည့်ဝါဒ၌ အကယ်၍ မတည်အံ့၊ ဖြေဆိုရမည့် ကျင့်ဝတ်၌ အကယ်၍ မတည်အံ့။ ရဟန်းတို့ ဤသို့ဖြစ်လတ်သော်*

ဤပုဂ္ဂိုလ်သည် မဆွေးနွေးသင့်သော ပုဂ္ဂိုလ် မည်၏။

* * *

အထက်ပါကောက်နုတ်ချက်ကို ကျွန်တော်နားလည်မိသည်မှာ-

(၁) အချိန်အခါ၊ နေရာဒေသ၊ အကြောင်းအရာအားဖြင့် မှန်ကန်သင့်လျော်မှု ရှိ မရှိ မစဉ်းစားတတ်သူ။

(၂) အကျိုးသင့်အကြောင်းသင့် လေးလေးနက်နက် စဉ်းစားပြောဆိုခြင်း မရှိသူ။

(၃) မိမိတို့ဆွေးနွေးကြမည့် အကြောင်းအရာအယူအဆ (ဝါဒ) ကို မသိသူ။

(၄) မိမိတို့ကျင့်သုံးလိုက်နာကြရမည့် ကျင့်စဉ်ဝတ္တရားများကို မသိသူ။

အထက်ပါ ၄ မျိုးမှာ မဆွေးနွေးအပ်သူများဖြစ်သည်ဟု ကျွန်တော်နားလည်ပါသည်။

အထက်ပါ ၄ မျိုးအနက် ကျွန်တော့်အဖို့မကြာခဏ ကြုံရသည်မှာ နံပါတ်(၂) နှင့် (၃) အမျိုးအစားများသာ ဖြစ်ပါသည်။ သေချာပြောဆို ရှင်းလင်းပြပါသော်လည်း လေးလေးနက်နက် စဉ်းစားခြင်းလည်းမပြု။ ဓမ္မဓိဋ္ဌာန်ကျသော လွတ်လပ်စွာ နားထောင်ဆင်ခြင်တတ်သည့် အလေ့အထလည်း မရှိ။ တယူသန်အစွဲအလန်းနှင့် စွတ်ပြီးငြင်းနေတတ်သောလူမျိုး

ဖြစ်ပါသည်။ နောက်တစ်မျိုးကလည်း တစ်နည်းတစ်ဖုံ စိတ်ညစ်စရာ ကောင်းပါသည်။ သရုပ်မှန်ဝါဒနှင့် အသင့်ယုတ္တိတန်ခြင်းကိုပင် ကွဲပြားအောင်မသိပါဘဲလျက် ဆိုရှယ်လစ်သရုပ်မှန်ဝါဒကို ဆွေးနွေးချင်သောသူများ ဖြစ်ပါသည်။ ဘုရားရှင်ကတော့ သူ၏ တပည့်ချစ်သား ရဟန်းတော်များကို ထိုသို့သောသူများနှင့် ဆွေးနွေးခြင်း မပြုလင့်ဟု မိန့်မှာတော်မူပါသည်။

* * *

စာပေတွင် ပုံသဏ္ဌာန်နှင့် အကြောင်းအရာ မည်သည်က ပို၍အရေးပါသနည်းဟူသော ပြဿနာကို ဆွေးနွေးကြရာတွင် စာပေသည် ပြည်သူကို အကျိုးပြုရန်သာ အရေးကြီးသည် ဟူသောစကားဖြင့် ပြောနေသည့်စကားကို ဖုံးကွယ်လိုက်နည်းမျိုးဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။ ကဗျာတွင် ကာရန်မဲ့သင့် မမဲ့သင့် ပြောဆိုဆွေးနွေးကြရာတွင် ယနေ့ကဗျာဆရာများသည် ပြည်သူကို မျက်ကွယ် ပြုထားတတ်ကြောင်း စသည်ဖြင့် စကားလမ်းကြောင်း လွှဲပြီး မိမိအားသန်ရာဘက်သို့ ဆွဲခေါ်ဆွေးနွေးနည်း မျိုးမှာ အပြင်စကားကို ဆောင်၍ပယ်ခြင်း ဖြစ်သည်ဟု ကျွန်တော် နားလည်မိပါသည်။

နောက်ဆုံးတစ်ချက်ဖြစ်သော စိတ်တိုခြင်း၊

အမျက်ထွက်ခြင်းတို့ကို ထင်စွာပြအံ့ဟူသော စာပိုဒ်ကို ဖတ်လိုက်ရသောအခါ ကျွန်တော့်ကိုယ် ကျွန်တော်ပင် အတော်လေး စိတ်ပျက်သွားပါသည်။ တစ်ဖက်သားက လှောင်သလိုလို၊ ပညာစမ်းသလိုလိုလုပ်ပြီး မေးလာလျှင် ကျွန်တော် အလွန်စိတ်တိုတတ်ပါသည်။ ဘုရားရှင်ကတော့ စိတ်တိုသည်ကိုပင် အပြစ်တင်ခြင်း မပြုသေးပါ။ စိတ်တိုခြင်းကို ထင်စွာပြုအံ့ဟု အတန်အသင့် ခွင့်လွှတ်တော်မူပါသေးသည်။ ကျွန်တော် စိတ်တိုခြင်းကို မချုပ်တည်းနိုင်ပါ။ ထင်စွာ ပေါ်နေတတ်ပါသည်။ မဆွေးနွေးအပ်သူထဲတွင် စာရင်းပေါက်သွားပြီပေါ့။

* * *

*ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ထိုပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူဟူ၍လည်းကောင်း၊ မဆွေးနွေးသင့်သူဟူ၍လည်းကောင်း" သိအပ်၏။ ဤပုဂ္ဂိုလ်သည် ပြဿနာမေးအပ်သော် အကယ်၍ (ပါဋ္ဌိပါဠိသွားရွှတ်ဖတ်၍) လွှမ်းမိုးအံ့၊ (အကြောင်းပြ ၍)ဖိနှိပ်အံ့၊ (မေးသူစိတ်၌ သံသယရှိလာအောင်) ပြင်းစွာရယ်အံ့၊ အနည်းငယ်ချွတ်ယွင်းသည်ကို အမှားဖမ်းအံ့၊ ရဟန်းတို့ ဤသို့ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် မဆွေးနွေးအပ်သော ပုဂ္ဂိုလ်မည်၏။*

* * *

ထိုစာပိုဒ်ကို ဖတ်လိုက်ရသောအခါ ကျွန်တော်တို့ ခေတ်တွင် အင်္ဂလိပ်စာ ကောင်းကောင်းမတတ်သူ တစ်ဖက်သားအား အင်္ဂလိပ်စကားလုံး ကြီးကြီးမားမား များကို (သူကိုယ်တိုင်လည်း ကောင်းကောင်း နားမလည်ဘဲ) ရွတ်ဖတ်ပြီး လွှမ်းမိုးအနိုင်ယူရန် ကြိုးစားသောသူများကို သွားပြီးသတိရမိပါသည်။ ဘုရားရှင်ကတော့ အကြောင်းအရာအားဖြင့် ကိုယ့်ဘက်က မှန်နေသည်ပဲထားဦးတော့၊ နိုင်ထက်စီးနင်းလွှမ်းမိုးပြီး ပြောဆိုဆွေးနွေးတတ်သူတို့ကို မဆွေးနွေးသင့်သူများဟု သတ်မှတ်ပါသည်။

ထို့ပြင် ကျွန်တော်တို့ခေတ်တွင် တစ်ဖက်သားကို နှိမ်နင်းရန်အလို့ငှာ အကျိုးအကြောင်းပေါ် ၌ပင် မရပ်တည်တော့ဘဲ ပရိသတ်ထင်ယောင်ထင်မှား ဖြစ်အောင် လှောင်ပြောင်ရယ်မောပြောဆိုခြင်း၊ ရေးသားခြင်းစသည်တို့ကို ပြုတတ်ကြသူများကိုလည်း ကွက်ခနဲသတိရလိုက်ပါသည်။ မဆွေးနွေးသင့်သူများ ဖြစ်ပါသည်။

ဘုရားရှင်ကတော့ ဆွေးနွေးခြင်းအတွက် ပန်းတိုင် တစ်ခုတည်းကိုသာ သတ်မှတ်ပါသည်။ ထိုပန်းတိုင်က မဂ်ဖိုလ်။ ဘုရားရှင်ကတော့ သတ္တဝါ အားလုံးအတွက် အရေးအကြီးဆုံးသော အရာမှာ သံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ်ဖိုလ်သာလျှင်

ဖြစ်သည်။ ထို့ကြောင့် ဆွေးနွေးခြင်း၏ မိရာအကြောင်း (ဝါ) ဦးတည်ချက်သည် မဂ်ဖိုလ်ရရာ ရကြောင်း ဖြစ်စေရမည်။ ဤသို့ သွန်သင်ပါသည်။

ကထာဝတ္ထုသုတ်၏ ပဓာနအချက်များကို ဂါထာဖွဲ့၍နိဂုံးချုပ်ထားပါသည်။ ထိုဂါထာများ၏ မြန်မာပြန်မှာ -

*အကြင်သူတို့သည် ဆန့်ကျင်ကုန်သည်ဖြစ်၍ မှားသောအားဖြင့် နှလုံးသွင်းကုန်ပြီးလျှင် ထောင်လွှားကုန်လျက် ပုထုဇဉ်တို့၏ ဥစ္စာဖြစ်သော ဂုဏ်သိက္ခာကို ထိခိုက်၍ အချင်းချင်းအပြစ်ရှာလျက် ပြောဆိုကုန်၏။*

*(ထိုသူတို့သည်) အချင်းချင်း၏ မကောင်းသဖြင့် ပြောဆိုအပ်သော အနည်းငယ်မျှ ချွတ်ယွင်းတွေ့ဝေသော အရှုံးစကားကို အလွန်နှစ်သက်ကုန်၏။ အရိယာပုဂ္ဂိုလ်တို့ကား ထိုစကားမျိုးကို မဆိုပေ။*

*ပညာရှိသည် အကယ်၍ စကားပြောဆိုလိုလျှင် အချိန်အခါကိုသိ၍ တရား၌တည်လျက် တရားနှင့်ယှဉ်စပ်သော အရိယာတို့၏ အသုံးအနှုန်းဖြစ်သော စကားကို ဆိုရာ၏။*

*ပညာရှိသည် မဆန့်ကျင် မထောင်လွှားဘဲ မပျံ့လွင့်သောစိတ်ဖြင့် ဂုဏ်မပြိုင်နိုင်ထက်ကလူမပြု။ ထိုပညာရှိသည် ပြူစူခြင်းမရှိဘဲ ကောင်းစွာသိ၍*

ပြောဆို၏။ ကောင်းစွာပြောဆိုသော စကားကိုလည်း ဝမ်းမြောက်ရာ၏။ မကောင်းသဖြင့် ဆိုအပ်သော် မခြိမ်းခြောက်ရာ။

သူတစ်ပါးအား ချုပ်ချယ်စောင်းမြောင်းခြင်းကို မပြုကျင့်ရာ၊ ချွတ်ချော်သော စကားကိုလည်း (အပြစ်ဟု) မယူရာ၊ (ပါဠိပါဌ်သားတို့ကို ရွတ်၍လည်း) မလွှမ်းမိုးရာ၊ (အကြောင်းပြ၍) မဖိနှိပ်ရာ၊ အမှန်အမှား ရောစပ်သော စကားကိုလည်း မဆိုရာ။

သူတော်ကောင်းတို့၏ ဆွေးနွေးခြင်းသည် စင်စစ်သိခြင်းကြည်ညိုခြင်းအကျိုးငှာသာ ဖြစ်၏။ ဤသို့လျှင် အရိယာတို့သည် တိုင်ပင်ကုန်၏။ ဤသည်ကား အရိယာတို့၏ တိုင်ပင်ခြင်းမည်၏။ ပညာရှိသည် ထိုအရိယာတို့၏ တိုင်ပင်ခြင်းကိုသိ၍ မထောင်လွှားဘဲ တိုင်ပင်ရာသတည်း။

* * *

စင်စစ်အားဖြင့် ဤနောက်ဆုံးအပိုဒ်သည် ကထာဝတ္ထုသုတ်တစ်ခုလုံး၏ အနှစ်ချုပ်ဟု ဆိုနိုင်ပါသည်။ ဤနိဂုံး ဂါထာတွင် ကျွန်တော်၏စိတ်ကို ထိခိုက်စေသော စကားကလေးတွေ အတော်များများ ပါရှိပါသည်။

"မှားသောအားဖြင့် နှလုံးသွင်းကုန်ပြီးလျှင်

ပုထုဇဉ်တို့၏ ဥစ္စာဖြစ်သော ဂုဏ်သိက္ခာကို ထိပါးကုန်လျက်" ဟူသော စကားကိုတွေ့လိုက်သောအခါ ရယ်မောရင်းကပင် ရှက်မိသလိုလို ဖြစ်လိုက်မိပါသည်။ စပြီးဆွေးနွေးလိုက်ကြပါပြီ ဆိုကတည်းက တစ်စုံတစ်ခုသောအမှန်တရားသို့ နီးစပ်လေအောင်ဟု သဘောမထားကြဘဲ "ဒီတစ်ချီမှာတော့ အပြတ်တွယ်လိုက်လေမှပဲ" ဟူသောသဘောမျိုးဖြင့် ဆွေးနွေးဝေဖန်တတ်ကြသည့် ကျွန်တော်တို့ အကျင့်ဆိုးကြီးကို ထောက်ပြလိုက်သကဲ့သို့ ဖြစ်နေပါတော့သည်။

တစ်ဖန် ပုထုဇဉ်တို့၏ ဥစ္စာဖြစ်သော ဂုဏ်သိက္ခာဟူသော စကားကိုလည်း နားလည်လိုက်မိသလိုလို ရှိလာပါသည်။ ကျွန်တော်တို့၏ ဂုဏ်သိက္ခာဆိုသည်မှာ ဘာတွေလဲ။ "ငါဟာ စာပေဝေဖန်ရေးဆရာ" "ငါဟာ နိုင်ငံကျော် ကဗျာဆရာ" "ငါဟာ နိုင်ငံကျော် ဝတ္ထုဆရာ" စသည့် ဂုဏ်သိက္ခာများသာ ဖြစ်နေသည်မဟုတ်ပါလား။ အရိယာသူတော်စင်တို့၏ ဥစ္စာဆိုသည်မှာတော့ သီလ၊ သမာဓိ၊ ပညာ စသည်တို့ဖြစ်ပေမည်ပေါ့။

နောက်တစ်ချက်မှာ ပညာရှိတို့သည် "တရား၌တည်လျက် တရားနှင့် ယှဉ်စပ်သော အရိယာတို့ အသုံးအနှုန်းဖြစ်သော စကားကိုဆိုရာ၏" ဟူသော အဆုံးအမပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ဆွေးနွေး

ကြပြီဆိုလျှင် အကြောင်းအရာကိုသာလျှင် ဓမ္မဓိဋ္ဌာန် ကျကျ မူတည်ပြီးဆွေးနွေးသင့်ကြပါသည်။ မိမိတို့ ဆွေးနွေးကြသောကိစ္စနှင့် မပတ်သက်သည့် ပုဂ္ဂိုလ်ရေးရာ ထိပါးစေမှုများ၊ မဆီမဆိုင်ကိစ္စများကို ထည့်သွင်း ပြောဆိုကြခြင်းငှာမသင့်ဟု ကျွန်တော် ကောက်ယူမိပါသည်။ တစ်ဖန် ပြောဆိုစကားတို့မှာလည်း သိမ်မွေ့ ယဉ်ကျေးခြင်း၊ မွန်ရည်ခြင်း စသည်တို့ ရှိအပ်ကြသည် ဟု နားလည်မိပါသည်။ (အချို့ကတော့ "ချတယ်ဆိုရင် ပြတ်ပြတ်ပေါ့၊ ဘာမှ ယဉ်ကျေးနေဖို့ မလိုဘူး၊ ပြတ်ပြတ်သားသား လုပ်ရမှာပေါ့" စသည်ဖြင့် ပြတ်သားခြင်းနှင့် ရိုင်းပျခြင်းကို ရောထွေးပြီး ပြောချင် ပြောကြပါလိမ့်မည်။ ကျွန်တော်ကတော့ ထိုအုပ်စု မျိုးတွင် ဘယ်တော့မှ ပါလိမ့်မည် မဟုတ်ပါ။)

နောက်ဆုံးတစ်ချက်မှာ "ဆွေးနွေးခြင်းသည် စင်စစ် သိခြင်းကြည်ညိုခြင်း အကျိုးငှာသာ ဖြစ်၏" ဟူသော သွန်သင်ချက်ပင် ဖြစ်ပါသည်။ ထိုအချက်ကို ကျွန်တော် အကြိုက်ဆုံးဖြစ်ပါသည်။ ဆွေးနွေးခြင်းတွင် ထိုအချက်ကိုသာ ဓမ္မဓိဋ္ဌာန်ကျကျ ပဓာနထားနိုင်မည် ဆိုလျှင် ကျန်သောအချက်များ တစ်စတစ်စ ပြည့်စုံလာ နိုင်လိမ့်မည်ဟုပင် ထင်မှတ်မိပါသည်။

ကျွန်တော်တို့ ဆွေးနွေးကြသည်မှာ ရန်ဖြစ်ဖို့

သက်သက်လား။ စာပေတိုးတက်မှုစသည့် တစ်စုံတစ်ခုသော သဘောတရားမှန်ကို တွေ့ဖို့လား စသည်ဖြင့် စဉ်းစားကြည့်လိုက်လျှင် ကျွန်တော်တို့၏ ရည်ရွယ်ချက်များမှာ ရိုင်းလှသည်မဟုတ်ဟု ကျွန်တော် ယုံကြည်ပါသည်။ သို့သော် ကျွန်တော်တို့သည် မူလဦးတည်ချက်ကို မျက်ခြည်မကြာခဏပြတ်တတ်သည်ဟုလည်း ထင်မိပါသည်။

မည်သို့ပင်ဖြစ်စေ ကထာဝတ္ထုသုတ်လာ ဆွေးနွေးခြင်းနှင့် ပတ်သက်သော ဘုရားရှင်၏အဆုံးအမများကို တင်ပြခဲ့ပြီး ပါပြီ။ ကျွန်တော် ကိုယ်တိုင်လည်း ဆွေးနွေးသင့်သူတစ်ယောက် ဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်။ သို့သော် . . .

**စာပေသူရဲကောင်း** တစ်ယောက်ဖြစ်ရန်ဟူသော စိတ်ကူးမျိုး ကျွန်တော့်မှာ ယောင်လို့မှ မပေါ်ခဲ့ဖူးကြောင်း ကျမ်းရွတ်လို့ပင် ကျိန်ဝံ့ပါသည်။ သို့သော် ဘုရားရှင်၏ “ကထာဝတ္ထုသုတ်” ကို ဖတ်ပြီးသည့်နောက်တွင်ကား **စာပေသူတော်ကောင်း** တစ်ယောက်ဖြစ်လိုသည့် သဒ္ဒါတရား တဖွားဖွား ပေါ်ပေါက်နေမိသည်မှာကား အမှန်ဖြစ်ပါသတည်း။

# တရားကျခြင်းနှင့် နားချခြင်း

ကျွန်တော်သည် ဘာသာရေးစာပေများ၌ နှံ့စပ်သိမြင်သူ တစ်ယောက် မဟုတ်ပါကြောင်း ယခင်တစ်ပတ်က ဝန်ခံရေးသားခဲ့ပြီး ဖြစ်ပါသည်။ သာမန်အားဖြင့် မြန်မာစာပေကို လေ့လာရင်း သိလာကြုံလာရသော ဗုဒ္ဓဘာသာ အသိမျိုးလောက်သာ ရှိပါကြောင်းကိုလည်း ဝန်ခံခဲ့ပါသည်။

ဤသို့ဆိုလိုက်သောကြောင့် ဘာသာရေးကျမ်းများကို မဖတ်တော့ဘူးလားဆိုလျှင် မကြာခဏဆိုသလို ဘာသာရေးကျမ်းများကို စိတ်လိုလက်ရ ဖတ်မိတတ်ပါသည်။ သို့သော်လည်း ဘာသာရေး၊ လောကုတ္တရာရေး တို့ထက် လောကီရေးဘက်ကိုသာ စိတ်က ညွှတ်ပျောင်းသွားမြဲ ဖြစ်ပါသည်။ ဘုရား၏ တရားတော်များကို ဖတ်နေရင်း နိဗ္ဗာန်ရောက်ကြောင်းထက် လောကီလူ့ဘဝ ကိစ္စထွေရာများဘက်သို့သာ အာရုံက ရောက်သွားတတ်ပါသည်။

ယခုလည်း ကျွန်တော်၏ အလေ့အထုံပြုရာ စာပေလောကဘက်သို့သာ အာရုံရောက်သွားမိပုံ တစ်ခုကို တင်ပြလိုက်ရပါဦးမည်။

ဗုဒ္ဓသာသနာအဖွဲ့က ပြုစုထုတ်ဝေသော အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်စာအုပ်များကို ကျွန်တော် မကြာခဏဖတ် မိပါသည်။ ဖတ်ကြည့်လိုက်မိတိုင်း စိတ်ဝင်စားစရာတစ်ခုလောက်ကိုသွားပြီး တွေ့တတ်ပါသည်။ လောကုတ္တရာရေးရာတွင် အာရုံကျက်စားမှု နည်းသောကြောင့် ထိုထိုသော ပုဂ္ဂိုလ်ကြီးများလောက် လောကုတ္တရာဉာဏ် မပွင့်မိရိုး အမှန်ဖြစ်ပါသည်။ ကျွန်တော် ဉာဏ်ပွင့်ပုံက အခြားတစ်ပါးသို့ ရောက်နေတတ်ကြောင်းကို ဤဆောင်းပါးကို ဖတ်နေရင်း တွေ့လာကြပါလိမ့်မည်။

အင်္ဂုတ္တိုရ် မြန်မာပြန် တတိယစာအုပ် စာမျက်နှာ (၁၁၉) တွင် "အလံသုတ်" ဟူသော သုတ်တစ်ခုကို တွေ့ရပါသည်။ "အလံ" ဟူသော ပါဠိစကားလုံးကို စိတ်ဝင်စားမိသောကြောင့် ဖတ်ကြည့်မိပါသည်။

* * *

*ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံ သော ရဟန်းသည် မိမိ၏ (အစီးအပွားကို ကျင့်ခြင်း၌)*

စွမ်းနိုင်၏။ သူတစ်ပါးတို့၏ (အစီးအပွားကို ကျင့်ခြင်း၌ လည်း) စွမ်းနိုင်၏။

အဘယ်ခြောက်မျိုးတို့နည်းဟူမူ - ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရား တို့၌ လျင်စွာ စုံစမ်းမှတ်သားနိုင်၏။ ကြားနာပြီးသော တရား ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထား ပြီးသော တရားတို့၏အနက်ကိုလည်း စုံစမ်းဆင်ခြင် နိုင်၏။ အနက်ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကိုလည်းကျင့်၏။ ကောင်းသောစကားလည်း ရှိ၏။ ကောင်းသော မြွက်ဆိုသံရှိ၏။ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပာယ်သိလွယ်သော ပြည့်ကြီးသူ တို့စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဘော်တို့အား တရား စကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရား ကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်၏။ ရဟန်းတို့ ဤတရား ခြောက်မျိုးနှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီး အပွားကိုကျင့်ခြင်း၌) စွမ်းနိုင်၏။ သူတစ်ပါးတို့၏ (အစီး အပွားကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။

* * *

အထက်ပါ စကားများကို မျက်စိရှင်းအောင် ပိုပြီး နားလည်လွယ်အောင် ယခုခေတ် စကားများ

ယခုခေတ် စာစီခွဲခြမ်း ပြင်ဆင်ပုံများနှင့် ရေးလိုက်မည် ဆိုလျှင် ဤသို့ဖြစ်လာပါလိမ့်မည်။

ရဟန်းတို့ အောက်ပါ ခြောက်မျိုးသော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိအကျိုးကို လည်းကောင်း၊ သူတစ်ပါး ၏ အကျိုးကိုလည်းကောင်း ဖြစ်ထွန်းစေနိုင်၏။

(၁) ကုသိုလ်တရားတို့ကို နားလည်လွယ်၏။

(၂) ထိုတရားတို့ကိုလည်း ဆည်းပူးမှတ်သားထား တတ်၏။

(၃) မှတ်သားထားသမျှ တရားတို့၏ သဘော ကိုလည်း သုံးသပ်ဆင်ခြင်၏။

(၄) တရားကိုသိသည့်လျော်စွာ တရားအတိုင်း လည်းကျင့်၏။

(၅) ရည်မွန်ပြေပြစ်သော စကားကိုလည်း ဆိုတတ်၏။ (စကားပြောလည်း ကောင်း၏)

(၆) မိမိ၏ အပေါင်းအဖော်တို့အားလည်း တရား ကျင့်သုံးရန် စိတ်ထက်သန်အောင် ဖန်တီးနိုင်၏။

ထိုရဟန်းသည် မိမိ၏အကျိုးကို လည်းကောင်း၊ သူတစ်ပါးအကျိုးကို လည်းကောင်း ဖြစ်ထွန်းစေနိုင်၏။

ထိုတရားခြောက်ပါးနှင့် ပတ်သက်၍ ရှစ်မျိုး ခွဲခြားပြပါသည်။ ကျန်ခုနစ်မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါ

သည်။ (ဆောင်းပါး ရှည်လျားလွန်းမည် စိုးသောကြောင့် ကျွန်တော့်စကားနှင့်ပင် ဆက်လက် တင်ပြလိုက်ပါသည်)

(၂) ကုသိုလ်တရားတို့ကို နားလည် လွယ်ခြင်း ဟူသော အရည်အချင်း ချို့တဲ့နေစေဦးတော့ ကျန်အင်္ဂါငါးပါးနှင့် ပြည့်စုံလျှင် မိမိအကျိုး၊ သူတစ်ပါး အကျိုးကို ဆောင်နိုင်စွမ်းရှိသည်။

(၃) အခြားအင်္ဂါရပ်တို့နှင့် ပြည့်စုံနေပါသော်လည်း စကားပြောမကောင်းသဖြင့် အပေါင်းအဖော်များအား တရား၌ စိတ်အားထက်သန်အောင် မပြုနိုင်လျှင် မိမိအကျိုးသာ ပြည့်စုံနိုင်လျက် သူတစ်ပါး အကျိုးကို မဆောင်နိုင်။

(၄) နံပါတ် (၃)အချက် သဘောကို ဆင်ခြင် သုံးသပ်နိုင်ခြင်းလည်းမရှိ၊ ထို့ကြောင့် နံပါတ်(၄) ကျင့်ခြင်းကိုလည်း မပြုနိုင်။ အခြားသော အင်္ဂါရပ်တို့နှင့်ကား ပြည့်စုံ၏။ ထိုရဟန်းသည် သူတစ်ပါးအကျိုးကို ပြု၏။ မိမိ၏အကျိုးကိုကား မဖန်တီးနိုင်။

(၅) လျင်မြန်သော နားလည်လွယ်မှု မရှိစေကာမူ တရားကို မှတ်သားပြီး သုံးသပ်ဆင်ခြင်လျက် ကျင့်၏။ သို့သော် တစ်ဖက်သား နားဝင်အောင် ပြောမပြတတ်။ မိမိအကျိုးကိုလည်း ပြုနိုင်စွမ်း၏။ သူတစ်ပါး၏ အကျိုးကို မပြုနိုင်။

(၆) လျင်မြန်သော နားလည်လွယ်မှု မရှိ။ မှတ်တော့မှတ်မိ၏။ သုံးသပ်မှုမရှိ။ ကျင့်မှုလည်း မရှိ။ သို့သော် သူတစ်ပါးတို့ နားလည်အောင်၊ နားကျ အောင်ကား ပြောတတ်၏။ သူတစ်ပါးအကျိုးကို ဆောင်နိုင်၏။ မိမိအကျိုးကား မဖြစ်ထွန်းနိုင်။

(၇) လျင်မြန်သော နားလည်လွယ်မှု မရှိ။ ဆောင်ထား မှတ်မိခြင်းလည်းမရှိ။ ဆောင်ထားသမျှ၏ သဘောကိုကားသိ၏။ ကျင့်လည်းကျင့်၏။ တစ်ပါး သူတို့အား ဟောပြောနားချခြင်း၌ကား မစွမ်း။ မိမိ အကျိုးကို စွမ်းနိုင်၏။ သူတစ်ပါးအကျိုးကို မဆောင်နိုင်။

(၈) မိမိကိုယ်တိုင်က တရားကို နားလည် လွယ်သည့်သဘောမရှိ၊ မှတ်ဆောင်ခြင်းမပြု၊ ဆင်ခြင် သုံးသပ်မှုလည်း မရှိ၊ ကျင့်လည်းမကျင့်။ သို့သော် တစ်ပါးသူတို့ကို ကျင့်သုံးလာအောင်တော့ ပြောတတ် ၏။ သူတစ်ပါးအကျိုးစီးပွားကို ဆောင်၏။ မိမိ၏အကျိုး စီးပွားကို မဆောင်နိုင်။

* * *

အထက်ပါ 'အလံသုတ်' ကို ဖတ်လိုက်ရသော အခါ ကျွန်တော့်စိတ်ထဲ၌ ပထမဆုံး သတိရလိုက်မိ သည်မှာ လယ်တီ ဆရာတော်ဘုရားပင် ဖြစ်ပါသည်။ ဆရာတော်ကြီးအကြောင်းကိုလည်း အတန်အသင့်

ဖတ်ဖူးပါသည်။ အနာဂါမ် ဆရာသက်ကြီးအကြောင်း ကိုလည်း ဖတ်ဖူးပါသည်။ ထို့ကြောင့်လည်း ဆရာတော် အကြောင်းကိုပိုပြီး သိလာရပြန်ပါသည်။ တစ်ဖန် သာသနာပြုဆရာကြီး ဦးဘခင်၏အကြောင်း၊ သာသ နာပြုဆရာကြီး ဦးကိုအင်ကာအကြောင်းကိုလည်း ဖတ်ဖူးပါသည်။ ထို့ကြောင့် ဆရာတော်၏အကြောင်းကို ပိုပြီးသိလာရပြန်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားသည်ကား "တရားခြောက်ပါးလုံးနှင့် ပြည့်စုံသော ယောကျ်ား အာဇာနည်ကြီးပါတကား" ဟု ရှေးကထက် ပိုမို ကြည်ညိုခြင်း ဖြစ်လိုက်ရပြန်ပါသည်။

နောက်တစ်ဖန် အခြားအခြားသော ဆရာ တော်များ အကြောင်းကိုလည်း ဆက်လက် တွေးတော မိပြီး ကြည်ညိုခြင်း အသစ်ဖြစ်လာရပြန်ပါသည်။

ထိုမှမက အဟောအပြောကောင်းလှသည်ဟု ကျော်စောသော 'ဓမ္မကထိက' များအကြောင်းကိုလည်း သတိရမိပြန်ပါ သည်။အချို့မှာ သူတို့ကိုယ်တိုင်လည်း တရားကိုနှစ်နှစ်ကာကာ သဘောမပေါက်၊ ကျင့်လည်း မကျင့်။ သို့သော် ပရိသတ်ကို ကုသိုလ်စိတ် ဖြစ်အောင် တော့ ဟောနိုင်ပြောနိုင်စွမ်း ရှိကြသည်။ သူတို့ကိုလည်း မိမိအကျိုးကို မစွမ်းနိုင်စေဦးတော့၊ သူတစ်ပါး၏ အကျိုး

ကို ဖန်တီးနိုင်စွမ်းရှိကြပါပေ၏ တကားဟု အောက်မေ့လိုက်မိပြန်ပါသည်။ ထို့ကြောင့် သူတို့၏ ကျေးဇူးကိုလည်း အသစ်အားဖြင့် ဆင်ခြင်ပြီး ကြည်ညိုမိလိုက်ပြန်ပါသည်။

* * *

အထက်တွင် စကားပလ္လင်ခံခဲ့သည့်အတိုင်း ကျွန်တော်က လောကီသမား၊ စာသမားသက်သက် ဖြစ်လေသောကြောင့် ကျွန်တော်တို့ စာပေလောက ဆီသို့ မျက်စိက ရောက်သွားပြန်ပါတော့သည်။

စာရေးဆရာရယ်လို့ ဖြစ်လာကြသည့်နောက်မှာတော့ ဘာသာစကားဆိုင်ရာ အရေးအသား အသုံးအနှုန်းတို့တွင် ထိုက်သည့်အားလျော်စွာ ကျွမ်းကျင်နေကြပြီး ဖြစ်သည်မှာ အထူးပြောစရာ မလိုတော့ပါ။ သို့သော် လောကီလူမှုကောင်းကျိုး ကိစ္စများတွင် စာဖတ်သူကို ကောင်းကျိုးကောင်းမှု ပြုချင်စိတ် သဒ္ဓါတရား နိုးကြွလာအောင် ရေးနိုင်သားနိုင်သည့် စွမ်းရည်မှာတော့ဖြင့် တစ်ယောက်နှင့်တစ်ယောက် မတူနိုင်ကြသည်ကို သတိထားမိလိုက်ပါသည်။

စာပေသဘောတရား၊ ဘဝဒဿန၊ လောကအမြင်တို့တွင်လည်း မိမိကိုယ်တိုင်နက်နဲစွာ တွေးတော ဆင်ခြင်တတ်ခြင်း၊ ကျင့်လည်း ကျင့်သုံးခြင်း၊

စာဖတ်သူကိုလည်း ရှင်းလင်းစွာ နားလည်အောင် ရေးသားတတ်ခြင်း၊ နားကျလာအောင်၊ တက်ကြွလာအောင် စည်းရုံးနိုင်ခြင်း စသည်တို့တွင်လည်း တစ်ဦးနှင့်တစ်ဦးကွာခြားတတ်သည်ကို တွေ့ရပြန်ပါသည်။

ဘုရားရှင်ကတော့ ရဟန်းတော်တို့အား ဆုံးမထားခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ စာပေလောကတွင်တော့ဖြင့် လူဝတ်ကြောင်လောကီသား စစ်စစ် တွေမို့ တစ်ခုပိုလာပါသည်။ 'တရား' မဟုတ်သော 'မတရား' တို့ကို စာဖတ်သူများက အဟုတ်ကြီးထင်ပြီး ပေါက်တတ်ကရ အမှောက်မှောက်အမှားမှား လုပ်ချင်လာအောင် ရေးတတ်သားတတ်သည့် စာရေးဆရာများလည်း ရှိနေပေသေးသည်ဟု အောက်မေ့လိုက်မိပြန်ပါသည်။

ဤသို့အားဖြင့် ကျွန်တော့်မှာ အင်္ဂုတ္တိုရ် မြန်မာပြန်ကိုဖတ်နေရင်း နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာဘက်သို့ စိတ်ကမရောက်နိုင်ဘဲ ကျွန်တော်တို့ စာပေလောကဘက်ဆီသို့ ပြန်ပြီလည် လာပြန်ပါလေတော့သတည်း။ ။

🕮 🕮 🕮

# ရှင်သာရိပုတြာ၏ ဝေဖန်ရေးပဋိသမ္ဘိဒါ

ကျွန်တော်သည် စာပေဝေဖန်ရေးသဘောတရားများကို တတ်စွမ်းသမျှ ကြိုးစားရေးသားခဲ့ပါသည်။ ယင်းသို့ ရေးနေရင်း ဝေဖန်သူတို့နှလုံးသွင်းကျင့်သုံးအပ်သော ကိုယ်ကျင့်တရားကိုလည်း အမှတ်မထင် ဆင်ခြင်မိတတ်ပါသည်။ ကျွန်တော်ကိုယ်တိုင် သာမန်အားဖြင့် ကျင့်သုံးနေသော ကိုယ်ကျင့်တရားများလည်း ရှိတန်သရွေ့တော့ ရှိပါသည်။

ကျွန်တော် မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးရာ အာဃာတစိတ်ဖြင့် ရေးသားဝေဖန်ခြင်း မပြုခဲ့ဖူးပါ။ ကျွန်တော့်ကို ပုဂ္ဂိုလ်ရေး ရာအရ ထိပါးရေးသားလာခဲ့လျှင်လည်း မတုံ့ပြန်ဘဲ ငုံ့ခံခဲ့သည်ပင် ဖြစ်ပါသည်။ အကျိုးသင့်အကြောင်းသင့် ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်ရေးသားလာလျှင်ကား၊ သင့်အပ်သလို အကျိုးအကြောင်းနှင့်သာလျှင် ပြန်လည်ရေးသားလေ့ရှိပါ

သည်။ (တစ်ခုတော့ ရှိပါသည်။ စာဖြင့်ရေးသားခြင်း မဟုတ်ဘဲ မျက်နှာချင်းဆိုင် ပြောဆိုငြင်းခုံရန် ကြုံလာသောအခါတွင်ကား တစ်ဖက်သား၏ အမူအရာကို လိုက်၍ ကျွန်တော်၏စိတ်တိုလွယ်သော ဉာဉ်ဆိုးကြီး ကြောင့် ခပ်ဆတ်ဆတ် ခပ်ကြမ်းကြမ်း ပြန်တွယ်မိသည်မှာ မကြာခဏဖြစ်ပါသည်။ ဤသည်မှာလည်း ကောင်းသောအကျင့်တော့ မဟုတ်ပါ။)

ထို့ပြင် ကျွန်တော့်မှာ ဆုံးဖြတ်ချက်တစ်ခုရှိပါသေးသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်အယူအဆကို ဝေဖန်ရေးသားရာ၌ ကျိုးကြောင်းသင့်မြတ်သည်ဖြစ်၍ ကျွန်တော့်အယူအဆ မှားယွင်းနေကြောင်း ယုံကြည်လာလျှင် လူသိရှင်ကြားဝန်ခံ မည်ဟုလည်း သန္နိဋ္ဌာန် ချထားပါသည်။ စင်စစ်အားဖြင့် ဝန်မခံနိုင်စရာအကြောင်းလည်း မရှိပါ။ စက်တိုင်တက်ရမည့်ကိစ္စလည်း မဟုတ်ပါ။ ရှက်စရာဟုလည်း မယူဆသင့်ပါ။ ကျွန်တော်တို့အားလုံး ကြိုးပမ်းဆွေးနွေးနေကြသည်မှာ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး အတွက်သာလျှင်ဖြစ်ကြပါသည်။

ဤသည်တို့မှာ သာမန်အားဖြင့် ကျွန်တော်နှလုံးသွင်းထားသော ဝေဖန်ရေး ကိုယ့်ကျင့်တရားများဖြစ်ပါသည်။

## ပိဋကတ်တော်က စကား

ဤသို့ ဝေဖန်ရေးနှင့်ပတ်သက်သော စကားများကို ပိဋကတ်တော်တစ်နေရာရာတွင် တွေ့ခဲ့ဖူးသည်ဟု ဝိုးတဝါးသတိရနေမိပါသည်။ ပိဋကတ်တွင် ကျွမ်းကျင် နှံ့စပ်သူမဟုတ်၍ ကောက်ကာငင်ကာ လည်း ရှာမကြည့်တတ်ပါ။ ထို့ကြောင့် ကြိုးကြားရံခါ စမ်းတဝါးဝါးသာလျှင် ပြန်ပြီးရှာခဲ့ရပါသည်။ ယခုတော့ တွေ့ပါပြီ။ သေချာပြန်ဖတ်ကြည့်တော့ ကျွန်တော်သင်ထားခဲ့သည်ထက်ပင် ပို၍ပြည့်စုံနေပါသေးသည်။ ထိုဝေဖန်ရေးသီလကို ကျွန်တော့် ထင်မြင်ချက် ကလေးများပါ ဖြည့်စွက်ပြီး တင်ပြလိုပါသည်။

ဤစာကိုရေးနေရင်း လိပ်ပြာငယ်မိသော အချက်ကလေး တစ်ခုကိုလည်း ထည့်သွင်းပြောလိုက်ချင်ပါသေးသည်။ လွန်ခဲ့သော ဆယ့်ရှစ်နှစ် (၁၉၆၂ လောက်က) ဆရာဇော်ဂျီ ကျွန်တော့်ကို စကားတစ်ခွန်း ပြောဖူးပါသည်။ သူ၏အလေ့အတိုင်း သူ့ခေါင်းကလေးကို ပွတ်ရင်းသပ်ရင်း "*ဒီလိုပဲ ကိုအောင်သင်းရေ၊ ဆရာတို့က တစ်သက်လုံးသူများပြောတဲ့ စကားတွေကိုချည်း ပြောလာခဲ့တာမဟုတ်လား၊ ဗုဒ္ဓက ဘယ်လိုဟောတယ်၊ ဆော့ခရတ္တိုက ဘယ့်နှယ်ပြောတယ် စသည်ဖြင့်ပေါ့လေ။ နောက်တော့မှ အင့်-ဟင်*

ငါ့စကားငါ တစ်ခါမှ မပြောခဲ့ဖူးသေးပါလား သတိရပြီး ကိုယ့်စကား ကိုယ်ပြောဖို့ ကြိုးစားလိုက်ရတာ တကယ် ပင်ပန်းတာကိုး ကိုအောင်သင်းရ၊ ဟော-ကိုယ့်စကား လေး ကိုယ်တစ်ခွန်းစနှစ်ခွန်းစလည်း ပြောတတ်လာပါ လေရော၊ ခေါင်းကလည်း ဖြူလာပါလေရောဗျား" ဤသို့ပြောပြီး ဆရာကခပ်ယဲ့ယဲ့ကလေး ရယ်လိုက်ပါ သေးသည်။ သူ့ကိုယ်သူလည်း လှောင်ပြီး ရယ်လိုက်လေ သလားမသိ။ ကျွန်တော်ကတော့ဖြင့် ရောပြီးမရယ် နိုင်ခဲ့ပါ။ မရယ်နိုင်သည့်ပြင် လန့်သွားပါသည်။ 'ကိုယ့် စကား' တဲ့။

ယခုလည်း ကျွန်တော့်မှာ ကိုယ့်စကားကိုယ် ပီပီပြင်ပြင် မပြောတတ်သေးသောကြောင့် ရှင်သာရိ ပုတြာနှင့် ဘုရားရှင်တို့၏ စကားစဉ်ကိုသာ တင်ပြရပါ တော့မည်။

နောက်တစ်ဆင့် ပြောပါရစေဦး။ ဘုရားရှင် နှင့် ရှင်သာရိပုတြာတို့၏ စကားများကို ပြန်ပြော တတ်ခြင်းပင်လျှင် ကျွန်တော်၏စွမ်းစ မဟုတ်သေးပါ။ သာသနာရေးဦးစီးဌာန၏ ကျေးဇူး၊ ပိဋကတ်တော်ကို ကျွန်တော်တို့ လက်လှမ်းမီအောင် မြန်မာပြန်ပေးတော် မူကြသော ရဟန်းပညာရှိ၊ လူပညာရှိတို့၏ ကျေးဇူး ကြောင့်သာ ဖြစ်ပါသည်။

ကျွန်တော် တင်ပြလိုသည်မှာ အင်္ဂုတ္တရ နိကာယ်၊ ပဉ္စကနိပါတ်၊ အာဃာတဝဂ်၊ စောဒနာသုတ် ဖြစ်ပါသည်။ သာသနာရေး ဦးစီးဌာနမှ ထုတ်ဝေသော အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဒုတိယစာအုပ်တွင် တွေ့နိုင်ပါသည်။

ပိဋကတ်တော် မြန်မာပြန်ရေးဟန်၊ ဝေါဟာရ အသုံးအနှုန်းတို့မှာ ယခုခေတ်ရေးဟန် အသုံးအနှုန်း များနှင့် မတူလှပါ။ ထို့ပြင် ဘုရားရှင်လက်ထက်က နှုတ်ဖြင့် ဟောပြောဆွေးနွေးသမျှကို မှတ်တမ်းတင် ထားခြင်းဖြစ်သောကြောင့် စကားပြော ဆွေးနွေးစဉ်က ကဲ့သို့ပင် လိုအပ်သမျှကို တိကျအောင် အထပ်ထပ် ပြန် ပြောခြင်း၊ ရွတ်ခြင်းတို့ကို ပြုတတ်ပါသည်။ အကြောင်း အရာ အချက်အလက်များကို ထပ်ဖန် တလဲလဲရေး ထားလျှင် ယနေ့စာဖတ်ပရိသတ်က အလွန်ငြီးငွေ့တတ် ပါသည်။ ထို့ကြောင့် အချို့နေရာများတွင် အကျဉ်း ချုပ်၍ တင်ပြသွားပါမည်။ အရေးကြီးသော နေရာများ တွင်ကား မူရင်းအတိုင်းပင် တင်ပြလိုက်ပါသည်။

'စောဒနာ' ဟူသော ပါဠိဝေါဟာရ၏ အနက် ရင်းမှာ 'တိုက်တွန်းခြင်း၊ အပြစ်တင်ခြင်း၊ လှုံ့ဆော်ခြင်း' ဟူသော သဘောကို ရပါသည်။ ကျွန်တော်တို့ ခေတ် သုံးစကားနှင့်ဆိုသော် ဝေဖန်ခြင်းဟု ယူနိုင်ပါသည်။

**စောဒနာသုတ်**

ထိုအခါ၌ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို မိန့်ဆိုတော်မူ၏။

ငါ့သျှင်တို့ သူတစ်ပါးကို စောဒနာ လိုသော စောဒကရဟန်းသည် ဤတရားငါးမျိုးတို့ကို မိမိ သန္တာန်၌ ဖြစ်စေ၍ သူတစ်ပါးကို စောဒနာရမည်။

အဘယ်ငါးမျိုးနည်းဟူမူ -

လျော်ပတ်သောအခါ၌ ဆိုအံ့၊ မလျော်ပတ်သောအခါ၌ မဆိုအံ့။

ဟုတ်မှန်သောစကားဖြင့် ဆိုအံ့၊ မဟုတ်မမှန်သော စကားဖြင့် မဆိုအံ့။

နူးညံ့သောစကားဖြင့် ဆိုအံ့၊ ကြမ်းတမ်းသောစကားဖြင့် မဆိုအံ့။

မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆိုအံ့။ (ဤငါးမျိုးတို့တည်း။)

ငါ့သျှင်တို့ သူတစ်ပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရားငါးမျိုးကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတစ်ပါးကို စောဒနာရမည်။

အထက်ပါ စကားများနှင့်ပတ်သက်၍ ကျွန်တော်၏အမြင်ကို ဖြည့်စွက်တင်ပြလိုပါသည်။

**(၁) လျော်ပတ်သောအခါ၌ ဆိုအံ့၊**

**မလျောက်ပတ်သောအခါ၌ မဆိုအပ်** ဟူသော စကားကို ကျွန်တော် စဉ်းစားကြည့်ပါသည်။

ပုထုဇဉ်ဆိုသည်မှာ မနေ့က ပုထုဇဉ်နှင့် ယနေ့ပုထုဇဉ် ကွာသည်မဟုတ်ပါ။ ဘုရားလက်ထက် က ပုထုဇဉ်သည်လည်း ကျွန်တော်တို့ခေတ် ပုထုဇဉ် မျိုးပင် ဖြစ်ပါသည်။ ကျွန်တော်၏ စိတ်ကူးတွင် မြင်ယောင်ကြည့်မိပါသည်။ ပရိသတ်ဗိုလ်ပုံ အလယ် တွင် တရားဟောနေသော ရဟန်းအား တစ်ပါးသော ရဟန်းက အချိန်ကာလမချင့်မထောက် စောဒနာမှု၊ ဝေဖန်မှုများ ပေါ်ခဲ့ပါလိမ့်မည်။ ထိုအခါ မလိုလားအပ်သော အမျက်ဒေါသ ပဋိပက္ခများလည်း ပေါ်ပေါက်လာပါလိမ့်မည်။ ထိုအခါ အကျိုးကျေးဇူး မရှိသည်သာမက ဆွေးနွေးအပ်သော အကြောင်းအရာတရားကိုပင် မျက်ခြည်ပြတ်သွားနိုင်ပါသည်။

ကျွန်တော်တို့ ယနေ့ခေတ်၌ပင် စင်မြင့်ပေါ်က စာပေဟောပြောနေသော စာရေးဆရာတစ်ယောက်၏ အယူအဆကို မကျေလည်သည် ရှိစေဦးတော့ ပရိသတ်အလယ်တွင် ဇောက်ကျယ်ဟစ်ကျယ် လုပ်မိပြီး ဝေဖန်ပြောဆိုရန် မသင့်ပါ။ မည်သူမျှလည်း မလုပ်ကြပါ။ အခါကာလ မသင့်လျော်သောကြောင့် ဖြစ်ပါသည်။

ထိုမျှမက ဆက်လက်ဆင်ခြင်ကြည့်သင့်သော ကိစ္စလေးများရှိပါသေးသည်။ ယခုတစ်လောတွင် အညံ့စား ဖျော်ဖြေရေးဝတ္ထုတွေ လွှမ်းမိုးလွန်းသဖြင့် ဝတ္ထုကောင်းကလေးများပင် ခေါင်းမထောင်နိုင် ရှိနေပါသည်။ ပေါင်းပင်တွေကြားတွင် မဖွံ့ထွားနိုင်ဘဲ ဖြစ်နေသော ပန်းမျိုးကောင်းကလေးများသဖွယ် ဖြစ်နေပါသည်။ ထိုဝတ္ထုကလေးများမှာ ဓားတွေ၊ လှံတွေကြားတွင် စွန့်စွန့်စားစား ဝင်ရောက်နေရာယူကြရသည်ဖြစ်ရာ တစ်ခါတစ်ရံဈေးကွက်တွင် တွက်ခြေမကိုက်အောင် ဖြစ်နေကြရရှာပါသည်။ ထိုဝတ္ထုကလေးများကို ကျွန်တော်လည်း ရှာဖွေဖတ်ကြည့်ပါသည်။ ဝတ္ထုရေးသူတို့၏ စေတနာကောင်းကိုလည်း အမှတ်ပြုမိပါသည်။ သို့သော်လည်း ကျွန်တော်တို့၏ လေ့လာမှု၊ ဝေဖန်မှုမျက်စိဖြင့် ကြည့်သောအခါ အပြစ်အနာအဆာ အနည်းနှင့်အများတော့လည်း တွေ့ရသည်ပင် ဖြစ်ပါသည်။ အနည်းကိုထားဦးတော့၊ များနေသောအနာအဆာကို တွေ့ရလျှင်ကား ပြောလိုက်ချင်မိပါသည်။ သို့သော် သည်လိုဝတ္ထုမျိုးလေးတွေ ထွက်လာနိုင်သေးသည်ပင် တော်လှပြီဟု အောက်မေ့သောကြောင့် မပြောရက်တော့ပါ။ လျောက်ပတ်သော အခါကာလမဟုတ်ဟု ယူဆမိပါသည်။

နောက်ပုံစံတစ်ခု ပြချင်ပါသေးသည်။ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးဝတ္ထုများ ပေါ်ပေါက်လာပါ သည်။ အချို့ဝတ္ထုများမှာ အနုပညာအရည်အသွေး အလွန်ညံ့ပါသည်။ သို့သော်လည်း မူးယစ်ဆေးဝါး အန္တရာယ် အလွန်ကြီးမားနေချိန်တွင် အနုပညာအရည် အသွေး အနည်းအပါးညံ့သည်ကို ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောနေရန် မသင့်ပါ။ လျောက်ပတ်သော ကာလမဟုတ်ဟု ယူဆရပါသည်။ (အနုပညာညံ့မှု ကြောင့်ဖြစ်စေ၊ စေတနာမရိုးသားမှုကြောင့်ဖြစ်စေ၊ မူးယစ်ဆေးဝါးကို အားကျစမ်းသပ် ကြည့်ချင်လာစေ အောင် နှိုးဆော်သည့် ဝတ္ထုအဖြစ်သို့ ရောက်နေလျှင် ကား တစ်မျိုးစဉ်းစားရမည် ဖြစ်ပါသည်။

**(၂) ဟုတ်မှန်သော စကားဖြင့်ဆိုအံ့၊ မဟုတ်မမှန်သော စကားဖြင့်မဆိုအံ့။**

ဤအချက်ကိုကား အထူးပြောနေစရာမလို တော့ပါ။ ရှင်းလွန်းလှပါသည်။ တစ်ဖက်သားကို နစ်နာစေလိုသော စေတနာ၊ အကျော်အစောကို မဟုတ်မမှန်ရယူလိုသော စိတ်မျိုးနှင့် လုပ်ကြံလီဆယ်ပြီး ဝေဖန်ခြင်း၊ ပြစ်တင်စွပ်စွဲခြင်းတို့ကို ပြုလုပ်လျှင် လူယုတ်မာဟု ခေါ်ရန်မှတစ်ပါး အခြားမရှိပါ။ လူယုတ်မာတို့မည်သည် လုပ်ချင်တာလုပ်ကြတတ်သည်

ဖြစ်၍ စည်းကမ်းသတ်လို့ ရသည်မဟုတ်ပါ။ သူတို့ကို စည်းကမ်းပေးလို့ မရပါ။ သို့သော် ဤသို့မမှန် လုပ်ကြံ စွပ်စွဲကြောင်း သိလာလျှင်ကား ပရိသတ်ကလည်း ကြည့်နေလေ့မရှိပါ။ စာပေဝေဖန်ရေးတွင် ဤသို့သော ကိစ္စမျိုးပေါ်လာလျှင်ကား စာဖတ်ပရိသတ်ကလည်း လျစ်လျူရှုပြီး နေလေ့မရှိပါ။

**(၃) နူးညံ့သော စကားဖြင့်ဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့်မဆိုအံ့။**

ချိုချိုပြောလည်း သည်စကား၊ ကြမ်းကြမ်း ပြောလည်း သည်စကားပင်ဖြစ်ရာ၊ ချိုချိုသာသာ ပြော နိုင်လျှင် အကောင်း ဆုံးဖြစ်သည်မှာ ငြင်းစရာမလိုပါ။ ဤစာကို တွေ့ပြီးသည့်နောက် ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်လည်စစ်ဆေးကြည့်မိပါသည်။ ကျွန်တော်သည် များသောအားဖြင့် သိမ်မွေ့ညင်သာစွာ ရေးလေ့ရှိခဲ့ဖူးကြောင်းကိုလည်း ပြန်လည်သတိရမိ ပါသည်။ ဆတ်ဆတ်ကြမ်းကြမ်း ရေးလျှင်ကား ဝေဖန်ခံ ရသူ၏ နာမည်ကို ထုတ်ဖော်ပြီး ရေးလေ့မရှိခဲ့ပါ။

သိမ်မွေ့စွာ ပြောဆိုခြင်းသည် တင်ပြသည့် တရားကို မမှိန်ဒွှန်ကျကျ ဆင်ခြင်မိကြအောင် အထောက်အကူ ပြုသည်ဟု ယူဆမိပါသည်။ ကြမ်းတမ်းစွာ ပြောဆိုခြင်းသည် အာဃာတကို ဖြစ်စေ

လျက် ဆွေးနွေးကြသည့် အကြောင်းအရာကို နောက်တန်းသို့ ရောက်သွားစေနိုင်သည်ဟု ထင်မိပါသည်။

ဤနေရာတွင် ကျွန်တော်ကိုယ်တိုင် သို့လောသို့လော ဖြစ်နေသည့်အတွေးတစ်ခုကို တင်ပြချင်ပါသေးသည်။ အချို့သော စာပေသောင်းကျန်းသူများ ကိစ္စဖြစ်ပါသည်။ သူတို့သည် တိုင်းပြည်နှင့်လူမျိုးမျက်နှာကိုလည်း မထောက်၊ စာပေယဉ်ကျေးမှု ကိုလည်း ဂရုမစိုက်၊ လောက၏ အကျိုးစီးပွားကိုလည်း မစဉ်းစား၊ ကိုယ်ချမ်းသာလျှင် ပြီးရော၊ နာမည်ရလျှင် ပြီးရောဆိုသော စိတ်မျိုးနှင့်ထင်ရာစိုင်းတတ်ကြပါ သည်။ အချို့က မသိနားမလည်မိုက်မဲ၍ အချို့က သိနားလည်လျက်ယုတ်မာ၍ ဤသို့ပြုမူကြခြင်းဖြစ်ပါသည်။ ထိုသို့သော သူမျိုးတို့မှာ သိမ်မွေ့သော ဝေဖန်ရေးကို လားလားမျှ မဖြုံကြပါ။ သူတို့လို လူမျိုးသည် ဝေဖန်ရေးနယ်ကို လွန်နေပါပြီ။ ဝေဖန်ရမည့် အဆင့်မျိုးမဟုတ်ဘဲ တိုက်ခိုက်ဖြိုဖျက်ရမည့်အဆင့်သို့ ရောက်သွားပြီဟု ထင်မိပါသည်။ ထို့ကြောင့် သူတို့ကို တိုက်ခိုက်ရာတွင် သိမ်မွေ့ညင်သာနေဖို့ မလိုဘဲ ရှက်လောက်အောင်၊ နာလောက်အောင် ခပ်ကြမ်းကြမ်း ရေးသားပြောဆိုသင့်သည်ဟု ထင်မိပါသည်။ ကျွန်တော်ကိုယ်တိုင်က ကြမ်းကြမ်းတမ်းတမ်း စူးစူးရှရှ မရေး

စေဦးတော့ အခြားတစ်စုံတစ်ယောက် ရေးလိုက်လျှင် ဝမ်းမြောက်မိတတ်သည်မှာ အမှန်ဖြစ်ပါသည်။

သင့်မသင့် စာဖတ်သူတို့ စဉ်းစားကြရန် ဖြစ်ပါသည်။

**(၄) အကျိုးနှင့်စပ်သောစကားဖြင့် ဆိုအံ့၊ အကျိုးနှင့် မစပ်သောစကားဖြင့် မဆိုအံ့။**

ဝေဖန်မှုတစ်ခုကို ပြုလျှင် ဝေဖန်ခံရသူ အတွက်ဖြစ်စေ၊ စာဖတ်သူအတွက်ဖြစ်စေ၊ စာပေ လောကအတွက်ဖြစ်စေ အကျိုးကျေးဇူးရှိသင့်ပါသည်။ ဘာအကျိုးကျေးဇူးမျှ မည်မည်ရရမရှိဘဲ ဝေဖန်ရေးသား နေလျှင်ကား စက္ကူကုန်ရုံ၊ လက်ညောင်းရုံသာ ဖြစ်ပါ လိမ့်မည်။

**(၅) မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသ စိတ်ရှိသည်ဖြစ်၍ မဆိုအံ့။**

ဤအချက်မှာ နူးညံ့စွာဆိုခြင်း၊ ကြမ်းတမ်းစွာ ဆိုခြင်းနှင့် ရောထွေးသယောင်ရှိပါသည်။ သို့သော် သေချာစွာ စဉ်းစားကြည့်လျှင် မတူပါ။ မေတ္တာစိတ် အရင်းခံသော်လည်း ကရုဏာဒေါသောဆိုသည့် စကား ကဲ့သို့ ကြမ်းတမ်းစွာ ဆိုတတ်ပါသည်။ ဒေသစိတ် အရင်းခံရှိသော်လည်း ယဉ်ကျေးဖွယ်ရာ စကားလှမျာ ကိုသုံးပြီး ပရိယာယ်အားဖြင့် ပြောတတ်သည်လည်း

ရှိပါသည်။ ကျွန်တော်ကိုယ်တိုင် သိမ်မွေ့ညင်သာစွာ ပြောသော်လည်း တစ်ခါတစ်ရံ 'တွယ်လိုက်ပြီကွဲ့' ဟူသော စေတနာမျိုး ပါသွားခဲ့ဖူးကြောင်းကို ပြန်လည် သတိရမိပါသည်။ မည်သို့ပင်ဖြစ်စေ၊ မေတ္တာအခြေခံ ဓာတ်ခိုင်မာလျှင်ကား သိမ်မွေ့နူးညံ့ဖို့ အခွင့်အလမ်း များသည်ဟု ဆိုရပါသည်။

အထက်ပါ ဝေဖန်ရေးသီလကို စာဖတ်သူ ပြန်လည်စဉ်းစားကြည့်စေချင်ပါသည်။ ကျွန်တော် လည်း အထပ်ထပ် စဉ်းစား ကြည့်မိပါသည်။ ဤပဥ္စသီ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲနိုင်ရန် ခက်ခဲပင်ပန်းခြင်း ရှိကောင်း ရှိမည်ဖြစ်သော်လည်း မည်သည့်ခေတ်တွင်မှ မရိုးနိုင်သော ပဥ္စသီဟု ယူဆမိပါသည်။

* * *

## မတရားသဖြင့် ဝေဖန်ခံရသူအတွက်

ရှင်သာရိပုတြာက အထက်ပါ တရားငါးပါး နှင့် ဆန့်ကျင် စောဒနာလျှင် မတရားသဖြင့် စောဒနာ ခြင်း (မတရားသဖြင့် ဝေဖန်ခြင်း)ဟု မိန့်ဆိုပါသည်။ ထိုသို့မတရားစောဒနာမှုများ ပေါ်လာသောအခါ အချင်းချင်း ပဋိပက္ခ ဖြစ်ကြခြင်း၊ စိတ်မချမ်းမြေ့ကြခြင်း စသော မလိုလားအပ်သည့်ကိစ္စများ ပေါ်ပေါက်လာ တတ်သည်မှာ ဓမ္မတာဖြစ်ပါသည်။ မတရားသဖြင့်

ဓောဒနာခံရသောကြောင့် အမျက်ထွက်သည့် ရဟန်းတို့ကို တွေ့မြင်ရသောအခါ၊ ရှင်သာရိပုတြာက ဤသို့ နှစ်သိမ့်ပါသည်။

*အသျှင်သည် လျောက်ပတ်သောအခါ၌ စောဒနာခံရသည်မဟုတ်၊ မလျောက်ပတ်သောအခါ၌ စောဒနာခံရ၏။ ထို့ကြောင့် နှလုံးသာရွှင်ခြင်းငှာ သင့်လျော်၏။ -(ပ)-*

*ငါ့သျှင်တို့ မတရားသဖြင့် စောဒနာခံရသော ရဟန်းအား ဤအခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးသာရွှင်ခြင်းကို ဖြစ်စေရမည်။*

ရှင်သာရိပုတြာက ဤသို့မိန့်ပါသည်။ ယခုခေတ်စကားနှင့်ဆိုရသော် မတရားသဖြင့် ပြောလှသော ပရမ်းပတာ ဝေဖန်ရေးမျိုးကြောင့် စိတ်ဝမ်းညှိုးငယ်ခြင်း မဖြစ်သင့်ဟု ဆိုနိုင်ပါလိမ့်မည်။ ဤစာရေးနေရင်း စာပေခရီးထွက်စဉ်က မြသန်းတင့်ပြောသော စကားတစ်ခုကို သွားသတိရမိပါသည်။ သူ့စကားမှာ "*စည်းမဲ့ ကမ်းမဲ့ တောင်ပြောမြောက်ပြော နွားတီးကောင်းလျှာပါး ဝေဖန်ရေးမျိုးကို ကျုပ်ကဘာမှုလို့ ဂရုစိုက်ရမှာလဲ၊ ပြန်ပြောဖို့လည်း မလိုဘူး။ ချေပစရာ အကျိုး အကြောင်းလည်း မရှိဘူး။ ကျုပ်တို့ ဂရုစိုက်ရမယ့် လူစာရင်းမှာ သူတို့ မပါဘူး*" ဤသို့သော ဝေဖန်ရေးမျိုးကြောင့်

မြသန်းတင့်မှာ နှလုံးမရွှင်မသာ မဖြစ်ဟု ဆိုရပါမည်။

## မတရားဝေဖန်သူအတွက်

အထက်တွင် ဖော်ပြခဲ့သော အင်္ဂါငါးပါးနှင့် မပြည့်စုံသည့် စောဒနာမှုမျိုးကို မတရားသဖြင့် စောဒနာခြင်းဟု ရှင်သာရိပုတြာက မိန့်ဆိုပါသည်။

*ငါ့သျှင် သင်သည် မလျောက်ပတ်သော အခါ၌ စောဒနာ၏၊ လျောက်ပတ်သောအခါ၌ စောဒနာသည် မဟုတ်၊ ထို့ကြောင့် နှလုံးမသာခြင်းငှာ သင့်လျော်၏။ -(ပ)-*

*ငါ့သျှင်တို့ မတရားသဖြင့် စောဒနာတတ်သော ရဟန်းအား ဤအခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်။*

*ထိုသို့ဖြစ်စေရခြင်းသည် အဘယ်ကြောင့်နည်း၊ အခြားရဟန်းသည်လည်း မဟုတ်မမှန်သဖြင့် စောဒနာသင့်သည်ဟူ၍ မအောက်မေ့ရာသောကြောင့်တည်း။*

ရှင်သာရိပုတြာ၏ အလိုအရ မတရားဝေဖန်မိသူသည် စိတ်မသက်မသာဖြစ်သင့်သည်၊ ရှက်သင့်သည်ဟု ဆိုရာရောက်ပါသည်။ အကြောင်းမှာမူကား ကျွန်တော်တို့ ယခုခေတ် စာပေလောကတွင်လည်း ဤသို့သော မတရားဝေဖန်မှုတို့ကြောင့် ဝေဖန်ရေး

ဆိုသည်မှာ ဤသို့တည်းဟု အယူအမှတ်မှားသွားနိုင်ပါသည်။ အယူအမှတ်မှား၍ အပြုအမူမှားလာလျှင် ဝေဖန်ရေး ကျဆုံးသွားတတ်ပါသည်။ ဤသို့သော မတရားဝေဖန်မှုမျိုးကြောင့် ဝေဖန်ရေး တိမ်ကောသွားခြင်းကို မြန်မာစာပေလောကတွင် တစ်ကြိမ်မက ကြုံခဲ့ဖူးကြပါပြီ။

ဆရာကြီးဇေယျက သူ၏ 'စာပေဝေဖန်မှု' ဟူသော ဆောင်းပါးတွင် ဤသို့ရေးခဲ့ဖူးပါသည်။

*စောစောပိုင်းတွင် မြန်မာစာတတ်၊ ပေတတ် ပညာရှိများသည် ဝေဖန်စာများကို အများအပြား ရေးသားကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ငါးဆယ်လောက်က ပုဂံဝန်ထောက်မင်း ဦးတင် စီရင်ရေးသားသော 'ပသင်္ဂဝိသောဓနီ' ကျမ်း ထွက်ပေါ်လာရာ ရန်ကုန်မြို့ အတွင်းဝန်များရုံး စာတော်ပြန်ဌာန၊ မြန်မာပညာရှိ ဆရာကြီးဦးဘိုက စကားလုံးလိုက်၊ ဝါကျလိုက်၊ တစ်ကြောင်း တစ်ပါဒမကျန် စစ်ဆေး၍ တော်တော်နက်နက်နဲနဲ ဝေဖန်ခဲ့လေသည်။*

*သို့သော် နောက်ပိုင်းသို့ရောက်သောအခါ ပညာနှင့်ပတ်သက်၍ ကောင်း-မကောင်း၊ မှန်-မမှန် ရွေးချယ်ပြသသော ဝေဖန်မှုမျိုး မဟုတ်တော့ဘဲ ဝေဖန်စာယောင်ယောင်နှင့် ပုဂ္ဂလဓိဋ္ဌာန်၊ တစ်ဦးဂုဏ်ကို တစ်ဦး*

ချိုးဖဲ့ရေးသားကြသော 'ဆဲ' စာဘဝသို့ ရောက်သွားသည်ကတစ်ကြောင်း၊ ဝံသာနုခေတ် အမျိုးသားလွတ်လပ်မှု နိုင်ငံရေးစိတ်ဓာတ်များ ပြင်းပြလာသည်ကတစ်ကြောင်း၊ ဤသို့သော အကြောင်းများကြောင့် နိုင်ငံရေးဝေဖန်မှုများ လွှမ်းမိုးလာကာ စာပေဝေဖန်မှုငုတ်တိမ်သွားလျက် သတင်းစာ၊ မဂ္ဂဇင်းစသည်တို့တွင် မည်သူရေး၍ မည်သည့်တိုက်ကထုတ်သော စာအုပ်ဖြစ်သည်၊ စာမျက်နှာ မည်မျှပါရှိသည်၊ စက္ကူကောင်း၊ မင်ကျမင်နကောင်း၊ တစ်အုပ်လျှင် အဘိုးနှုန်းထား မည်မျှစသည်ဖြင့် စာအုပ် ကက်တလောက် ကြော်ငြာစာသာသာလောက်သာ ပါရှိကြလေသည်။

ကျွန်တော်တို့ ခေတ်သစ် မြန်မာစာပေသမိုင်းတွင် မတရားဝေဖန်မှုကြောင့် ဝေဖန်ရေး တိမ်ကောသွားခဲ့ဖူးခြင်းကို ပြန်လည်သတိရ၍ သင်ခန်းစာယူဖွယ်ရာဖြစ်ပါသည်။

## တရားသဖြင့် ဝေဖန်ခံရသူအတွက်

ရှင်သာရိပုတြာက တရားသဖြင့် စောဒနာခံရသော ရဟန်းအားလည်း ဖျောင်းဖျစကား ဆိုမိန့်ခဲ့ပါသေးသည်။

*အသျှင်သည် လျှောက်ပတ်သောအခါ၌*

စောဒနာခံရ၏၊ မလျောက်ပတ်သောအခါ၌ စောဒနာခံရသည် မဟုတ်။ ထို့ကြောင့် အသျှင့်အား နှလုံးမသာခြင်းငှာ သင့်လျော်၏။ -(ပ)-

ငါ့သျှင်တို့ တရားသဖြင့် စောဒနာခံရသော ရဟန်းအား ဤအခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်။

လက်ယာရံ ကိုယ်တော်ကြီး၏ အလိုအရ တရားသဖြင့် ဝေဖန်ခံရသူသည် အမျက်မထွက်ဘဲ မိမိအမှားအတွက် နှလုံးမသက်မသာ ဖြစ်သင့်လျှင် ဖြစ်ရ မည်၊ ရှက်သင့်လျှင် ရှက်ရမည်ဟု ဆိုရာရောက်ပါသည်။

## တရားသဖြင့် ဝေဖန်သူအတွက်

တရားသဖြင့် စောဒနာခြင်းကို ပြုတတ်သော ရဟန်းများအားလည်း ရှင်သာရိပုတြာက ဤသို့ အားပေးခြင်း ပြုခဲ့ပါသေးသည်။

ငါ့သျှင် သင်သည် လျောက်ပတ်သောအခါ၌ စောဒနာ၏၊ မလျောက်ပတ်သောအခါ၌ စောဒနာသည်မဟုတ်၊ ထို့ကြောင့် သင့်အား နှလုံးသာရွှင်ခြင်းငှာ သင့်လျော်၏။ -(ပ)-

ငါ့သျှင်တို့ တရားသဖြင့် စောဒနာတတ်သော ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးသာ

ရှင်ခြင်းကို ဖြစ်စေရမည်။

ထိုသို့ဖြစ်စေရခြင်းသည် အဘယ်ကြောင့် နည်း၊ အခြားရဟန်းတို့သည်လည်း ဟုတ်မှန်သော စကားဖြင့် စောဒနာသင့် သည်ဟူ၍ အောက်မေ့ရာ သောကြောင့်တည်း။

သူတော်ကောင်းစိတ် မွေးသူတို့အဖို့ သူတစ်ပါး၏ အပြစ်ကိုညွှန်ပြစွပ်စွဲရခြင်းမှာ စိတ်ချမ်းသာစရာကိစ္စမဟုတ်ပါ။ သို့သော် သာသနာတော်၏အရေး၊ သံဃာတော်တစ်ရပ်လုံး၏ အသရေကို ညှိုးနွမ်းစေမည့် အရေးကို မြင်သောအခါ၌ကား မိမိပုဂ္ဂလိက ခံစားမှုကို နောက်ထားပြီး စောဒနာခြင်းပြုသည့်အခါ ပြုကြရပါလိမ့်မည်။ ယင်းသို့ တရားသဖြင့်စောဒနာခြင်းမှာ မလိုတမာ စွပ်စွဲခြင်းလည်းမဟုတ်၊ ပုဂ္ဂိုလ်အဖို့ စိတ်ဝမ်းညှိုးငယ်ခြင်း မဖြစ်သင့်ဟု ဆိုရာရောက်ပါသည်။

ကျွန်တော်တို့ မျက်မှောက်ခေတ် စာပေဝေဖန်ရေးတွင်လည်း ထို့အတူပင်ဖြစ်ပါသည်။ တရားသဖြင့် ရေးသော၊ စနစ်ကျသည့် ဝေဖန်ရေးမျိုးမှာ လိုလားအပ်ပါသည်။ ဤသို့ ဝေဖန်လျှင် ငါ့ကို ဝေဖန်ခံရသူက မုန်းလိမ့်မည်ဟု စိုးရွံ့ခြင်းမဖြစ်ဘဲ ဝေဖန်သင့်သည်၊ တစ်ပါးသူ၏စာကို အပြစ်အနာအဆာရှာနေရသည်ဟု မတွေးဘဲ မြန်မာစာတိုးတက်ရေး

အတွက် စိတ်လက်ပေါ့ပါးစွာ ဝေဖန်ရေးတာဝန်ကို ထမ်းဆောင်သင့်သည်ဟု ယူဆကြရပါတော့မည်။

စင်စစ် ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်၏ အဆင့်မှာ နိမ့်လှသည်မဟုတ်ပါ။ တရားမျှတမှု စနစ်ကျသော ဝေဖန်ရေးကို အလွန်အားပေးတတ်ကြပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း ယခင်က ဤမျှ မြင့်မားစွာ အားပေးလိမ့်မည်ဟု မထင်ခဲ့ဖူးပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း စိတ်တိုင်းကျ စနစ်တကျ ရေးလိုက်သော ဝေဖန်ရေးဆောင်းပါးလေး တစ်ပုဒ်ပါလာတိုင်း အားပေးစာများ ရောက်ရှိလာတတ်ပါသည်။ ကျွန်တော်တို့၏ စာဖတ်ပရိသတ်မှာ တရားသဖြင့် ဝေဖန်လိုသူတို့အတွက် အားရစရာကောင်းသည်ဟု ပြောချင်ပါသည်။

ရှင်သာရိပုတြာက "တခြားရဟန်းတို့သည် ဟုတ်မှန်သဖြင့် စောဒနာသင့်သည်ဟု အောက်မေ့ရာ သောကြောင့်တည်း" ဟု မိန့်ကြားခဲ့ပါသည်။ မှန်ပါသည်။ စနစ်ကျသော၊ တရားမျှတသော ဝေဖန်ရေး သည် စာဖတ်သူအား စာကောင်း၊ စာညံ့ ရွေးချယ်မှု တွင် ထိုက်သင့်သလောက်တော့ ဆွေးနွေး ညွှန်ပြနိုင်ပါ သည်။ မြို့တိုင်းရွာတိုင်းတွင် ရှိနေသော စာဖတ် ပရိသတ်တို့သည် အချင်းချင်းအားဖြင့်တော့ ဆွေးနွေး

ဝေဖန်နေကြသည်ချည်းပင် ဖြစ်ပါသည်။ သူတို့သည်လည်း စာမရေးသော ဝေဖန်ရေးသမားများ ဖြစ်နေကြောင်း သတိမမေ့သင့်ပါ။ မှန်ကန်သော ဝေဖန်ရေးဆောင်းပါးတစ်ပုဒ်သည် ထိုသို့သော စာပေဝါသနာအိုးများအတွက် လမ်းညွှန်မှုကြီးတစ်ခု၊ မီးရှူးတန်ဆောင်ကြီးတစ်ခု မဖြစ်နိုင်စေဦးတော့ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်သစ်၊ ရှုထောင့်သစ်တို့ကိုတော့ ပေးနိုင်စွမ်း ရှိတတ်ပါသည်။

ဤသို့သော အချက်များကြောင့် တရားသဖြင့် ဝေဖန်သူသည်လည်း စာပေတာဝန်ကို ထမ်းဆောင်နေသည်ဟု ဂုဏ်ယူဖွယ်ရာ ဖြစ်သည်ဟု ယူဆမိပါသည်။

## ဝေဖန်ခံရသူ ကျင့်အပ်သော တရားနှစ်ပါး

*ငါ့သျှင်တို့ စုဒိတက ပုဂ္ဂိုလ် (စောဒနာခံရသူ) သည် မှန်ကန်သော သဘော၌လည်းကောင်း၊ အမျက်မထွက်ခြင်း၌ လည်းကောင်း၊ ဤနှစ်ပါးသော တရားတို့၌ တည်ရမည်။ ငါ့သျှင်တို့ သူတစ်ပါးတို့သည် လျောက်ပတ်သောအခါ၌ ဖြစ်စေ၊ မလျောက်ပတ်သော အခါ၌ ဖြစ်စေ၊ ဟုတ်မှန်သောစကားဖြင့် ဖြစ်စေ၊ မဟုတ်မှန်သောစကားဖြင့် ဖြစ်စေ၊ အကျိုးနှင့်စပ်သော စကားဖြင့် ဖြစ်စေ၊ အကျိုးနှင့် မစပ်သောစကားဖြင့်*

ဖြစ်စေ၊ မေတ္တာစိတ်ရှိကုန်၍ ဖြစ်စေ၊ ဒေါသစိတ် ရှိကုန်၍ ဖြစ်စေ၊ ငါ့ကို အကယ်၍ စောဒနာကြလျှင်၊ ငါသည်လည်း မှန်ကန်သော သဘော၌လည်းကောင်း၊ အမျက်မထွက်ခြင်း၌လည်းကောင်း၊ ဤတရား နှစ်ပါးတို့၌သာလျှင် တည်အံ့။ 'ဤတရားသည် ငါ၌ရှိ၏' ဟု အကယ်၍သိပါမူ 'ဤတရားသည် ငါ၌ရှိ၏။ ငါ၌ထင်ရှား၏'ဟု ထိုသူကို ပြောအံ့၊ 'ထိုတရားသည် ငါ၌မရှိ' ဟု အကယ်၍သိပါမူ 'ထိုတရားသည် ငါ၌မရှိ၊ ငါ၌မထင်ရှား' ဟူ၍ ထိုသူကို ပြောပေအံ့ဟု နှစ်ပါးသောတရားတို့၌ တည်ရမည်ဟု မိန့်ဆို၏။

ဤတရားနှစ်ပါးကို ချုပ်ကြည့်လျှင် အမျက်မထွက်ခြင်းနှင့် ရိုးသားခြင်းဟု ဆိုရပါလိမ့်မည်။ ကျွန်တော်တို့ခေတ် စာပေဝေဖန်ရေးကိစ္စများနှင့် ယှဉ်တွဲသုံးသပ်ကြည့်လျှင်ကား တစ်ဖက်က ဘယ်ကိစ္စရပ်တွေကို ဘယ်ပုံဘယ်နည်းပဲပြောပြော၊ အမျက်ဒေါသမထွက်ဘဲ မိမိ၌ ဤအရည်အသွေးရှိလျှင် ရှိကြောင်း၊ ထိုအရည်အသွေးမရှိဟု ယူဆလျှင် မရှိကြောင်း အေးအေးဆေးဆေး ပြန်ပြောလိုက်ရုံသာ ရှိသည်ဟု ဆိုရပါမည်။ ဝေဖန်ခံရသူတို့ ထားသင့်သည့် သဘောတရားကို ရှင်သာရိပုတြာက ဤသို့ပင် ကျင့်သုံးလေ့ရှိကြောင်း တွေ့နိုင်ပါသည်။ စာဖတ်သူ သတိ

ရကောင်း ရပါလိမ့်ဦးမည်။ တစ်ခါသော် ရှင်သာရိပုတြာ ကိုယ်တော်ကြီး သက်န်းရုံရာတွင် အမှတ်မဲ့စည်းကမ်း မညီရှိသည်ကို ထိုနေ့တွင်မှ သက်န်းဝတ်သည့် သာမဏေ သစ်ကလေးတစ်ပါးကမြင်လျှင် (သူ၏ ဥပဇ္ဈာယ်ဆရာက ဆုံးမထားသည့်စည်းကမ်းကို သတိရမိသောကြောင့်) သက်န်းကို ဒီလိုဝတ်ရပါသလားဟု လျှောက်ထား ဝေဖန်ရာ ကိုယ်တော်ကြီးက ချက်ချင်းပင် မှားပါသည်ဟု လက်အုပ်ချီ ဝန်ခံနာယူ၍ ပြင်ဆင်ဝတ်ရုံတော် မူပါသည်။

ဤသည်တို့မှာ ရှင်သာရိပုတြာ ဆုံးမတော်မူသော ဝေဖန်ရေးပဋ္ဌသီပင် ဖြစ်ပါသည်။ ကျွန်တော်၏ ဆောင်းပါးခေါင်းစဉ်နှင့် အာဘော်အရဆိုသော်၊ ဤမျှနှင့် ပင် ပြည့်စုံပါပြီ။ သို့သော်လည်း ဘုရားရှင်က ဝင်ရောက် မေးမြန်းခြင်း၊ တိုက်တွန်းခြင်းတို့ကို ဆက်ပြီး ဖတ်မိသော အခါတွင်ကား ကျွန်တော်တို့ ယနေ့ စာပေလောကကို မြင်ယောင်ပြီး ဖတ်နေရင်း ပြုံးမိပါသည်။ စာဖတ်သူ လည်း ပြုံးပြုံး ရွှင်ရွှင်ဖြစ်စေလိုသောကြောင့် ထိုအပိုင်း ကို ဆက်လက် တင်ပြလိုက်ချင်ပါသေးသည်။

## ဘုရားရှင်၏ တိုက်တွန်းချက်

*သာရိပုတြာ သင်သည် ဤဆုံးမသည် ဖြစ်ပါ လျက်လည်း ဤသာသနာတော်၌ (မင်ဖိုလ်မှ)*

အချည်းနှီးဖြစ်သော ယောက်ျားအချို့တို့သည် ရှိသေစွာ မနာယူကြကုန်။

အသျှင်ဘုရား၊ ယုံကြည်မှု သဒ္ဓါတရား မရှိကြသူ၊ အသက်မွေးကြောင်းအလို့ငှာ သဒ္ဓါတရား မရှိဘဲ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ၊ စဉ်းလဲကြသူ၊ လှည့်ပတ်ကြသူ၊ ကောက်ကျစ်ကြသူ၊ ပျံ့လွင့်ကြသူ၊ ဖရိုဖရဲစကားပြောတတ်ကြသူ၊ ပစ္စည်းလေးပါး ပေါမျာ:ရန်သာ ကျင့်ကြသူ -(ပ)- ပညာ မရှိကြသူ။ ဆွံ့အကြသူ ရဟန်းတို့သည် အကျွန်ုပ်တို့က ဆိုဆုံးမ သော်လည်း ရှိသေစွာ မနာယူကြပါကုန်။

အသျှင်ဘုရား ယုံကြည်သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ -(ပ)- ရဟန်းတို့သည် အကျွန်ုပ်တို့က ဆိုဆုံးမအပ်သော် ရှိသေစွာ နာယူကြပါကုန်၏ဟု လျှောက်၏။

(ထိုအခါ ဘုရားက)

သာရိပုတြာ ယုံကြည်မှုသဒ္ဓါတရားမရှိကြသူ -(ပ)- ပုဂ္ဂိုလ်တို့ကို ထားဘိကုန်ဦးလော့။

သာရိပုတြာ ယုံကြည်မှုသဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူ -(ပ)- ရဟန်းတို့ကို သင်သည် ဆိုလော့။ သာရိပုတြာ သီတင်းသုံးဖော်တို့ကို "မသူတော် တရားမှထ,စေပြီးလျှင်

သူတော်ကောင်းတရား၌ တည်စေမည်" ဟု သီတင်းသုံးဖော်တို့ကို ဆုံးမလေ့။ သီတင်းသုံးဖော်တို့ကို သွန်သင်လေ့။ သာရိပုတြာ သင်သည် ဤသို့ကျင့်ရမည် ဟူ၍ မိန့်တော်မူ၏။

ကျွန်တော်တို့ စာပေလောကတွင်လည်း တစ်ပုံစံတည်းဖြစ်နေပါသည်။ ယုံကြည်မှု သဒ္ဓါတရား မရှိဘဲ စာပေလောကသို့ ဝင်ရောက်လာသူ၊ ငွေရေးကြေးရေးအတွက် ဝင်လာကြသူ၊ စဉ်းလဲကြသူ၊ ကောက်ကျစ်ကြသူတွေ တစ်ပုံကြီးဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ပညာမရှိသူ၊ ပျံ့လွင့်သူ၊ ဆွံ့အ (အသိဉာဏ်ထုံထိုင်း)သူ ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ သို့မဟုတ် အမျက်စောင်မာန်ကြီးသူ၊ ငါတကော ကောချင်သူဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။

ဘုရားရှင်လက်ထက်ကမူကား သာသနာတော်၏ အစီးအပွားဖြစ်စိမ့်သောငှာ ဘုရားရှင်ကလည်းကောင်း၊ ရှင်သာရိပုတြာကလည်းကောင်း အဆုံးအမပေးခဲ့ပါသည်။ သွန်သင်ခဲ့ပါသည်။ ယခုသော်ကား ဘုရားရှင်မရှိတော့ပြီ။ ရှင်သာရိပုတြာလည်း မရှိတော့ပြီ။ သို့သော် 'ဝေဖန်ရေးပဋ္ဌသိ' ကျန်ရစ်ခဲ့ပါသေး သည်။ ထိုပဋ္ဌသိကို ဆင်ခြင်၍လည်းကောင်း၊ လေးစားလိုက်နာအပ်သော မြန်မာ့စာဆိုများ၊ ကမ္ဘာ့စာဆိုများ၏

အဆုံးအမတို့ကို နှလုံးသွင်း၍လည်းကောင်း၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ဝေဖန်မှသာလျှင် မြန်မာစာပေ ကြီးထွားဖွံ့ဖြိုးလာနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

**နိဂုံးစကား**

ကျွန်တော်အထက်တွင် တင်ပြခဲ့သမျှမှာ ဝေဖန်သူတို့ ခံယူထားသင့်သော ကိုယ်ကျင့်တရားကဏ္ဍများသာ ဖြစ်ပါသေးသည်။ ဤသည်တို့ကို ချုပ်လိုက်လျှင် စေတနာသာ ပဓာနဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ စိတ်ကောင်းစေတနာကောင်း မွေးနိုင်လျှင် ဝေဖန်ရေးသီလ ပြည့်စုံနိုင်တော့သည်သာ ဟုလည်း အကြမ်းအားဖြင့် ဆိုနိုင်ပါလိမ့်မည်။

သို့သော် အကျိုးကျေးဇူးကြီးမားသော ဝေဖန်ရေးမျိုး ပေါ်ပေါက်လာရန်မှာ စိတ်ကောင်းစေတနာကောင်း မွေးနိုင်ရုံနှင့် ပြီးသည်မဟုတ်ပါ။ ဝေဖန်ရေး အတတ်ပညာကို ကျယ်ပြန့်နက်နဲစွာ လေ့လာဆည်းပူးခြင်း၊ မြန်မာယဉ်ကျေးမှုနှင့် တစ်သားတည်းတည်သော ကိုယ်ပိုင်စကား ပြောနိုင်အောင် အားထုတ်ခြင်းစသည်တို့ကို ပြုမှသာလျှင် ကောင်းမြတ်သော စာပေဝေဖန်ရေး ဖွံ့ဖြိုးလာပါလိမ့်မည်။

ဤအချက်များကို ဆရာကြီးဇေယျကလည်း

'စာပေဝေဖန်မှု' ဆောင်းပါးတွင် ထောက်ပြခဲ့ပြီး ဖြစ်ပါသည်။

ဝေဖန်မှုသည် သူတစ်ပါးအား နှိပ်ကွပ်မှု မဟုတ်၊ အပျင်းပြေ ရေးသားပြောဆိုမှု မဟုတ်၊ သမားဂုဏ်ပြမှု မဟုတ်၊ လူတတ်လူလည်လုပ်မှု မဟုတ်၊ လက်တွေ့စမ်းသပ်မှု မဟုတ်။ လူမှုကိစ္စတွင် အရေးအကြီးတကာ့ အကြီးဆုံးဖြစ်လေသည်။ သို့သော် ဝေဖန်ရေးဆိုသည်မှာ လွယ်ကူသောအရာ မဟုတ်ချေ။ ရွေးချယ်သည်၊ ဝေဖန်သည် ဆိုကာမျှနှင့် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန် ကွဲပြားသွားမည် မဟုတ်ချေ။ ကျွန်ုပ်တို့က ဝေဖန်ရုံသာမဟုတ်၊ ဝေဖန်မှုကိုလည်း တတ်ရပေလိမ့်မည်။ သို့သော် ဝေဖန်မှုအတတ်မှာ တစ်ကဏ္ဍဖြစ်၍ တစ်ခန်းသပ်သပ် စဉ်းစားရလိမ့်မည် ဖြစ်ပေကြောင်း။

ဘုရားရှင်နှင့် ရှင်သာရိပုတြာတို့၏ အဆုံးအမများ၊ ဆရာကြီး ဦးဇေယျ၏ လမ်းညွှန် တိုက်တွန်းမှုများကို ဖတ်ရသောအခါ ကျွန်တော် အားငယ်သွားမိပါသည်။ ကျွန်တော်သည် တစ်ခါတစ်ရံ အမျက်စောင်မာန်ကြီးတတ်သူလည်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ကြိုးပမ်းမှုနည်းသော၊ ပျံ့လွင့်သောအာရုံ ရှိတတ်သော သူလည်း ဖြစ်ပါသည်။ တကယ်ဆိုလျှင် မြန်မာ့စာပေ

ပညာရှင်များ၊ ကမ္ဘာ့စာပေ ပညာရှင်များ၏ အဆိုအမိန့်ကို သိမ်းငင်ဖတ်ရှု၍ ကိုယ်ပိုင်စကား ဒီထက်ပိုပြီး ပြောတတ်အောင် အားထုတ်နိုင်သင့် ကောင်းပါသည်။ ယခုတော့ ကျွန်တော်၏ ကိုယ်စွမ်း ဉာဏ်စ၊ နယ်နိမိတ် ကျဉ်းမြောင်းမှုကို သိလာပါပြီ။ ထို့ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် မျှော်လင့်မှုလည်း ယခင်ကလောက် မကြီးမားတော့ပါ။ ထို့ကြောင့်ပို၍ ထက်မြက်သော၊ ပို၍ ဝီရိယကြီးသော ဝေဖန်ရေး ဆရာကောင်းများ ပေါ်ပေါက်လာရန် လူငယ်များ၏ နှလုံးသားကို ဤဆောင်းပါးက လှုံ့ဆော်နိုင်ပါစေသတည်းဟု ဆုတောင်း လိုက်ရပါတော့သည်။ ။

# စာကြည့်သင်း ယဉ်ကျေးမှုသို့

အောက်ပါကောက်နုတ်ချက် စာပိုဒ်ကလေးကို သေချာစွာ ဖတ်ကြည့်ပြီး ထိုအဆို မှန်မမှန်၊ သင့်မသင့် ဆင်ခြင်ကြည့်စေချင်ပါသည်။

ဒုစရိုက်ရှောင်ကြဉ်မှုဖြင့် ကျေနပ်မနေဘဲ ကုသိုလ်ကောင်းမှု ပွားများရန် အားထုတ်ရန် ဟောကြားသော ဗုဒ္ဓစကားများကို ပိဋကတ်တွင် အတော်များများတွေ့ရ၏။ သို့ဖြစ်စေကာမူ ယနေ့ မြန်မာဗုဒ္ဓဝါဒီတို့၏ သီလသည် အများအားဖြင့် ဒုစရိုက်ရှောင်ကြဉ်မှုသာလျှင် ဖြစ်ကြောင်း ကျွန်ုပ်တို့ ဝန်ခံရပေလိမ့်မည်။ မြန်မာတို့သည် သူတစ်ပါးအသက်သတ်ခြင်းကို ရှောင်ကြဉ်ကြ၏။ လူတို့၏အသက်ကို ကယ်သော ဆေးရုံကိုကား ရက်ရောစွာ ပိုက်ဆံကြေးငွေ မလှူကြချေ။ တိရစ္ဆာန်များကို သတ်ဖြတ်ညှဉ်းဆဲခြင်း

မပြုကြသော်လည်း တိရစ္ဆာန်ညှဉ်းပန်းမှု တားမြစ်ရေး အသင်းကိုကား အားမပေးလိုကြချေ။ သူတစ်ပါးဥစ္စာကို မခိုးသော်လည်း ပြည်သူလူထုပိုင် ပစ္စည်းများကို ရှိသေ စောင့်ရှောက်လေ့ မရှိကြချေ။ မဟုတ်မမှန်သောစကား ပြောဆိုမှုကို ရှောင်ကြသော်လည်း လူအများ အကျိုးရှိ စေမည့် ဟုတ်မှန်သောစကားကို လူအများကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပွင့်ပွင့်လင်းလင်း ပြောဆို ရဲသော စိတ်ဓာတ်သတ္တိ မရှိကြချေ။ **(ဦးအေးမောင်၏ 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' ဒု-တွဲ၊ စာ ၃၈-၃၉)**

* * *

စာဖတ်သူတော့ဖြင့် ထိုစကားကို ဘယ်လို သဘောထားမည်မသိ၊ ကျွန်တော်ကတော့ဖြင့် ထိုစကားများကို တစိမ့်စိမ့် စဉ်းစားကြည့်လိုက်မိတိုင်း ထောက်ခံနေမိပါသည်။ ကျွန်တော်တို့သည် ဗုဒ္ဓ ဘာသာဝင်များဖြစ်နေကြသော်လည်း ဗုဒ္ဓအလိုကျ နေတတ်ထိုင်တတ် မရှိကြသေးပါတကားဟုလည်း အောက်မေ့လိုက်မိပါသေးသည်။

ဗုဒ္ဓရှင်တော်အလိုကျ နေနည်းထိုင်နည်းကို ရေးရန် ဤဆောင်းပါးတွင် ရည်ရွယ်သည်မဟုတ်သော ကြောင့် ကျွန်တော် တင်ပြလိုသည့် အကြောင်းအရာကို စကားသွယ်ပြီး ပြောလိုက်ရပါတော့မည်။

ဆရာဦးအေးမောင် ပြောနည်းမျိုး ဆက်ပြီး ပြောလိုက်ရလျှင် ကျွန်တော်တို့သည် လူမိုက်ကိုလည်းကောင်း၊ မိုက်မဲခြင်းကိုလည်းကောင်း ရှုတ်ချပြောဆိုလေ့ရှိကြပါသည်။ မိမိကိုယ်တိုင်က မိုက်မဲခြင်းမရှိအောင် ကြိုးပမ်းရန်၊ လူမိုက်ကို ရှောင်ကြဉ်ရန် အဆုံးအမလင်္ကာ ကဗျာများစွာကိုလည်း ရွတ်ဆိုကြရပါသည်။ ထို့အတူ ပညာကို မြတ်နိုးတန်ဖိုးထားကြရန်၊ ပညာရှိကို မှီဝဲဆည်းကပ်ရန် အဆုံးအမကိုလည်း ကလေးအရွယ်ကပင် စတင်ကြားနာကြရမြဲ ဖြစ်ပါသည်။

သို့သော်လည်း မိုက်မဲမှုမှ ဝေးစေသော၊ ပညာရရာရကြောင်းဖြစ်သော စာသင်ကျောင်းများ၊ မရှိဆင်းရဲသော ကျောင်းသားငယ်များအား စာအုပ်၊ ခဲတံ စသည်တို့ လှူဒါန်းခြင်းများတွင် အားနည်းလှသည်ဟု ထင်မိပါသည်။ ကျွန်တော် မကြာခဏ သတိပြုမိသည့် အချက်ကို စကားကြုံလာ၍ ပြောလိုက်ရပါဦးမည်။ ထိုသို့သော စာသင်ကျောင်းငယ်ကလေးများ၌ပင် ပညာချွန် 'ပထမဆု' 'ဒုတိယဆု' စသည်တို့အတွက် တာဝန်ယူစိုက်ထုတ်လှူဒါန်းကြသူများ ပေါ်လာတတ်သော်လည်း မရှိဆင်းရဲသူ ကျောင်းသားငယ်ကလေးများအတွက် စာအုပ်စာတန်း၊ ခဲတံဖောင်တိန်လှူဒါန်းဖို့

သတိမရတတ်ကြဟု ဆိုချင်ကြပါသည်။ ဘုန်းတော်ကြီးကျောင်းများသို့ ပိုင္စကတ်စာပေများ (ပိုင္စကတ်သုံးပုံ လှူဒါန်းပွဲ စသည်ဖြင့်) တခမ်းတနား လှူဒါန်းကြသည်များ ရှိသည်မှန်ပါ၏။ သို့သော် ဤသည်မှာ သံသရာအတွက် ရည်မှန်းကြခြင်းသာ ဖြစ်ပါသည်။ မျက်မှောက်တွင် လိုအပ်နေသည်ကို ဖြည့်ဆည်း ဒါနပြုခြင်းဟု မဆိုသာပါ။

## စာကြည့်သင်း ငတ်မွတ်နေသော တိုင်းပြည်

ကျွန်တော်တို့တိုင်းပြည်တွင် တစ်ခါက စာကြည့်သင်းကလေးတွေ တော်တော်များများ ရှိခဲ့ဖူးပါသည်။ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် (ကျေးရွာအလိုက်ထိအောင်ပင်) စည်ပင်ခဲ့ဖူးပါသည်။ စာအုပ်ထုတ်ဝေသူများကလည်း စာကြည့်သင်းများ အတွက်ဆိုလျှင် အထူးနှုန်းဖြင့် လျှော့ပေးခဲ့ကြပါသည်။ ဤသည်တို့မှာ စစ်မဖြစ်မီကနှင့် စစ်ပြီးစအထိပင်ဖြစ်ပါသည်။ သတင်းစာအမျိုးအစားကလည်း အတော်များပြားခဲ့သည်ဖြစ်လေရာ လူကြိုက်များသော သတင်းစာများကို လပေးနှင့်လှူကြသော စေတနာရှင်များ၊ မဂ္ဂဇင်းတစ်စောင်စီကို လစဉ်တာဝန်ယူ လှူသော စေတနာရှင်များ စသည်ဖြင့်လည်း ရှိခဲ့ပါသည်။

နောက်ပိုင်းတွင် စာကြည့်တိုက်များ၊ စာကြည့်သင်းများ တစ်စ၊ တစ်စ မှေးမှိန်လာခဲ့ပါသည်။ အကြောင်းရင်းများကို ကျွန်တော်မှတ်မိသလောက် ပြန်လည် စဉ်းစားကြည့်လိုက်သောအခါ ပြည်တွင်းစစ် စသည်တို့ကြောင့် ခေတ်အခါ မငြိမ်မသက် ဖြစ်ခဲ့ရခြင်းသည်လည်း အကြောင်းတစ်ပါး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် အခြားမသေးလှသည့် အကြောင်းရင်းတစ်ခုလည်းရှိသေးသည်ဟု ပြောချင်ပါသည်။ ထိုအချက်မှာ လူငယ်များ စုဝေးတတ်ရာ စာကြည့်သင်းများအတွင်းသို့ နိုင်ငံရေးထိုးဖောက်ဝင်ရောက်လာမှု ဖြစ်ပါသည်။ စာကြည့်သင်း ဆိုသည်မှာ များသောအားဖြင့် လူငယ်များ စုဝေးရာဌာန ဖြစ်ပါသည်။ ထိုကဲ့သို့ တက်ကြွနေသော၊ အသိဆည်းပူးချင်နေသော လူငယ်များကို နိုင်ငံရေး အဖွဲ့အစည်းများက မျက်စိကျတတ်သည်မှာလည်း သဘာဝဖြစ်ပါသည်။ အထူးသဖြင့် လက်ဝဲနိုင်ငံရေး အဖွဲ့အစည်းများက ပိုမိုစိမ့်ဝင် ထိုးဖောက်လေ့ရှိကြပါသည်။ ကျွန်တော်တို့မြို့တွင်လည်း စာကြည့်သင်းကလေးတစ်ခု သီးသန့်ပေါ်ခဲ့ဖူးသည်ကို သတိရမိပါသေးသည်။ စာကြည့်သင်း၏ အမည်ကိုက 'နီလာ' တဲ့။ နီတဲ့ကောင် လာပေါ့။

## စာအုပ်တွေ ဈေးကြီးလှခြင်း

ကျွန်တော်တို့တက္ကသိုလ်ကျောင်းသား ခေတ်ကနှင့် ယနေ့များစွာ ကွာခြားသည်တို့တွင် စာအုပ်ဈေးလည်း အပါအဝင် ဖြစ်သည်။ ထိုအခါက စာမျက်နှာ ၂၀၀ ကျော်ပါသည့် မဂ္ဂဇင်းတစ်အုပ်ကို ရောင်းဈေး နှစ်ကျပ်သာ ဖြစ်သည်။ ရန်ကုန်လိုမြို့တွင် ပင်ရင်းဆိုင်ကြီးများ၌ သွားဝယ်လျှင် နှစ်ကျပ်မတ်တင်းနှင့် ရသည်။ လုံးချင်းဝတ္ထုများ၏ ရောင်းဈေးမှာ နှစ်ကျပ်လောက်သာရှိသည်။ တစ်လလောက် စောင့်လိုက်လျှင် တစ်ကျပ်ခွဲလောက်နှင့်ရသည်။ ယခုတော့ အားလုံးသိကြသည့်အတိုင်း အပေါစားဝတ္ထုများပင်လျှင် လေး,ငါး ခြောက်ဆယ်လောက် ဖြစ်နေသည်။

သည်တော့ ကိုယ်ပိုင်ဝယ်ပြီး ဖတ်နိုင်ဖို့ဆိုသည်မှာ ဝင်ငွေသောက်သောက်လဲ ရနေသည့် လူမျိုးတွေလောက်သာလျှင် ဖတ်နိုင်ကြတော့သည်။ (တကယ်ဆိုတော့ သူတို့ကလည်း တီဗွီ၊ ဗွီဒီယိုစသည်တို့လောက်ကိုသာ ဂရုစိုက်ကြသည်၊ စာအုပ်ဖတ်သည့် ဝါသနာ ခမ်းမှန်းမသိ ခမ်းသွားကြပြီ ဖြစ်သည်။) သာမန် စာဖတ်ပရိသတ်အဖို့မှာတော့ ကိုယ်ပိုင်လည်း ဝယ်မဖတ်နိုင်ကြသည်နှင့် စာအုပ်အငှားကိုသာလျှင် အားကိုးကြရှာလေတော့သည်။

## အငှားဆိုင်များ အားနည်းချက်

စာကြည့်သင်းများ ပျောက်ကွယ်သွားသော အခါ အငှားဆိုင်ကလေးများ ထွန်းကားလာသည်။ တစ်နည်းအားဖြင့် ထိုသို့သော ဆိုင်ကလေးတွေ ပေါ်လာသည်ကိုပင် ဝမ်းသာရဦးမည်ဖြစ်သည်။ အပေါ်စား စာအုပ်များကို တင်ထားသည်ဟု ဆိုနိုင်စေဦးတော့ သူတို့ ကြောင့်ပင်လျှင် မဂ္ဂဇင်းလေးတွေ စုံစုံလင်လင်ဖတ်ရ သည်ဟု အောက်မေ့ပြီး ကျေးဇူးတင်နေရသေးသည်။

အငှားဆိုင်များအနေနှင့်တော့ဖြင့် စာအုပ် အရင်းအနှီး စိုက်ထားရသည်မို့ အငှားရတွင်ကျယ်သော စာအုပ်မျိုးကိုသာ တင်ထားပေလိမ့်မည်။ ထိုစာအုပ်၏ စာပေအဆင့်ဘာညာဆိုသည်တို့မှာ သူတို့နှင့်ဘာမှ မဆိုင်။ စာဖတ်ပရိသတ်အများစုက ကြိုက်သည့် စာရေး ဆရာဆိုလျှင် ထွက်လာသမျှဟောတစ်အုပ် ဟော တစ်အုပ်ဝယ်ပြီး တင်ကြပေလိမ့်မည်။ ထို့ကြောင့် စာအုပ်စာပေတို့ အဆင့်မှာလည်း မြင့်လာသည် ဟူ၍ပင် မရှိနိုင်ဘဲဖြစ်နေရသည်။

စာကြည့်သင်း၏ သဘာဝနှင့်အငှားဆိုင်၏ သဘာဝကို ယှဉ်ကြည့်လိုက်မှ စာကြည့်သင်း၏ တန်ဖိုးမှာ ပိုပြီးသိသာ မြင်သာဖြစ်လာသည်။ စာကြည့်သင်း ဆိုသည်မျိုးက 'အသင်း' ဆိုသည့်အတိုင်း အများတို့

စုဝေးရာ၊ စုဝေးနိုင်သောနေရာ ဖြစ်သည်။ ထို့ကြောင့် စာကြောင်း၊ ပေကြောင်း၊ ဟိုစာအုပ်အကြောင်း၊ ဒီစာအုပ်အကြောင်း စသည်တို့ကို ဆွေးနွေးပြောဆိုနိုင်သည်။ စာကြည့်သင်းကို ကြီးကြပ်လုပ်ဆောင် သူတို့ကလည်း သူ့နေရာဌာနအလျောက် သူ့အတိုင်းအတာ အားလျော်စွာ စာဖတ်ဝါရင့်နေပြီး ဖြစ်သောကြောင့် နောက်ပေါက် စာပေသမားကလေးများအား 'စာလမ်းညွှန်' လုပ်ပေးနိုင်သည်။ အငှားဆိုင် ဆိုသည်မျိုးကတော့ သူတို့ကိုယ်တိုင်ကပင် စာဖတ်ကြသူများ (စာပေ ဝါသနာပါသူများ) မဟုတ်ကြသည်က များနေသဖြင့် ဘယ်စာအုပ်တော့ဖြင့် အငှားများကြတယ် ဆိုတာမျိုး လောက်ကိုသာ ပြောနိုင်ကြသည်။ ဤအချက်မှာ ပဓာန ခြားနားချက်ဖြစ်သည်။ သို့သော် ဤပဓာန အချက်ကြောင့်ပင်လျှင် စာအုပ်အငှားဆိုင်သည် စာကြည့်သင်း၏ နေရာကို အစားမဝင်နိုင်ခြင်း ဖြစ်ပေသည်။ စာအုပ် အငှားဆိုင်များသည် စာကြည့်သင်း၏ အကျိုးကျေးဇူးမျိုးကို မည်သည့်အခါတွင်မျှ ထမ်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။

## စာကြည့်သင်း လှုပ်ရှားမှု

အနီးစပ်ဆုံး မြို့နယ်တစ်ခုကို ဥပမာပြလိုက်ရလျှင် 'လှိုင်မြို့နယ်' ၏ အင်အားက ထင်ရှားနေစေပြန်

ပါသည်။ မိုက်မဲမှု၏အပြစ်ကို မြင်နေရုံသာမဟုတ်၊ မိုက်မဲမှုကို ရှောင်ခွာနိုင်အောင်လည်း အားထုတ်ကြရမည် ဖြစ်ပါသည်။ ပညာ၏တန်ဖိုးကို သိရုံသာမဟုတ် ပညာရရာရကြောင်းကိုလည်း ကြိုးပမ်းရမည်ဖြစ်ပါသည်။ လူကြီးတို့ကလည်း လူငယ်များ ပညာရရာရကြောင်း ပတ်ဝန်းကျင်ကို ဖန်တီးကြရမည် ဖြစ်ပါသည်။

ထိုထိုသော ဘာသာရေး၊ စာပေလှုပ်ရှားမှုကြီးများကို ဖန်တီးနိုင်ကြအောင် ငွေသိန်းချီပြီး ထည့်ဝင်လှူဒါန်းခဲ့ကြဖူးသည့် လှိုင်လူထုအဖို့မှာလည်း စာကြည့်သင်းအတွက် ဤမျှမဖြစ်လောက်သော ငွေလေး ကြေးလေးကို တွန့်တိုစိစစ်နေစရာ ဘာအကြောင်းမျှ မရှိပါ။ ကျောင်းမနေနိုင်ရှာသော၊ ကျောင်းဆက် မတက်နိုင်ရှာသော လူငယ်တို့၏ တက္ကသိုလ်ပေတကားဟူသော သဒ္ဓါစိတ်နှင့် ပေးကြလှူကြမည်သာ ဖြစ်ပါသည်။

**လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုမှ**

ယနေ့ခေတ်ကို **'လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုခေတ်'** ဟုသာ ဆိုလိုက်ချင်ပါတော့သည်။ လမ်းကြိုလမ်းကြားမကျန် လက်ဖက်ရည်ဆိုင်များကို ရှောင်လို့မလွတ်နိုင်အောင် (ခပ်ရှိုင်းရှိုင်းပြောရလျှင်) တက်နင်းမိခမန်း ပေါ်များသောခေတ်ဖြစ်ပါသည်။

ဆိုင်တိုင်းမှာလည်း လူပြတ်သည်မရှိ ကက်ဆက်သံတစီစီနှင့် လူစည် နေကြသည်ပင် ဖြစ်သည်။ ထိုဆိုင်များကိုသာ ကြည့်နေမိမည်ဆိုလျှင် မြန်မာပြည်က လူငယ်တွေ အလုပ်မှ လုပ်ကြပါသေးရဲ့လား၊ တစ်နေကုန် လက်ဖက်ရည်ဆိုင်မှာပဲ အချိန်ကုန်နေကြသလားဟု ထင်လောက်စရာ ရှိပါသည်။ အချို့သူများအဖို့မှာကား လက်ဖက်ရည်ဆိုင်သည် လုပ်ငန်းကိစ္စအတွက် စကားပြောရာဌာန၊ ချိန်းဆိုတွေ့ဆုံရာဌာန ဖြစ်ကြသည်မှာလည်း မှန်ပါသည်။ သို့သော် လူငယ်အများစုအဖို့မှာမူကား အချင်းချင်းတွေ့ဆုံကြပြီး တောင်စဉ်ရေမရ စကားပြောရာဌာနကြီး ဖြစ်မှန်းမသိဖြစ်လာနေပြီ ဖြစ်ပါသည်။

သူတို့ပြောကြသော စကားများမှာလည်း တောင်စဉ် ရေမရစကားများ ဖြစ်ကြသည့်အတိုင်း ဤလက်ဖက်ရည်ဆိုင်မှ ရရှိသွားသော အတွေးအခေါ် အကြံအစည်တို့မှာလည်း တောင်စဉ်ရေမရ အတွေးအခေါ်များသာ ဖြစ်ဖို့များနေပါတော့သည်။ ထိုထိုသော လူငယ်တို့သည်လည်း ဤသို့အချည်းနှီး ထိုင်နေချင်ကြမည်မဟုတ်ပါ။ အကျိုးရှိသော ထိုင်ခြင်းမျိုးကို အလိုရှိကြပါလိမ့်မည်။ သို့သော် သူတို့မှာ ထိုသို့သောနေရာမျိုး မရှိကြပါ။ ဘုရားကျောင်းကန်ကို စိတ်ပါသော အရွယ်များလည်း မဟုတ်ကြသောကြောင့် ဘုရားကျောင်းဇရပ်

စသည်တို့ကို ထည့်ပြောလို့ ဖြစ်နိုင်သည် မဟုတ်ပါ။

လောလောဆယ်အားဖြင့် လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုနေရာကို အစားဝင်ယူနိုင်သည်မှာ **'စာကြည့်တိုက်သင်း ယဉ်ကျေးမှု'** ဖြစ်နိုင်သည်။ ဖြစ်အောင် လည်း လုပ်သင့်သည်ဟု ကျွန်တော်ထင်ပါသည်။ လူငယ် များ ကိုယ်တိုင်ကလည်း လက်ဖက်ရည်ဆိုင် တစ်ခါထိုင်၊ နှစ်ခါထိုင်လောက်မျှသော ငွေကို လစဉ်ကြေးအဖြစ် ပေးရန်တွန့်တိုကြမည် မဟုတ်ပါ။ တစ်မြို့နယ်လုံး သိမ့်သိမ့်တုန်လောက်အောင် ရဟန်းခံရှင်ပြုပွဲကြီးကို ဝှဲခိုး သဘင် ဆင်ယင်ကျင်းပနိုင်ခဲ့သည့် လှိုင်လူထုကလည်း စာကြည့်သင်းနေရာလေး၊ အဆောက် အဦလေးလောက် ကို မှုနေစရာ မရှိနိုင်ပါ။ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု ကြောင့် မူးယစ်ဆေးဘက်သို့ စိတ်ရောက်ချင်ရောက်သွား ပါလိမ့်မည်။ စာကြည့်သင်း ယဉ်ကျေးမှုကြောင့်တော့ဖြင့် ပျက်စီးရာ ပျက်စီးကြောင်း ရောက်ဖွယ်ရာ မရှိနိုင်ပါ။

ဤသည်တို့မှာလည်း ခက်လှသည့်ကိစ္စများ မဟုတ်ပါ။ စပြီး 'တည်မိ' ဖို့သာ လိုပါသည်။ နောက်ထပ် ဆက်လက် တိုးတက်ရာတိုးတက်ကြောင်းတို့ကို အလိုလိုစဉ်းစား မြော်မြင်လာနိုင်ကြပါလိမ့်မည်။ သင့် တင့်လျောက်ပတ်သော ပုဂ္ဂိုလ်များကို ပင့်ဖိတ်ဟော ပြောစေခြင်း၊ ဦးဆောင်ဆွေးနွေးပြီး မေးမြန်းပညာ


ယူခြင်း၊ စာပေရေးသားလိုသော လူငယ်များအတွက် ကလောင်သွေးရန် နံ့ရံကပ်စာစောင်ကလေးများ ထုတ်ဝေခြင်း စသည်တို့ကိုလည်း လုပ်ရင်းကိုင်ရင်း အကွက်မြင်ပြီး လုပ်တတ်လာကြမည်သာ ဖြစ်ပါသည်။

အရေးကြီးသည်က လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု 'စာကြည့်သင်းယဉ်ကျေးမှု' သို့ အသွင် ကူးပြောင်းနိုင်ရေးသာ ဖြစ်ပါသည်။ 'နေ့ချင်းပြီး' လုပ်လို့ ရနိုင်သော ကိစ္စမျိုး မဟုတ်သောကြောင့် အတန်အသင့် တော့ဖြင့် စိတ်ရှည်ကြရပါလိမ့်မည်။

စာပေဟောပြောပွဲများနှင့် ပတ်သက်ပြီး ကြိမ်ဖန်များစွာ ရင်နှီးစွာ ဆက်ဆံခဲ့ရသောကြောင့် 'လှိုင်မြို့နယ်' ကို ကျွန်တော့်အဖို့ ကိုယ့်ရပ်ကိုယ့်ရွာလိုပင် အောက်မေ့နေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို 'လှိုင်' အတွက် ဦးတည်ပြီး ရေးလိုက်မိသည် မှန်သော်လည်း အခြားသောမြို့နယ် ကျေးလက်တို့ အတွက်လည်း ရည်စူးလိုက်သည်ဖြစ်ကြောင်း အထူး ပြောနေစရာမလိုတော့ပါ။

**"အနယ်နယ်အရပ်ရပ်တွင် စာကြည့်သင်း ယဉ်ကျေးမှု ထွန်းကားလာပါစေသတည်း"။ ။**

လူကြီးတွေဖတ်ပြီး လူငယ်တွေကို အကြံပြုဖို့
လူငယ်တွေဖတ်ပြီး
လူကြီးတွေနဲ့ ဆွေးနွေးဖို့
ဘီစီ ၆ ရာစုက ဗုဒ္ဓရဲ့ လောကီအောင်မြင်ရေး
နည်းလမ်းကောင်းများကို
အေဒီ ၂၁ ရာစု အမြင်နဲ့ ဆက်စပ်ဖော်ထုတ်
တင်ပြထားတာကြောင့် လူမျိုး၊ ဘာသာမရွေး
ဖတ်ရှုမှတ်သား နည်းယူနိုင်တဲ့ စာအုပ်။



စာမူခွင့်ပြုချက် - ၂၀၀ / ၂၀၀၄ (၃)

**ဝင်းသိန်းဦး**


**ဘဝခရီး ဂင်္ဂါမှသည် အောင်မြင်မှု သမုဒ္ဒရာဆီသို့**

**ဗုဒ္ဓနည်းကျ လူငယ်လမ်းညွှန် စာစုများ**

စာအုပ်ဆိုင်တိုင်းတွင် ရနိုင်ပါပြီ။

လမ်းမှားကို စမ်းတဝါး လျှောက်ခဲ့မိသူ
အများအပြားသည်
ဆရာဝင်းသိန်းဦး ၏ ဓမ္မစာစုများကို
ဖတ်ရှုမိသောကြောင့် အမြင်အသိပြောင်းလဲကာ
လမ်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း
ကျွန်ုပ်တို့ကိုယ်တိုင် ကြုံတွေ့သိရှိရပေသည်။

**ဓမ္မရံသီ နှင့် ဓမ္မရတနာ**
**အယ်ဒီတာချုပ် ဦးလေးမြိုင်**



စာမူခွင့်ပြုချက် - ၁၆၂ / ၂၀၀၁ (၂)

**ရှေးဘဝ နောက်ဘဝ ဗုဒ္ဓ မဝေဖန်**

**ဝင်းသိန်းဦး**

**ထေရဝါဒ ဗုဒ္ဓသာသနာ၏ အဆုံးအမ အစစ်အမှန်ကို**
**သိမြင်နားလည်လိုသူတိုင်းနှင့်**
**ဘာသာရေး သုတေသီတိုင်း လက်စွဲပြုရမည့် စာအုပ်။**

စာအုပ်ဆိုင်တိုင်းတွင် ရနိုင်ပါပြီ။

အတွေးအကြံ ပည့်မှ ကြီးပွားလာခဲ့ကြသူများ
အတွေးအကြံ မရှိသူ
လောကအတွက် ဘာမှ အကျိုးမဖော်ဆောင်နိုင်
အတွေးအကြံ အကောင်အထည် ဖော်နိုင်ခဲ့ကြသော
အတွေးအကြံကြောင့် လောကကြီးတိုးတက်
ထို့ကြောင့် အတွေးအကြံသည်
လူ့လောကကို အကျိုးပြုနိုင်သည်

# အတွေ့အကြုံ နှင့် အတွေးအကြံ